# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၂၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၂၆၇)


# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အီတလီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၅**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H. E. Mr. Pier Giorgio ALIBERTI အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် အီတလီ-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးနေမှုများ၊ မြန်မာနိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာတွင် နည်းပညာအပါအဝင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# မန္တလေးမြို့တွင် အောင်မြေမန္တလာတန်ဖိုးမျှတအိမ်ရာ တိုက်ခန်းပေါင်း ၅၄၀ တည်ဆောက်မည်

**မန္တလေး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ Pilot Project အနေဖြင့် နိုင်ငံတော်၏ မတည်ငွေမပါဘဲ ဘဏ်နှင့် ဝယ်ယူသူ၏ စုဆောင်းငွေဖြင့် အောင်မြေမန္တလာတန်ဖိုးမျှတအိမ်ရာ တိုက်ခန်းပေါင်း ၅၄၀ ကို ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မဲကင်းကုန်းကျေးရွာအနီးတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောကြားသည်။

အဆိုပါတိုက်ခန်းများမှာ တစ်ခန်းလျှင် ၇၄၀ စတုရန်းပေ အကျယ်အဝန်းရှိ လေးခန်းတွဲ ငါးထပ် တိုက်လုံးရေ ၂၇ လုံး စုစုပေါင်း တိုက်ခန်းပေါင်း ၅၄၀ ကို CHID ဘဏ်မှ ရင်းနှီးမြှုပ်နှံငွေ ၇၀ ရာခိုင်နှုန်းနှင့် အဆိုပါဘဏ်တွင် အိမ်ရာဝယ်ယူရန် ငွေစုဆောင်းထားသူများထံမှ ၃၀ ရာခိုင်နှုန်းဖြင့် တည်ဆောက်သွားမည်ဖြစ်ကာ တစ်ခန်းလျှင် ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၁၉၀ ခန့် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက အောင်မြေမန္တလာ တန်ဖိုးမျှတအိမ်ရာတည်ဆောက်ဖို့အတွက် Master Plan တွေနဲ့ အခန်းဒီဇိုင်း ရေးဆွဲပြီးပါပြီ။ တစ်ခန်းကို ဘယ်လောက်ကျမလဲဆိုတဲ့ အနီးစပ်ဆုံး ခန့်မှန်းငွေတန်ဖိုးလည်း တွက်ချက်ပြီးသွားပြီ၊ ဒါပေမယ့် တချို့သော ငွေပမာဏက ပြောင်းလဲမှုရှိနိုင်တယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**မူးယစ်ဆေးဝါးသုံးစွဲနေသူများနှင့် ဆေးစွဲနေသူများအတွက် သိမှတ်ဖွယ်ရာများ** ဆောင်းပါး စာ » ၆

**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေပြဋ္ဌာန်း** ဥပဒေ စာ » ၉

**တူရကီသမ္မတ အာဒိုဂန်နှင့် ၎င်း၏မဟာမိတ်များ ရွေးကောက်ပွဲတွင် အနိုင်ရ** နိုင်ငံတကာ စာ » ၁၄




မြန်မာ့အလင်း

# မောင်တောအရေးနှင့် မပြီးဆုံးသေးသော လုပ်ငန်းစဉ်များ

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) ၏ ဇွန်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ရပ်၌ ICC တရားသူကြီးများက စွပ်စွဲထားသော ပြစ်မှုများနှင့်ပတ်သက်၍ ICC အနေဖြင့် တရားစီရင်ရေးကို ဆောင်ရွက်သင့်ပါသလားဟူသည့် ပြေီလက ပေးပို့ထားသော တောင်းဆိုချက်ကို ဇူလိုင်လ ၂၇ ရက်နေ့ နောက်ဆုံးထား၍ အကြောင်းပြန်ကြားရန် မြန်မာနိုင်ငံအား တောင်းဆိုထားသည်ဟု ဆိုပါသည်။ နေရပ်စွန့်ခွာသူ ခုနစ်သိန်းခန့်ကို အတင်းအဓမ္မမောင်းထုတ်ခဲ့မှုသည် မြန်မာပိုင်နက်တွင် အစပြုသည်ဟု စွပ်စွဲထားမှုကို စဉ်းစားလျှင် ခုံရုံးအနေနှင့် တရားစွဲဆိုသူ၏ တောင်းဆိုချက်နှင့်ပတ်သက်ပြီး ကျွမ်းကျင်ပြည့်စုံသော မြန်မာအာဏာပိုင်များထံမှ စူးစမ်းလေ့လာချက်များရရှိရန် ကြိုးပမ်းခြင်းသည် မှန်ကန်သည်ဟု ယူဆကြောင်းလည်း ဖော်ပြထားသည်။

ထိုဖြစ်စဉ်၏ အစမှာ ပြီးခဲ့သည့်နှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် အာဆာအကြမ်းဖက် အဖွဲ့က အစိုးရကင်းစခန်း ၃၀ ကို တစ်ပြိုင်နက် ဝင်ရောက်စီးနင်းရာမှ အစပြုခဲ့သည်။ ထိုရက်မှာပင် အကြမ်းဖက်အဖွဲ့က ဒေသခံ ဟိန္ဒူဘာသာဝင် ၉၉ ဦးအား အစုအပြုံလိုက် သတ်ဖြတ်ခဲ့သည်။ ထိုဖြစ်စဉ်များအတွက် တပ်မတော်ကနယ်မြေရှင်းလင်းရာမှ ယခုလို နေရပ်စွန့်ခွာ ထွက်ပြေးကြခြင်းဖြစ်ပေသည်။ ဤသို့နယ်မြေစွန့်ခွာထွက်ပြေးခြင်း၏ အဓိကအကြောင်းရင်းမှာ ပြစ်မှုကျူးလွန်ထားသူများက အရေးယူခံရမည်ကို စိုးရွံ့ခြင်းနှင့် အာဆာအဖွဲ့၏ ခြိမ်းခြောက်မှုများက အဓိကဖြစ်သည်။ သို့သော် ဤဖြစ်စဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၃၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက မြန်မာနိုင်ငံနှင့်ပတ်သက်၍ မှားယွင်းစွာ စွပ်စွဲပြောဆိုမှုများရှိခဲ့သည်။ အဆိုပါ မိန့်ခွန်းနှင့် စပ်လျဉ်း၍ ဇွန်လ ၁၉ ရက်နေ့က ဝေဖန်သုံးသပ်ဆွေးနွေးပွဲပြုလုပ်ရာတွင် မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က လူ့အခွင့်အရေး မဟာမင်းကြီးရုံးအပါအဝင် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းအား ရခိုင်ဒေသ၏ အခြေအနေကို ရှုမြင်ရာတွင် ပိုမိုဓမ္မဓိဋ္ဌာန်ကျပြီး ဖြေရှင်းနိုင်မည့် အမြင်ဖြင့်သာ ကြည့်ရှုစေလိုကြောင်း၊ ပြစ်တင်ရှုတ်ချခြင်းသည် အခြေအနေကို ဖြေရှင်းနိုင်ရေးအတွက် ကူညီနိုင်မည်မဟုတ်ဘဲ ရခိုင်ဒေသ၏ လက်ရှိအခြေအနေကို ပိုမိုဆိုးရွားစေနိုင်ကြောင်း၊ ၎င်းမှာ အခြေအနေကို ငြိမ်းချမ်းစွာ၊ ရေရှည်တည်တံ့စွာ ဖြေရှင်းနိုင်မည့်နည်းလမ်းနှင့် များစွာ ဆန့်ကျင်နေကြောင်း ပြောကြားခဲ့သည်ကို တွေ့ရသည်။

ဇွန်လ ၂၀ ရက်နေ့ကပင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ကို လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အသိုက်အဝန်းများကြား ပြန်လည်တည်ဆောက်ရေးသည် အချိန်ယူကြိုးပမ်းရမည် ဖြစ်ကြောင်း၊ အသိုက်အဝန်းများကြား မသင့်မြတ်မှုများမှာ ရှေးယခင်ကပင် တည်ရှိနေခဲ့ပြီး ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင်ယိုယွင်းလာခဲ့ကာ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်နောက်ပိုင်းများတွင် ဖြစ်ပွားခဲ့သော အာဆာ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွန်စွာဆိုးရွားသည့် အခြေအနေသို့ရောက်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်၌ တရားဥပဒေ စိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ပမှ အမုန်းပွားစေသော သဘောထားအမြင်များက အသိုင်းအဝိုင်းနှစ်ခုအကြား ပိုမိုကွဲပြားမှုများ ဖြစ်စေလျက်ရှိကြောင်း၊ ထို့ကြောင့် ပြဿနာအား ရှေ့ဆက်လက်၍ မည်သို့ရှင်းလင်းမည်ကို အလေးပေး ဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ တစ်ပတ်ခန့်ကြာမြင့်သော ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နှစ်ကြိမ်တွေ့ဆုံမှုအပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ရခိုင်ပြည်နယ်အစိုးရ၊ ရခိုင်အမျိုးသား ပါတီတို့နှင့်လည်းတွေ့ဆုံခဲ့ပြီး အာဆာအဖွဲ့၏ သတ်ဖြတ်ခံခဲ့ရသော ဟိန္ဒူမိသားစုဝင်များနှင့်လည်း တွေ့ဆုံခဲ့ရာ အခြေအနေမှန်ကို သဘောပေါက်မည်ဟု ယူဆရပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အရေး ဆောင်ရွက်မှုအတွက် UNDP ၊ UNHCR စသော ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု သဝဏ်လွှာများ ရေးထိုးခဲ့သည်လည်း ရှိသည့်အပြင် မြန်မာနိုင်ငံအစိုးရမှ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် ကြေညာခဲ့ပြီးလည်း ဖြစ်ပါသည်။

မောင်တောဒေသမှ နေရပ်စွန့်ခွာသူများအရေးသည် နိုင်ငံတကာသို့ ရောက်ရှိပျံ့နှံ့သွားသော အရေးဖြစ်ရာ နိုင်ငံတကာမှ လက်ခံနိုင်သော အနေအထား တစ်ရပ်သို့ ရောက်အောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အဆိုပါ ကော်မရှင်၏ စုံစမ်းမှုဖြင့် အလွန်အကျွံ ဖောင်းပွနေသော နေရပ်စွန့်ခွာ ထွက်ပြေးသူအရေအတွက်များကအစ အိမ်နီးချင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မရိုးသားမှုများအထိ ဖော်ထုတ်နိုင်မည်ဟု ယူဆရပါသည်။ မြန်မာနိုင်ငံအစိုးရ၏ စေတနာမှန်နှင့် ဆောင်ရွက်ချက်များကို တင်ပြနိုင်ပြီး လိမ်လည်မှုများနှင့် သတင်းအတုအယောင်များကိုပါ တွေ့ရှိတင်ပြနိုင်မည်ဟု ယူဆပါကြောင်း တင်ပြရပါသည်။ ။

# ကလေးမြို့၌ ကလေးစာပေပွဲတော်ကို ကဏ္ဍစုံလင်စွာဖြင့် ကျင်းပမည်

**ကလေး ဇွန် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန နှင့် ခရိုင်စီမံခန့်ခွဲမှု ကော်မတီတို့ ပူးပေါင်း ကျင်းပမည့် ကလေးစာပေပွဲတော် (ကလေးမြို့)ကို ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့တွင် နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းအတွင်း၌ ကဏ္ဍစုံလင်စွာဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




ကလေးစာပေပွဲတော်တွင် အခြေခံပညာကျောင်းများမှ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပ၍ ဆုများချီးမြှင့်ခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှကြီးမှူး၍ ပျော်ရွှင်ဖွယ်ရာဂိမ်းကစားနည်းများ ကျင်းပကာ ဆုလက်ဆောင်များ ပေးအပ်ခြင်း၊ ဒေသခံစာရေးဆရာများ၏ စာပေဟောပြောခြင်း၊ ကဗျာများရွတ်ဆိုခြင်း၊ တေးဂီတများဖြင့်ဖျော်ဖြေခြင်း၊ နေသာစာကြည့်တိုက်၊ အေးငြိမ်းဦးစာကြည့်တိုက်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တို့မှကလေးစာဖတ်ခန်းများ၊ ကလေးစာပေပြခန်းများ ခင်းကျင်းပြသဆောင်ရွက်ပေးခြင်း၊ ကလေးပန်းချီဆွဲခန်းမနှင့် ပန်းချီ၊ ပန်းပု အနုပညာပြခန်းများ ခင်းကျင်းပြသခြင်း၊ စာအုပ်အရောင်းဆိုင်များဖွင့်လှစ်ပြသရောင်းချပေးခြင်းတို့ဖြင့် ကဏ္ဍစုံလင်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လာရောက်ပါဝင်ဆင်နွှဲမည့် ကျောင်းသားကျောင်းသူများနှင့် ဧည့်ပရိသတ်များကိုလည်း ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က မြန်မာ့ရိုးရာ မုန့်မျိုးစုံတို့ဖြင့် စတုဒိသာကျွေးမွေးဧည့်ခံခြင်း၊ မာမားခေါက်ဆွဲမှ အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကလေးစာပေပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီထံမှ သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာ ဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့်အလေ့အထကောင်းများ ရရှိလာစေရန်၊ ပညာဗဟုသုတရော လူရည်လူသွေးပါပြည့်ဝ၍ အနာဂတ်တွင် မိမိတိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန်ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒေသအတွင်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ခရိုင်အဆင့် ကလေးစာပေပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# မိတ္ထီလာတက္ကသိုလ်၌ ဂျပန်နိုင်ငံ ဂျီဖုတက္ကသိုလ်မှ လက်တွေ့သင်ကြားမှုအရည်အသွေးတိုးတက်ရေး လာရောက်ပို့ချ

**မိတ္ထီလာ ဇွန် ၂၅**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဂျပန်နိုင်ငံအစိုးရ၏ 2017-EDU-Port Supported Project အထောက်အပံ့အစီအစဉ်ဖြင့် မိတ္ထီလာတက္ကသိုလ်တွင် ရူပဗေဒဘာသာရပ်ဆိုင်ရာလက်တွေ့သင်ကြားမှုအရည်အသွေး တိုးတက်ရေးအတွက် ဂျပန်နိုင်ငံ ဂျီဖုတက္ကသိုလ်မှ အကြီးတန်းပါမောက္ခ ဒေါက်တာ ကာဇုမ နာကာဇာဝါက မိတ္ထီလာတက္ကသိုလ် ရူပဗေဒဌာန လက်တွေ့ခန်း၌ ဇွန် ၂၅ ရက်က သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



"ရူပဗေဒ ဘာသာရပ်ဆိုင်ရာ လက်တွေ့သင်ကြားမှု အရည်အသွေး တိုးတက်စေဖို့အတွက် အခုလိုသင်ခန်းစာတွေ လာရောက်ပို့ချတာ ဖြစ်ပါတယ်၊ မိတ္ထီလာတက္ကသိုလ်မှာရှိတဲ့ ရူပဗေဒဌာနက ဆရာဆရာမတွေ၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူတွေကို ရူပဗေဒဘာသာရပ်ဆိုင်ရာ လက်တွေ့သင်ကြားမှု အရည်အသွေး တိုးတက်မြင့်မားစေဖို့အတွက် လာရောက်ဆွေးနွေးပို့ချပေးတာ ဖြစ်ပါတယ်"ဟု မိတ္ထီလာတက္ကသိုလ် ရူပဗေဒဌာနမှ ပါမောက္ခဒေါက်တာ ကျော်ကျော်ဝင်းက ပြောသည်။

ဂျပန်နိုင်ငံရှိ ဂျီဖုတက္ကသိုလ်နှင့် မိတ္ထီလာတက္ကသိုလ်မှ ဆရာကျောင်းသားဖလှယ်ပညာသင်ကြားရေးအစီအစဉ်များ ပါဝင်သည့် နားလည်မှုစာချွန်လွှာကို ၂၀၁၅ ခုနှစ်အတွင်းက လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ ရူပဗေဒဘာသာရပ်ဆိုင်ရာ လက်တွေ့ပို့ချမှုအရည်အသွေး တိုးတက်ရေးသင်ကြားပို့ချခြင်းကို ဇွန် ၂၅ ရက်မှ ၂၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်

**တပ်ကုန်း ဇွန် ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က ပြိုင်ပွဲသတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံတို့မှ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့အပြင် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



**မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရေတာရှည် အ.ထ.က၊ ရွှေကြက်ယက် အ.ထ.ကခွဲ၊ အမှတ်(၄)ရပ်ကွက် အ.လ.ကခွဲ၊ အောင်ချမ်းသာအ.ထ.ကခွဲတို့မှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြစဉ်။**

ကိုလွင်(ဆွာ)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်( ပုံစံ-၇ ) ပေးအပ်ပွဲကျင်းပ

**ဆင်ပေါင်ဝဲ ဇွန် ၂၅-** မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိတောင်သူများ အမြဲလုပ်ကိုင်ဆောင်ရွက်နေသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်( ပုံစံ-၇ )ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးဥက္ကဋ္ဌ ဦးခိုင်မင်းကိုက အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး ဦးမြတ်သိန်းဇော်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ( ပုံစံ-၇ ) ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက်တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ( ပုံစံ- ၇ ) များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန် /ဆက်)**

# တရားမ အထူးအယူခံမှု (၅) မှု စီရင်ချက်ချ၊ (၆) မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၂၅**
ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၅) မှုကို စီရင်ချက်ချမှတ်၍ တရားမအထူးအယူခံမှု (၆) မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (၁) ဦးမြင့်စိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၂) ဦးမြတ်သူ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၅**
နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ် အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသရှိ နေရပ်စွန့်ခွာ စစ်ပွဲရှောင်များအား လိုအပ်သော အထောက်အပံ့ပေးဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာများအား ပြန်လည်လက်ခံရေး ဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသများအား ငါးနှစ်တာ စီမံကိန်းဖြင့် အမေရိကန်ဒေါ်လာသန်း ၅၀ ကျော်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ထောက်ပံ့ကူညီဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အလှူငွေလက်ခံ



**နေပြည်တော် ဇွန် ၂၅**
ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ရိုက်ကူး၊ ထုတ်လုပ်၊ ပြသရေးအတွက် အလှူရှင်များက အလှူငွေများကို ယနေ့ ပေးအပ်လှူဒါန်းရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူသည်။ **(အပေါ်ပုံ)**

အောင်ဆန်းရုပ်ရှင်ရိုက်ကူး၊ ထုတ်လုပ်၊ ပြသရေးအတွက် အလှူရှင်များဖြစ်ကြသော ဒေါ်လှကြည် (ခ) ဒေါ်ရီရီမြင့်၊ ကြယ်စင်နန်းတော် စိန်ရွှေရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရန်ကုန်မြို့မှ ငွေကျပ် ၅၀၀၀၀၀၀ (ကျပ်ငါးဆယ်သိန်းတိတိ)၊ ဆရာ ဦးလှထွန်း+သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဝေ၊ (သား)မောင်မင်းလှိုင်ဖြိုး၊ ရှမ်းပျံမယ် ဆေးတိုက်မိသားစုလုပ်ငန်းမှ ငွေကျပ် ၅၀၀၀၀၀၀ (ကျပ်ငါးဆယ်သိန်းတိတိ) နှင့် ဦးသိန်းဇော်+ဒေါ်သင်းသင်းလင်း၊ သိန်းသန်းရတနာဆိုင်၊ မန္တလေးမြို့မှ ငွေကျပ် ၂၅၀၀၀၀၀ (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ) အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ရှိ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ ယနေ့ပေးအပ်လှူဒါန်းသည်။ အဆိုပါအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူး၊ ထုတ်လုပ်၊ ပြသနိုင်ရေးအတွက် လှူဒါန်းရရှိငွေအနေဖြင့် ယခင်အောင်ဆန်းရုပ်ရှင် ဖြစ်မြောက်ရေးအဖွဲ့မှ လွှဲပြောင်းငွေကျပ် ၈၄၇၂ သိန်း၊ ပထမအကြိမ် လှူဒါန်းရရှိငွေကျပ် သိန်း ၂၇၆၀၊ ဒုတိယအကြိမ် လှူဒါန်းရရှိငွေကျပ် သိန်း ၁၁၄၀ နှင့် ယခု လှူဒါန်းရရှိငွေကျပ် ၁၂၅ သိန်း ဖြစ်ပြီး စုစုပေါင်း လှူဒါန်းရရှိငွေကျပ်မှာ ၁၂၄၉၇ သိန်း ရရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်

**နေပြည်တော် ဇွန် ၂၅**
ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်သင်တန်းတွင် တက်ရောက်ခဲ့ပြီး ထူးချွန်ဆုရရှိသူ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တက်ရောက်ပြီး ဆုများပေးအပ်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်သွင်သွင်အေးမိုက ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦးအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်လင်းက ငါးဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် ဒုတိယဝန်ကြီး၏ဇနီးက ငါးဘာသာဂုဏ်ထူးရှင် ငါးဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က လေးဘာသာဂုဏ်ထူးရှင် ၁၀ ဦးနှင့် အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက လေးဘာသာ၊ သုံးဘာသာ ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းထူးချွန်ဆုပေးပွဲနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ သင်တန်းအမှတ်စဉ် (၄) တွင် သင်တန်းသား ပထမဆုရရှိသူ အဆောက်အဦဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်ဇော်မြင့်အား လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁) တွင် သင်တန်းသား ပထမဆုရရှိသူ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကောင်းချိုအား လည်းကောင်း၊ စံပြသင်တန်းဆုရရှိသူ အငယ်တန်းအင်ဂျင်နီယာ (၁) (မြို့ပြ) ဒေါ်ဆုဝတ်ရည်မွန်အား လည်းကောင်း ၊ ရုံးချုပ် တိုင်းဒေသကြီး/ပြည်နယ်တို့မှ နှစ်ဘာသာ၊ တစ်ဘာသာ၊ ရိုးရိုးအောင်မြင်သူများနှင့် ပညာသင်ထောက်ပံ့ကြေးတို့အား ကိုယ်စားရယူသူ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးများထံ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မဖူးပွင့်ငွေစင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်

**ရန်ကုန် ဇွန် ၂၅**
ရန်ကုန်တိုင်းဒေသကြီး တရားရေးဌာနဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက အမှာစကားပြောကြားပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးများနှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော ဝန်ထမ်းသားသမီးများဖြစ်သည့် မူလတန်းအဆင့် ၉၂ ဦး၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ၁၅ ဦး၊ တက္ကသိုလ်/ကောလိပ်အဆင့် ၁၅ ဦး၊ စုစုပေါင်း ၁၂၂ ဦးတို့အတွက် စာအုပ်၊ စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေးငွေများကို တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က ပေးအပ်ချီးမြှင့်ကြသည်။

**မြန်မာ့အလင်း**

❒ *ရှေ့ဖုံးမှ*

အခုစီစဉ်ထားတာက CHID ဘဏ်ကို ရင်းနှီးမြှုပ်နှံမှု စိုက်ထုတ်ခိုင်းမယ်။ ကန်ထရိုက်ကိုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားတဲ့အတိုင်း ရွေးချယ်မယ်။ တည်ဆောက်ဖို့အတွက် ကျွန်တော်တို့ဌာနအနေနဲ့ စီစဉ်ပြီးဖြစ်ပေမယ့် ဝန်ကြီးချုပ်နဲ့ ကျွန်တော်တို့ဝန်ကြီးကို တင်ပြရဦးမယ်။ သူတို့ရဲ့ညွှန်ကြားချက်အရ ဒီထက်ကောင်းတဲ့ အနေအထားရှိရင်လည်း ပြောင်းလဲမှု ရှိနိုင်ပါတယ်။ အခုဆောင်ရွက်တဲ့ Pilot Project အိမ်ရာ စီမံကိန်းအောင်မြင်သွားရင် ထပ်မံပြီး အိမ်ရာတွေကိုတည်ဆောက်ပေးသွားမှာပါ” ဟု ၎င်းက ပြောသည်။

ယခုတည်ဆောက်မည့် အောင်မြေမန္တလာ တန်ဖိုးမျှတအိမ်ရာတွင် ကားပါကင်များ၊ ကွန်ကရစ်လမ်းများ ပါဝင်မည်ဖြစ်ပြီး CHID ဘဏ်တွင် အိမ်ရာဝယ်ယူရန် ငွေစုဆောင်းထားသူများကို အဓိကဦးစားပေး ရောင်းချပေးသွားမည်ဖြစ်ကာ လက်ရှိတွင် အဆိုပါဘဏ်၌ အိမ်ရာဝယ်ယူရန် ငွေစုဆောင်းထားသူ ၁၇၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီးတွင် ယခုတည်ဆောက်မည့် အောင်မြေမန္တလာ တန်ဖိုးမျှတအိမ်ရာအနီးတွင် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်နေသည့် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာ တိုက်ခန်း ၂၆၀ မှာ လက်ရှိအချိန်၌ တည်ဆောက်ပြီးစီးနေပြီဖြစ်သောကြောင့် မကြာမီနေရာချထားပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇွန် ၂၅**

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့ နံနက်ပိုင်းတွင် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan က ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးရှေ့တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့အတူ နံနက်ပိုင်းကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များနှင့်အတူ ဗန်ကောက်မြို့ Tample of Dawn &Sd Wat Arun ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ကျောင်းထိုင်ဆရာတော် BOON RUNG အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုန်းတော်ကြီးကျောင်း အတွင်းရှိ စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။ သတင်းစဉ်

# နိုင်ငံသူ နိုင်ငံသား အားလုံးသည် အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် မိမိတို့ ဆောင်ရွက်လိုသည့်၊ ဆောင်ရွက်နိုင်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများတွင် စွမ်းနိုင်သမျှ ပူးပေါင်းဆောင်ရွက်

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှ ပေးပို့သည့် သဝဏ်လွှာ**

**(၂၀၁၈ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)**

**ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အခမ်းအနားများ ကျင်းပနေကြမည်ဖြစ်ပါသည်။**

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၈၇ ခုနှစ်မှစပြီး ဇွန်လ ၂၆ ရက်နေ့ကို ကမ္ဘာ့မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီးချိန်မှစ၍ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ယနေ့တွင် (၃၁)ကြိမ်အဖြစ် အခမ်းအနားများ ကျင်းပနေမည်ဟု ယုံကြည်ပါသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားပြီး ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆင်နွှဲနိုင်ရန်အတွက် ၁၉၉၈ ခုနှစ်မှစ၍ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခေတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ဆောင်ပုဒ် အလွတ်တန်းပြိုင်ပွဲများနှင့် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ကျင်းပခဲ့ပါသည်။ အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်း နှစ်စဉ်ကျင်းပသည့် အခမ်းအနားများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဆုများချီးမြှင့်ခဲ့ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဖွဲ့စည်းပေးထားသည့် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ယခုနှစ် (၂၁)ကြိမ်မြောက် ကျင်းပသည့် ပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ယှဉ်ပြိုင်ကြသည့်ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူ ၃၅၀၀ ခန့်မှ ဆုရရှိသူ ၁၀၇ ဦးအား ယနေ့တွင် ဆုချီးမြှင့်နေကြမည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာတစ်ဝန်းလုံးမှ ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံအစိုးရများ၏ နောက်ခံသမိုင်းကြောင်း ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်ပိုင်ဆိုင်မှု၊ တည်နေရာနှင့် ပထဝီမြေ အနေအထားတို့အပေါ်တွင် အခြေခံပြီး ချဉ်းကပ်မှုပုံစံအမျိုးမျိုးနှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် မူးယစ်ဆေးဝါးပြဿနာသည် ပိုမိုရှုပ်ထွေးကြီးမားလာပြီး ဆေးဝါးသစ်များ ပေါ်ထွက်လာမှုအပါအဝင် ပြည်သူလူထု၏ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံစီးပွားရေးတို့ကို အမျိုးမျိုးပျက်သုဉ်းစေသည့်နည်းတူ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အကြမ်းဖက်မှုခင်းများ၏ အကျိုးဆက်ရလဒ်ဖြစ်သည့် နယ်မြေတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကိုပါ လိုက်စားလာကြောင်း တွေ့ရှိရပါသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာတွင် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အရွယ်မတိုင်မီ သေဆုံးသူပေါင်း ၁၉၀၀၀၀ ကျော်ရှိပြီး မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် HIV၊ အသည်းရောင်အသားဝါရောဂါ၊ TB ရောဂါကူးစက်မှု မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ မူးယစ်ဆေးဝါးပြဿနာကို ရင်ဆိုင်နေရသည့်အပြင် ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့် ဒေသများတွင် ဘိန်းစိုက်ပျိုးမှုပြဿနာ၊ ဘိန်းဖြူနှင့် စိတ်ကြွဆေးဝါး ထုတ်လုပ်မှုပြဿနာ၊ သုံးစွဲမှုပြဿနာများကိုလည်း ရင်ဆိုင်နေရပါသည်။

မူးယစ်ဆေးဝါးပြဿနာများကို ခေတ်အဆက်ဆက်သော နိုင်ငံတော်အစိုးရများက ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း ၃ ခုကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းများနှင့်အညီ ဥပဒေများ ပြဋ္ဌာန်းခြင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် စီမံကိန်းများရေးဆွဲ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

နိုင်ငံတော်အစိုးရသည် ဘိန်းစိုက်ပျိုးသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်အောက်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ဘိန်းစိုက်ပျိုးရာဒေသများတွင် လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး၊ ရေနှင့် စွမ်းအင်ရရှိရေး၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးခြင်းနှင့် သာသနာရေးအဆောက်အအုံများ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အတူ ဒေသနှင့်ကိုက်ညီသည့် တစ်နိုင်သားငါးမွေးမြူရေးဆိုင်ရာ လုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိပြီး အစားထိုးသီးနှံများ စိုက်ပျိုးနိုင်စေရန် လိုအပ်သည့် ပံ့ပိုးမှုများကို ဒေသခံ တောင်သူများအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးစွဲသူများအတွက် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် မူးယစ်ဆေးစွဲ ကုသရေးဌာနကြီး ၂၆ ခုနှင့် ဌာနငယ် ၄၇ ခုတို့ကို ဖွင့်လှစ်၍ မူးယစ်ဆေးဝါးဆိုင်ရာ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ကုသရေးနည်းလမ်းတစ်ခုဖြစ်သည့် မက်သာဒုန်း အစားထိုးတိုက်ကျွေးမှုအစီအစဉ်အရ မက်သာဒုန်း တိုက်ကျွေးသည့်ဌာန ၅၁ ခု ကိုလည်း မူးယစ်ဆေးဝါးသုံးစွဲမှုများသည့် မြို့နယ်များတွင် ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

ဆေးစွဲလူနာများအတွက် တစ်နေရာတည်းတွင် ကုသရေးဝန်ဆောင်မှု အားလုံး ရရှိစေရန် ပြည်သူလူထုအခြေပြု One Stop Service လုပ်ငန်းများနှင့် ပြည်သူလူထု ဆေးကုသရေးဝန်ဆောင်မှုပေးခြင်း အစီအစဉ်များကိုပါ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်နည်းတူ မူးယစ်ဆေးဝါး အကြောတွင်း ထိုးသွင်းခြင်းကြောင့် ကူးစက်တတ်သော HIV၊ အသည်းရောင်အသားဝါရောဂါပိုး (ဘီ၊ စီ) နှင့် သွေးမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ အန္တရာယ်လျှော့ချရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးစွဲကုသပြီးသူများကို ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ သင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ရေး လုပ်ငန်းများအပြင် ပြန်လည်ထူထောင်ပြီးသူများ လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ရောက်ရှိပြီး ဆေးဝါးပြန်လည်မသုံးစွဲစေရန်အတွက် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်းများ ဖွဲ့စည်းပြီး နောက်ဆက်တွဲစောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေရန် ကြိုတင်အသိပညာပေးခြင်းသည် ထိရောက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်တာနှင့်အညီ ကျောင်းသားလူငယ်များနှင့် ပြည်သူများကို အသိပညာပေးရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနက ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါး အန္တရာယ်အသိပညာများ တိုက်ရိုက်ရောက်ရှိစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်ထိရောက်သည့်အတွက် ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို ဘဝတူအသိပညာဖလှယ်မှုအစီအစဉ်များ၊ လူငယ်များကို ကိုယ်စားပြုသည့် အသိပညာပေးမှု အစီအစဉ်များ၊ အားနည်းသူ ပစ်မှတ်အုပ်စုများအတွက် ရည်ရွယ်သည့် ပညာပေးမှုအစီအစဉ်များကို သတင်းမီဒီယာ၊ လူမှုကွန်ရက်နှင့် face to face ပညာပေးခြင်းစသည့် ပညာပေးလမ်းကြောင်းများမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ရန်နှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများအတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်မည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါးအန္တရာယ် လျော့နည်းပပျောက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ၏ ဦးဆောင်မှုကဏ္ဍသည် အမှန်တကယ်အရေးပါသည့် လုပ်ငန်း လိုအပ်ချက်ဖြစ်ပြီး ဒေသဆိုင်ရာအစိုးရများက ဦးဆောင်သူနေရာမှနေပြီး ပြည်သူလူထုအပါအဝင် အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏အားကို စည်းရုံးရယူအသုံးပြု၍ ဟန်ချက်ညီ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

မူးယစ်ဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂ အထူးညီလာခံ UNGASS အစည်းအဝေး၏ လုပ်ငန်းအကြံပြုချက်များကို ခြေခံသည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တွင် ဘိန်းစိုက်ပျိုးမှုလျှော့ချရေးနှင့် မူးယစ်ဆေးဝါးများ ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှု လျှော့ချရေးအတွက် ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးအတွက် သုံးစွဲမှုနှင့် နောက်ဆက်တွဲအန္တရာယ် လျှော့ချရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေးနှင့် လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရေး စသည့်ကဏ္ဍပေါင်းစုံပါဝင်စေပြီး မူးယစ်ဆေးဝါးပြဿနာ လျှော့ချစေခြင်းဖြင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထိုနည်းတူ မူဝါဒကို အထောက်အကူဖြစ်စေသည့် ၁၉၉၃ ခုနှစ် မူးယစ်ဥပဒေကိုလည်း ပြန်လည်သုံးသပ်ခဲ့ပြီး ပြင်ဆင်သည့်ဥပဒေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံသူနိုင်ငံသားအားလုံးသည် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် မိမိတို့ ဆောင်ရွက်လိုသည့်၊ ဆောင်ရွက်နိုင်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများတွင် စွမ်းနိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "Listen FIRST" ဆိုသည့်အတိုင်း မိသားစုတိုင်းသည် လူငယ်များ၏ ပြောကြားမှုကို ဦးစွာနားထောင်ပြီး ၎င်းတို့၏ အနာဂတ်ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## စစ်ကိုင်းမြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသောဘိတ အရှင်သူမြတ် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးဆု ရရှိ



**စစ်ကိုင်း ဇွန် ၂၅**

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ IBEC အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ပညာရေး စင်တာ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသောဘိတသည် ကုလသမဂ္ဂက ချီးမြှင့်သည့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးဆု ရရှိကြောင်း သိရသည်။

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ယခုနှစ် ဇွန် ၂၉ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံတွင် IBEC အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ (မြန်မာ) IBEC-Netherlands သာသနာပြု ကျောင်း ဦးဆောင်တည်ထောင်သူဖြစ်သော ဆရာတော် ဘဒ္ဒန္တသောဘိတအား ပြည်တွင်း ပြည်ပငြိမ်းချမ်းရေး၊ ပညာရေးနှင့် လူသားအကျိုးပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်များကို အသိအမှတ်ပြုသောအားဖြင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးအဖွဲ့များနှင့် ဆွီဒင်နိုင်ငံရှိ ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့များမှ စီစဉ်၍ ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးဆုကို ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့ IBEC အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ၏ ပဓာန နာယက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသောဘိတသည် ၂၀၁၅ ခုနှစ် အတွင်းက ကိုရီးယားနိုင်ငံအခြေစိုက် ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ကြီး၏ ငြိမ်းချမ်းရေး သံတမန်အဖြစ် ခန့်အပ်ခြင်းခံရသည်။

ဘဒ္ဒန္တသောဘိတ အရှင်သူမြတ်သည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးတွင် IBEC အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာကို တည်ထောင်ခဲ့ပြီး အဆိုပါ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ၌ ပရိယတ္တိပညာရေးကဏ္ဍ၊ ဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်း၊ လူငယ်များအတွက် အင်္ဂလိပ်စာနှင့် Human Resource Management မြှင့်တင်ရေးလုပ်ငန်း မြောက်မြားစွာကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကျွန်းလှမြို့တွင် သီတဂူ ဗုဒ္ဓတက္ကသိုလ်ကို တည်ထောင်ပြီး Community in Buddhism သင်တန်းများဖွင့်လှစ်ကာ သင်ကြားပို့ချနေသည့်အပြင် နိုင်ငံတကာသာသနာပြု လုပ်ငန်းများ၊ ပညာရေးအစီအစဉ်များကိုလည်း နယ်သာလန်နိုင်ငံတွင် IBEC သာသနာပြုကျောင်းဖွင့်လှစ်ပြီး ဆောင်ရွက်နေကြောင်း စစ်ကိုင်းမြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ပညာရေးစင်တာကျောင်းမှ သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## ပြည်မြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပြည် ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက ပြည်မြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့အကျိုးပြုဆောင်ရွက်ရာတွင် ဗိုလ်မှူးကြီး ကျော်ကျော်နိုင် ဦးဆောင်သော အရာရှိ အရာခံ အကြပ်စစ်သည် ၅၇ ဦး၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး မြင့်အေးနှင့် ရဲတပ်ဖွဲ့ဝင် ၄၃ ဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်မေသွင်နှင့် ဝန်ထမ်းများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးနှင့် ဌာနဆိုင်ရာများ၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စုစုပေါင်း ၂၁၈ဦး ပူးပေါင်းအဖွဲ့သည် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေဆိုးထုတ် မြောင်းများ သန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်

၂၅-၆-၂၀၁၈

စစ်တွေမြို့တွင် ၅ ဒသမ ၃၉ လက်မ၊ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၇၇ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၁၃ လက်မ ၊ ခန္တီးမြို့တွင် ၄ ဒသမ ၀၉ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၉၈ လက်မ၊ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၈၃ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ တောင်ကုတ်မြို့နှင့် ရန်ကုန် (ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်) တို့တွင် ၁ ဒသမ ၉၇ လက်မစီနှင့် ရှမ်းရွာသစ်တွင် ၁ ဒသမ ၉၅ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## မြန်မာ-အိန္ဒိယ စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် ပါရဂူဘွဲ့သင်တန်းများ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် ဇွန် ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် အိန္ဒိယ စိုက်ပျိုးရေးသုတေသန တက္ကသိုလ် (IARI) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေး ဗဟိုဌာန စီမံကိန်းမှ ဌာနေကိုယ်စားလှယ် DR. S.L. Mehta နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ **(ယာပုံ)** မြန်မာ-အိန္ဒိယ နှစ်နိုင်ငံတို့အကြား စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် ပါရဂူဘွဲ့သင်တန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

ဆွေးနွေးစဉ် အိန္ဒိယစိုက်ပျိုးရေး သုတေသနတက္ကသိုလ် (IARI) တွင် မဟာသိပ္ပံနှင့် ပါရဂူဘွဲ့သင်တန်းနှင့် သုတေသနဆိုင်ရာ အစီအစဉ်များသို့ ပညာတော်သင် စေလွှတ်ပေးရေးနှင့် ပညာသင်ခွင့်ဆိုင်ရာ ဖြေလျှော့ပေးနိုင်မည့် နည်းလမ်းများ၊ စိုက်ပျိုးရေး တက္ကသိုလ်တွင် Farm Science Centre တည်ထောင်ဆောင်ရွက်နိုင်ရေးနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် အိန္ဒိယစိုက်ပျိုးရေး သုတေသနတက္ကသိုလ် (IARI) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေး စီမံကိန်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး NCDs ဆွေးနွေးပွဲ တက်ရောက်အမှာစကားပြော




**နေပြည်တော် ဇွန် ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် International Union Against Tuberculosis and Lung Disease (The Union) အဖွဲ့နှင့် ပူးပေါင်း၍ Myanmar National Conference on Tobacco Control and Prevention of Non-Communicable Diseases (NCDs), "Uniting for Saving Lives and Saving Money" ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပမည့် ဆွေးနွေးပွဲသည် ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေး ပိုမိုထိရောက်စွာဆောင်ရွက်ရန်နှင့် မကူးစက်တတ်သော ရောဂါများ ကာကွယ်ရေးအတွက် အတွေ့အကြုံများကို ပွင့်ပွင့်လင်းလင်းမျှဝေမည့် အလွန်အရေးကြီး သော ဆွေးနွေးပွဲတစ်ခုဖြစ်ပါကြောင်း။

မိမိနိုင်ငံအတွင်းက နီးနွယ်ဝန်ကြီးဌာနများ၊ လွှတ်တော်ကျန်းမာရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌများ၊ လူမှုရေးဝန်ကြီးများ၊ လူမှုရေးအဖွဲ့အစည်းများအပြင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံ International Union Against Tuberculosis and Lung Disease (The Union) အဖွဲ့တို့မှ ပညာရှင်များက အတွေ့အကြုံများ မျှဝေဆွေးနွေးကြမည်ဖြစ်ကြောင်း။

မကူးစက်တတ်သော နာတာရှည်ရောဂါများ ကာကွယ်ခြင်းနှင့် ဆေးလိပ် ထိန်းချုပ်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်၍ လုံးဝမရပါကြောင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ အထူးသဖြင့် ပညာရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြေပြင်၌ ဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ အားလုံး၏ စုပေါင်း စွမ်းအားနှင့် စနစ်ကျစွာ ပူးပေါင်းရမည်ဆိုသည်ကို ယခုဆွေးနွေးပွဲ၌ ဆွေးနွေးကြမည် ဖြစ်၍ အလွန်ကောင်းမွန်ကြောင်း။

ဆေးလိပ်သောက်ခြင်းဖြင့် ဖြစ်တတ်သော နာတာရှည်ရောဂါများဖြစ်ပါက ကာယကံရှင်လူနာနှင့် မိသားစုတွင် စိတ်ဆင်းရဲ၊ ငွေကုန်ကြေးကျများသကဲ့သို့ နိုင်ငံတော်အစိုးရသည်လည်း ဘဏ္ဍာငွေများ ကုန်ကျပါကြောင်း၊ အဆိုပါ ရောဂါများ အတွက် ပြည်သူ့ဆေးရုံများတွင် အတတ်နိုင်ဆုံး အခမဲ့ကုသပေးလျက်ရှိပါကြောင်း၊ ယခုအချိန်တွင် ဤကိစ္စကို အထူးအလေးပြု ဦးစားပေး၍ ကြိုးစားမဆောင်ရွက်ပါက နောင် ၁၀ နှစ်၊ ၁၅ နှစ်တွင် နိုင်ငံအတွင်း ကျန်းမာရေးအသုံးစရိတ်များ လွန်စွာကြီးမြင့်လာပြီး နိုင်ငံ၏စီးပွားရေး ထိခိုက်နိုင်မည်ဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံတွင် နောက်ဆုံးဆောင်ရွက်ခဲ့သော သုတေသနစစ်တမ်းအရလည်း ဆေးလိပ်သောက်သုံးမှုသည် အမျိုးသားများ၏ ၄၄ ရာခိုင်နှုန်း၊ ကွမ်းစားသုံးမှုသည် အမျိုးသားများ ၏ ၆၂ ရာခိုင်နှုန်းဖြစ်နေသဖြင့် အလွန်ထိတ်လန့်ဖွယ် အန္တရာယ်ရှိနေပါကြောင်း၊ ကျောင်းများတွင် ပြုလုပ်သော စစ်တမ်းများအရ ငယ်ရွယ်သောကျောင်းသား (၁၃ နှစ်မှ ၁၆ နှစ်အတွင်း) များအကြားတွင် ဆေးလိပ်သောက်မှု၊ ကွမ်းစားမှု ၁၃ ဒသမ ၆ ရာခိုင်နှုန်း တွေ့ရှိရပြီး ယောကျ်ားလေးများတွင် ၂၆ ရာခိုင်နှုန်း၊ မိန်းကလေး များတွင် ၄ ရာခိုင်နှုန်း တွေ့ရှိရသဖြင့် အလွန့်အလွန်စိုးရိမ်ဖွယ်ရာ ဖြစ်ပါကြောင်း၊ ယခုအခါ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံများတွင် ဆေးလိပ် ကင်းစင်ရေး လှုပ်ရှားမှုများလည်း ဆောင်ရွက်နေပါကြောင်း၊ (WHO Framework Convention on Tobacco Control) (FCTC) ကို မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂ နိုင်ငံက ၂၀၀၃ ခုနှစ်တွင် အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံသည် FCTC ကို အတည်ပြုပြီး စတင်၍ အကောင်အထည်ဖော် ဆောင်ရွက် (ratify) သည့် နိုင်ငံများအနက် ၁၁ နိုင်ငံမြောက် ဖြစ်ခဲ့ပါကြောင်း။

ယခုအစည်းအဝေးမှ ထွက်ပေါ်လာမည့် ဆုံးဖြတ်ချက်များသည် လက်တွေ့ကျ၍ အမှန်တကယ်လုပ်ဆောင်နိုင်ပြီး မိမိနိုင်ငံနှင့်ကိုက်ညီသည့် အကြံပြုချက်များဖြစ်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (မြန်မာ)ရုံး ဌာနေကိုယ်စားလှယ် Dr. Stephen Paul Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်ထိန်းချုပ်ရေးနှင့် မကူးစက်တတ်သောရောဂါများ ကာကွယ်ရေး ဆောင်ရွက်ချက်များကို လည်းကောင်း၊ The Union အဖွဲ့ မြန်မာနိုင်ငံရုံး၏ ညွှန်ကြားရေးမှူး Mr. Nick Southern က The Union အဖွဲ့ မြန်မာနိုင်ငံတွင် ဆေးလိပ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လည်းကောင်း၊ The Union Asia Pacific / Singapore ၏ Deputy Regional Director Dr. Tara Singh Bam က ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းများနှင့် ကျန်းမာရေး အားကစားဝန်ကြီးဌာနအား ကျေးဇူးတင်စကားကို လည်းကောင်း ပြောကြားခဲ့ကြသည်။ ညီလာခံကို ဇွန် ၂၆ ရက်အထိ Symposium များ၊ Panel ဆွေးနွေးခြင်းများ၊ Plenary Session များဖြင့် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးသုံးစွဲနေသူများနှင့် ဆေးစွဲနေသူများအတွက် သိမှတ်ဖွယ်ရာများ

ဦးဇော်ဇော်(တရားလွှတ်တော်ရှေ့နေ)

**ဒုစရိုက်မှုများတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော အမှုအခင်းများမှာ ရှေးဆုံးမှခေါင်းထောင်ကာ စိန်ခေါ်လျက်ရှိနေပေသည်။ မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲခြင်း၊ စွဲမြဲစွာ ဝယ်ယူသုံးစွဲခြင်းများဖြင့် ပင်ကိုအသိစိတ်ပျောက်ကာ မိဘညီအစ်ကို မောင်နှမ၊ မိတ်ဆွေအပေါင်းအသင်း၊ လူလူချင်းမသိတော့လောက်အောင်မေ့လျော့လျက် ရန်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ ငွေတောင်းခြင်းများ ပြုလုပ် လာတတ်ပြီး တခြားတစ်ဦးဦး၏ ရွှေငွေပစ္စည်းများကို ခိုးယူခြင်း၊ လုယက်ခြင်း၊ အလစ်သုတ်ခြင်းများအပြင် နောက်ဆုံးထိုသို့ ပြုလုပ်ခြင်းဖြင့် ငွေမရပါက သတ်ဖြတ်ယူဆောင်ခြင်းများ အထိပင် ပြုလုပ်လာတတ်သည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါး စတင်သုံးစွဲမိခြင်းကြောင့် ဆေးမဖြတ်ဘဲ ဆက်လက်၍ သုံးစွဲလိုခြင်းများ ဖြစ်လာရခြင်း၏ နောက်ဆက်တွဲပြဿနာများဟု ဆိုရပါမည်။**



၁၄-၂-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပုဒ်မ-၆ (က)၊ ပုဒ်မခွဲ(င)တွင် ဆေးဝါးသုံးစွဲသူများအား စာရင်းကောက်ယူ၍ ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေးလှုံ့ဆော်ပေးရေးတို့နှင့်စပ်လျဉ်း၍ အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ ပုဒ်မခွဲ(စ)တွင် ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးနှင့်စပ်လျဉ်း၍ စီမံချက်များ ချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်း၊ ကောင်းမွန်သော လူမှုဘဝသို့ ပြန်လည်ရောက်ရှိစေရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်မှုပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ ပုဒ်မခွဲ (ဒ) တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရဲသင်တန်းများဖွင့်လှစ်ခြင်း၊ ကျန်းမာဖွံ့ဖြိုးသည့် လူနေမှုဘဝများဖြစ်လာစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ ပါဝင်ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၉(ဃ)တွင် ရဲတပ်ဖွဲ့ဝင်သည် သံသယရှိသူအား ပဏာမဆေးစစ်ချက်ခံယူရန်နှင့် ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိရပါက ဆေးကုသမှုခံယူနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဌာနဂေဟာ (သို့မဟုတ် ) ဤကိစ္စအလို့ငှာ အစိုးရ အသိအမှတ်ပြုထားသည့် အနီးဆုံးဆေးကုသဌာန ဂေဟာသို့ ဆောလျင်စွာ ပို့အပ်ရမည်ဟု ပါရှိပါသည်။ ဤစာပိုဒ်ပါ “ဆောလျင်စွာ” ဆိုသည့် စကားရပ်သည် စွဲလမ်းခြင်းမရှိမီ ဆေးဝါးကုသမှုခံယူစေရန် စေတနာကောင်းဖြင့် ထည့်သွင်းသတ်မှတ်ထားခြင်းဟု ဆိုရမည်။ စောစောဖြတ်လျှင် စောစောပြတ်မည်။

### ဆေးကုသဌာနဂေဟာ

ဤစာပိုဒ်ပါ ဆေးကုသဌာနဂေဟာ၊ ဝန်ကြီးဌာနက သတ်မှတ်ထားသည့်နေရာတို့သည် အကျဉ်းထောင်အချုပ်ခန်းကဲ့သို့ နေရာမျိုးမဟုတ်ဘဲ မိမိအတွက် စနစ်ကျသော စားသောက် နေထိုင်မှု၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်မှု၊ တရားဘာဝနာရှုပွားနိုင်မှု၊ အသက်မွေးမှုပညာ တစ်ရပ်ရပ် သင်ယူနိုင်မှုတို့ကို မတင်းကျပ်သော၊ ဘောင်မခတ်သောပုံစံဖြင့် စည်းကမ်းရှိစွာ လွတ်လပ်ခွင့်ရမည်ဖြစ်ကြောင်း မြန်မာ့ရုပ်မြင်သံကြား၏ လူထုအကျိုးပြုအစီအစဉ်တင်ဆက် ထုတ်လွှင့်ပြသမှုများတွင် တွေ့ရှိသတိပြုမိလိုက်သည်။ အပိုဒ် (င) တွင် သက်ဆိုင်ရာရဲအရာရှိသည် ပဏာမဆေးစစ်ချက်ခံယူရန်နှင့် ဆေးကုသမှုခံယူရန် ပျက်ကွက်သူများ စိစစ်ပြီး လိုအပ်ပါက ခံဝန်ချုပ်ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်ရန် သက်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားရမည်ဆိုသည့် ပြဋ္ဌာန်းချက်နှင့် အပိုဒ်(စ)တွင် တရားရုံးသည် ပုဒ်မခွဲ(င)အရ လျှောက်ထားခြင်းခံရသူအား ဆေးစစ်ချက်ခံယူနိုင်ရေးနှင့် ဆေးကုသမှုခံယူနိုင်စေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ခံဝန်ချုပ်ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းချက်တို့မှာ တရားရုံးတွင် အပြစ်ဒဏ်ခံယူစေခြင်း၊ အပြစ်သတ်မှတ် ခြင်းမဟုတ်ဘဲ၊ ဆေးစစ်ချက်ခံယူရန်နှင့် ဆေးကုသမှုခံယူရန် တရားရုံး၌ ကတိပြုချက်ပေးစေခြင်းတွင် ဖြစ်ပါသည်။

> **“မူးယစ်ဆေးဝါးသုံးစွဲနေသည့် ဆက်လက်သုံးစွဲလိုသူများ၊ ဆေးစွဲပြီး ဆေးဖြတ်ရန် အခက်အခဲဖြစ်နေသူများသည် အထက်ပါနည်းလမ်းများတွင် မိမိတို့၏ ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ဆေးဖြတ်ပေးသည့် သက်ဆိုင်ရာဌာနများထံ တရားဝင်ဆက်သွယ်၍ ဆေးဖြတ်ကြခြင်းဖြင့် လူမှုအသိုင်းအဝိုင်းတွင် မိမိတို့၏ ကိုယ်အားဉာဏ်အားတို့ကို အကျိုးရှိရှိဆက်လက်အသုံးချနိုင်ကြမည်ဖြစ်”**

အပိုဒ်(ဆ)တွင် တရားရုံးသည် ဆေးဝါးသုံးစွဲသူက ပုဒ်မခွဲ (စ) အရ ချမှတ်သော အမိန့်နှင့်အညီ ခံဝန်ချုပ်ချုပ်ဆိုခြင်း မပြုလျှင်ဖြစ်စေ၊ ချမှတ်သော ခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဆေးကုသမှုခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် စခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ခြောက်လပို့အပ်နှင့် အမိန့်ချမှတ်ရမည်ဟု ပြဋ္ဌာန်းချက်မှာလည်း ပြုစုပျိုးထောင်ရေးစခန်း (သို့မဟုတ်) ပြန်လည်ထူထောင်ရေး စခန်းများကိုသာ ပို့အပ်ခြင်းဖြစ်ပြီး အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စည်းကမ်းရှိစွာ လွတ်လပ်ခွင့်ရမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

### ပြင်ဆင်ပယ်ဖျက်

မူးယစ်ဆေးဝါးသုံးစွဲသူသည် ပုဒ်မ-၉၊ ပုဒ်မခွဲ(ဆ)အရ ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့် ကာလအတွင်း သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်း (သို့မဟုတ်) ပြန်လည်ထူထောင်ရေးစခန်းက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရခြင်း၊ လူမှုအကျိုးပြုလုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လမ်းတံတားများပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့် ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြီးကြပ်သူရှေ့မှောက်၌ နှိမ်ချခြင်း၊ ခွဲခြားဆက်ဆံခြင်း သဘောမသက်ရောက်သည့် သတ်မှတ်ထားသော ဝတ်စုံကို ဝတ်ဆင်လျက် တစ်ရက် ၂ နာရီဖြင့် အနည်းဆုံး နာရီ ၂၄၀ မှ အများဆုံး နာရီ ၃၆၀ အထိ ကိုယ်တိုင်လုပ်အားဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်ဟူသော ပြဋ္ဌာန်းချက်တွင် ယနေ့အချိန်အခါတွင် လူတစ်ဦးချင်းစီဖြင့် (သို့မဟုတ်)အစုအဖွဲ့ဖြင့် ပရဟိတလုပ်ငန်းများကို ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ပါဝင်ပြုလုပ်နေချိန်ဖြစ်ပြီး တစ်နေ့ ၂ နာရီဆိုသည့်အချိန်မှာ မိမိအကျိုးအတွက် အလုပ်လုပ်ရမည့်အချိန်များကို မဆုတ်ယုတ် မလျော့နည်းစေသည့် အချိန်နာရီဖြစ်သဖြင့် မိမိ၏ အားလပ်ချိန်ဟုပင် ဆိုနိုင်ပေသည်။

အထက်ပါကဲ့သို့ လုပ်ဆောင်ခြင်းများတွင် စေတနာထား လုပ်ဆောင်ပါက ကုသိုလ်ပင်ရနိုင်သေးသည်။ နှိမ်ချခြင်း၊ ခွဲခြားဆက်ဆံခြင်းမခံရသည့်အပြင် မိမိတို့နှင့် ပူးပေါင်းလုပ်ဆောင်ကူညီဖေးမပေးမည့်သူများပင် ရနိုင်လာမည်ဖြစ်ပေသည်။ ယခင်က မူးယစ်ဆေးဝါးသုံးစွဲသူကို ထောင်ဒဏ် အနည်းဆုံးသုံးနှစ်မှ အများဆုံးငါးနှစ် ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်ကို ယခုအခါ ပြင်ဆင်ပယ်ဖျက်ခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲနေသည့် ဆက်လက်သုံးစွဲလိုသူများ၊ ဆေးစွဲပြီး ဆေးဖြတ်ရန် အခက်အခဲဖြစ်နေသူများသည် အထက်ပါနည်းလမ်းများတွင် မိမိတို့၏ ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ဆေးဖြတ်ပေးသည့် သက်ဆိုင်ရာဌာနများထံ တရားဝင်ဆက်သွယ်၍ ဆေးဖြတ်ကြခြင်းဖြင့် လူမှုအသိုင်းအဝိုင်းတွင် မိမိတို့၏ ကိုယ်အား ဉာဏ်အားတို့ကို အကျိုးရှိရှိ ဆက်လက်အသုံးချနိုင်ကြမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် (AIDS) ရောဂါများ ကင်းဝေးနိုင်ကြမည်ဖြစ်ကြောင်းနှင့် ရခဲလှသည့် လူ့ဘဝကို သက်တမ်းစေ့နေထိုင်သွားနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပူတာအိုမြို့ မြို့မဈေးဘေးတြိဂံနှင့် ပလက်ဖောင်းများ ဖျက်သိမ်း၍ ကွန်ကရစ်လမ်းခင်း



**ပူတာအို ဇွန် ၂၅**

ကချင်ပြည်နယ် ပူတာအိုမြို့၌ လူဦးရေတိုးတက်လာသည်နှင့်အမျှ မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေး၊ အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် သွားလာမှုအဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပူတာအိုမြို့ မြို့မဈေးဘေး တြိဂံနှင့် ပလက်ဖောင်းများကိုဖျက်သိမ်း၍ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းကို အလျား ပေ ၉၀၊ အကျယ် ပေ ၃၀၊ ထု ခြောက်လက်မနှင့် ပလက်ဖောင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အရှည် ၃၇၅ ပေ၊ အကျယ် ကိုးပေ၊ ထု ခြောက်လက်မ ခင်းသွားမည်ဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၂ သန်းဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့မဈေးသည် ပူတာအိုမြို့အဝင်တွင် တည်ရှိနေခြင်းကြောင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးပါက မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပရေးနှင့် အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် များစွာအထောက်အကူပြုမည့်အပြင် ပြည်သူများ သွားလာမှုမှာ ယခင်ကထက် အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# MNTV ရုပ်သံလိုင်းတွင် အရည်အသွေးမြင့်မားသော ရုပ်သံအစီအစဉ် ရိုက်ကူးထုတ်လွှင့်နိုင်ရေးလုပ်ငန်းများအတွက် ရွှေသံလွင်ကုမ္ပဏီလီမိတက်နှင့် ဂျပန်နိုင်ငံ NHK တို့ ပူးပေါင်း၍ Dream Vision Co.ltd စတင်မိတ်ဆက်

ရန်ကုန် ဇွန် ၂၅

**အစိုးရသစ်ကာလတွင် ဂျပန်နှင့် မြန်မာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပူးပေါင်းဆောင်ရွက်မှုများ နယ်ပယ်အသီးသီးတွင် ရှိနေပြီးဖြစ်ကြောင်း၊ DVC ကုမ္ပဏီ (Dream Vision Co.ltd) မှ မြန်မာနိုင်ငံရှိ ပြည်သူလူထုအတွက် ဂျပန်နိုင်ငံ၏ သတင်းများ၊ ယဉ်ကျေးမှုများ၊ ကမ္ဘာကြီးတွင် ဖြစ်ပျက်နေသည့် အခြေအနေများကို မြန်မာပြည်သူများသိရှိ ကြည့်ရှုနိုင်ခွင့်ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။**

ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ Melia ဟိုတယ်၌ ကျင်းပသည့် ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက်နှင့် ဂျပန်နိုင်ငံ NHK တို့ ပူးပေါင်း၍ Myanmar National ရုပ်သံလိုင်း (MNTV) တွင် အရည်အသွေးမြင့်မားသော ရုပ်သံအစီအစဉ်များ ရိုက်ကူးထုတ်လုပ်နိုင်ရေးအတွက် ထူထောင်ခဲ့သည့် DVC ကုမ္ပဏီ ( Dream Vision Co.ltd) စတင်မိတ်ဆက်ခြင်းအခမ်းအနားတွင် ဝန်ကြီးချုပ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

### ပူးပေါင်းဆောင်ရွက်မှုများတိုးတက်နေ

ထို့နောက် ဂျပန်အစိုးရအဖွဲ့ကိုယ်စား ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေး မစ္စတာ အိဇုမိ က ပေးပို့သည့်သဝဏ်လွှာပါ ယခုကုမ္ပဏီထူထောင်ရန် မြန်မာ -ဂျပန် နှစ်နိုင်ငံမှ ကူညီပေးသူများကို ကျေးဇူးတင်ပါကြောင်း၊ ဂျပန်အစိုးရက မြန်မာနိုင်ငံတိုးတက်ရေးအတွက် အစွမ်းကုန်ကူညီပေးရန် ဆုံးဖြတ်ထားပါကြောင်း၊ အထူးသဖြင့် ၂၀၁၆ ခုနှစ်မှ စတင်ပြီး ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဘီလီယံ ကူညီပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်နေပါကြောင်း၊ မြန်မာနိုင်ငံ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ရုပ်မြင်သံကြားထုတ်လွှင့်ရေးကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ မြန်မာပြည်သူလူထု လိုအပ်သည့် သတင်းများကိုပေးနိုင်သည့် တာဝန်ကို ထမ်းဆောင်နိုင်ပါကြောင်း၊ ဂျပန်နိုင်ငံသည် ၁၉၈၀ ပြည့်နှစ် ဝန်းကျင်ခန့်မှစ၍ မြန်မာနိုင်ငံ၏ အသံထုတ်လွှင့်ရေးကဏ္ဍများကို အကူအညီများ ပေးခဲ့ပြီး ဆက်၍ပေးနေပါကြောင်း၊ ဂျပန် -မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ယခု ဖွင့်လှစ်လိုက်သည့် ကုမ္ပဏီက ဂျပန်မှ နည်းပညာဖြင့် ပို၍အဆင့်မြင့်သည့် ရုပ်မြင်သံကြား အစီအစဉ်များကို မြန်မာလူထုက မြင်ကြားနိုင်မည်ဟု ခိုင်မာစွာ ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ယနေ့မှစကာ မြန်မာ-ဂျပန် ယဉ်ကျေးမှုသာမက လူထုအချင်းချင်း နားလည်မှုများပါဆက်ပြီး တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ DVC ၏ အောင်မြင်မှု၊ မြန်မာနိုင်ငံ၏ ရုပ်မြင်သံကြားထုတ်လွှင့်ရေး အောင်မြင်မှုသည် ဂျပန်-မြန်မာ ချစ်ကြည်ရေးတိုးတက်မှုကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အမှာစကားကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Maruyama Ichiro က ဖတ်ကြားသည်။

DVC တွင် ပါဝင် ရင်းနှီးမြှုပ်နှံခဲ့ကြသော ဂျပန်ရှယ်ယာရှင်များဖြစ်ကြသည့် CJF ဥက္ကဋ္ဌ မစ္စတာ လီဂျီမာ၊ JICT ဥက္ကဋ္ဌ မစ္စတာ တာကာရှီမာ၊ JIB ဥက္ကဋ္ဌ နှင့် အမှုဆောင် အရာရှိချုပ် မစ္စတာ ရှီမီဇူ တို့ကလည်း "ယနေ့ဖွင့်လှစ်လိုက်တဲ့ ကုမ္ပဏီအသစ်မှတစ်ဆင့် ဂျပန်နိုင်ငံ၏ လူကြိုက်များသည့်ရုပ်သံအစီအစဉ်များ ပါဝင်သော ပူးပေါင်းထုတ်လွှင့်မှုများ ၊ ရုပ်သံလွှင့်ကုမ္ပဏီ၏ စီမံခန့်ခွဲမှု အသိပညာအသုံးပြုမှုကို မျှဝေပေးလိုသည့်အပြင် စတူဒီယို နောက်ဆုံးပေါ် ရုပ်သံလွှင့်ကိရိယာများသုံးပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ပူးပေါင်းကူညီပေးသွားမှာဖြစ်ပါတယ်၊ နှစ်နိုင်ငံကြားပေါင်းကူးသဖွယ် အထောက်အကူပြုနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်၊ DVC က ဖန်တီး ထုတ်လုပ်မယ့် ရုပ်သံအစီအစဉ်များမှာ မြန်မာပြည်ရဲ့တိုးတက်ပြောင်းလဲမှုအသစ်တွေအတွက် များစွာအထောက်အကူပြုသွားမယ်လို့ ယုံကြည်ပါတယ်၊ DVC ရဲ့ပရိုဂရမ်တွေကို MNTV ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်၊ DVC ထုတ်လွှင့်မှုတွေကို မြန်မာပြည်သူလူထု စိတ်ဝင်စားယုံကြည်ရတဲ့ ရုပ်သံလိုင်းတစ်ခုဖြစ်အောင် ဆောင်ရွက်သွားမယ်၊ NHK နဲ့ ရွှေသံလွင်မီဒီယာဂရုရဲ့ တွေ့ဆုံမှုက လွန်ခဲ့တဲ့ ခြောက်နှစ်မတိုင်မီက Skynet မှာ NHK ထုတ်လွှင့်မှုက အစပြုခဲ့ရာကနေ အခုလိုကုမ္ပဏီထူထောင်သည်အထိ ပြောင်းလဲတိုးတက်လာခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြသည်။

### နှစ်နိုင်ငံချစ်ကြည်ရေးအတွက်ဦးတည်

"DVC က တင်ဆက်မယ့် အစီအစဉ်တွေ၊ တကယ်ကောင်းမယ့် တင်ဆက်မှုတွေကို ဆက်လက်အားပေးပါ၊ အားလုံးအတွက်၊ နိုင်ငံအတွက်၊ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ဦးတည်တာဖြစ်တဲ့အတွက် အားလုံးပူးပေါင်းပေးပါလို့လည်း ပြောချင်ပါတယ်၊ Edutainment၊ Entertainment နဲ့ Infotainment တွေကို အဓိကထားပြီး ဘက်ပေါင်းစုံက အားလုံးပူးပေါင်းပါဝင်ဖို့ ပြောချင်ပါတယ်"ဟု DVC ကုမ္ပဏီ မန်နေးဂျင်ဒါရိုက်တာ ဒေါ်နန်းမောက်လောင်ဝ်ဆိုင်က ပြောသည်။

DVC ကုမ္ပဏီ ( Dream Vision Co.ltd ) ကို မြန်မာ




**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း MNTV ရုပ်သံလိုင်းတွင် အရည်အသွေးမြင့်မားသော ရုပ်သံအစီအစဉ်များ ရိုက်ကူးထုတ်လုပ်နိုင်ရေးအတွက် ထူထောင်ခဲ့သည့် DVC ကုမ္ပဏီ စတင်မိတ်ဆက်ခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**

နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ခွင့်ပြုချက်ဖြင့် ထူထောင်ခဲ့ခြင်းဖြစ်ပြီး NHK နှင့် MNTV တို့ ပူးပေါင်း၍ ပြည်သူများအတွက် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသော အစီအစဉ်များ၊ လူငယ်များဘဝအတွက် အထောက်အကူပြုမည့် သုတ၊ ရသ အစီအစဉ်များကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

### ခိုင်မာစွာယုံကြည်

အခမ်းအနားအပြီး၌ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Maruyama Ichiro က "မြန်မာနိုင်ငံက ကျွန်တော်တို့ ဂျပန်နိုင်ငံအတွက် ကျေးဇူးရှိတဲ့ နိုင်ငံဖြစ်ပါတယ်၊ မြန်မာနိုင်ငံက နိုင်ငံရေး၊ စီးပွားရေးအရ အင်မတန်အရေးကြီးတဲ့ အချိန်ကို ရောက်နေပါပြီ၊ အဲဒီအချိန်ကို ကျော်လွှားနိုင်ရင် မြန်မာနိုင်ငံ အနာဂတ်ဆိုတာ တိုးတက်ပြီး အလားအလာကောင်းမွန်မှာပါ၊ မြန်မာနိုင်ငံကို အစွမ်းကုန်အကူအညီ ပေးဖို့ဆိုတာက ကျွန်တော်တို့ ဂျပန်အစိုးရရဲ့ ရပ်တည်ချက်ဖြစ်ပါတယ်၊ နှစ်နိုင်ငံလူထုအချင်းချင်း နားလည်မှုအပြည့်အဝရှိမှုပိုပြီး ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နိုင်မယ်ဆိုတာ ခိုင်မာစွာယုံကြည်ပါတယ်၊ ပြည်သူလူထု အချင်းချင်းနားလည်မှုရဖို့အတွက် ယဉ်ကျေးမှုဖလှယ်ရေးကို စဉ်းစားတဲ့အခါ ရုပ်မြင်သံကြားကို ကျွန်တော်တို့ ဂျပန်နဲ့ မြန်မာပူးပေါင်းပြီး ထုတ်လွှင့်နိုင်မယ်ဆိုရင် ပိုပြီးထိထိရောက်ရောက်နဲ့ နားလည်မှု ပိုပြီးတိုးတက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်၊ အခုမြန်မာနိုင်ငံက ထုတ်လွှင့်နေတဲ့ ရုပ်မြင်သံကြားအစီအစဉ်တွေကလည်း ကောင်းပါတယ်၊ အဲဒီကောင်းတဲ့ အစီအစဉ်တွေကို ပိုပြီးတော့ကောင်းအောင် မြန်မာပြည်သူလူထုသာမက နိုင်ငံတကာကလည်း ပိုပြီးလက်ခံနိုင်အောင် ကျွန်တော်တို့ မြန်မာကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်တဲ့ ဆန္ဒသဘောဖြစ်ပါတယ်၊ မြန်မာနိုင်ငံကို လာလည်ချင်တဲ့ ဂျပန်လူမျိုးခရီးသွားတွေ အများကြီးရှိပါတယ်၊ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးကို ကျွန်တော်တို့ သံယောဇဉ်ရှိပါတယ်၊ အခု ရုပ်မြင်သံကြားအစီအစဉ်က ထုတ်လွှင့်လိုက်မယ်ဆိုရင် ဂျပန်နိုင်ငံက ဂျပန်လူမျိုးတွေ အားလုံးတောင်မှ လာလည်ကြမယ်လို့ ကျွန်တော်ယူဆပါတယ်" ဟု မြန်မာ့သတင်းစဉ်၏ မေးမြန်းမှုကို ဖြေကြားသည်။

**ဝင်းဝင်းမော်၊ နန္ဒာဝင်း၊ ဓာတ်ပုံ- ဇော်မင်းလတ်**

---

# အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစိုးရ-ပုဂ္ဂလိကအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Sandhi Governance Institute တို့ ပူးပေါင်းကျင်းပသည့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရ-ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း (Public-Private Partnership-PPP) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ Sandhi Governance Institute ဒါရိုက်တာ ဦးခိုင်ဝင်းက "မြန်မာနိုင်ငံမှာ PPP နဲ့ ပတ်သက်တဲ့ မူဘောင်တွေ၊ ဥပဒေတွေ မရှိသေးဘူးဖြစ်နေတယ်၊ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့သုံးသပ်ချက်အရ PPP အကောင်အထည်ဖော်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေမှာ စွမ်းဆောင်ရည်နည်းနေသေးတယ်၊ PPP ယူနစ်ကို စနစ်တကျ ဖွဲ့စည်းထားတာ မရှိသေးဘူး၊ ဒါကြောင့် အလုပ်ရုံဆွေးနွေးပွဲကနေ PPP နဲ့ သက်ဆိုင်တဲ့ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ ၊ မူဘောင်တွေ ပေါ်လာမယ်၊ Framework တွေ ပေါ်လာမယ်လို့ မျှော်လင့်တယ်၊ အစိုးရရဲ့ PPP စီမံခန့်ခွဲမှု၊



စွမ်းရည်တက်လာဖို့ သက်ဆိုင်ရာဝန်ကြီးဌာနကနေ အထောက်အပံ့ပေးနိုင်မယ့် ဖိလစ်ပိုင်ကလို PPP စင်တာတွေ ပေါ်ပေါက်လာမယ်လို့ မျှော်လင့်တယ်၊ အဲဒီရည်ရွယ်ချက်နဲ့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ဆက်လက်ပြီး ဦးခိုင်ဝင်းက "နိုင်ငံတော်အစိုးရပိုင်းကလည်း အခုလိုမူဘောင်တွေချမှတ်ပြီး စနစ်တကျ ပိုပြီးလုပ်နိုင်မယ်ဆိုရင် ထိရောက်တဲ့ PPP စီမံကိန်းတွေပေါ်လာမှာ ဖြစ်ပါတယ်၊ အချိန်တိုအတွင်းမှာ ဖိလစ်ပိုင်နိုင်ငံမှာ ၅ နှစ်- ၆ နှစ်အတွင်း ၃၅ ဘီလီယံလောက်ရှိတဲ့ PPP စီမံကိန်းတွေ အကောင်အထည်ဖော်နိုင်ခဲ့တယ်၊ နည်းတဲ့ ပမာဏမဟုတ်ဘူး၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အခါ မိမိနိုင်ငံရဲ့ GDP ကို အများကြီး အထောက်အပံ့ပေးနိုင်တယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပံ့ပိုးနိုင်တယ်၊ လမ်း၊ တံတား၊ လျှပ်စစ်မီးတွေ ကောင်းသွားတဲ့အတွက် ဆက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေဝင်လာမယ်၊ အလုပ်အကိုင်တွေ ပိုပြီးဖန်တီးပေးနိုင်တဲ့အတွက် တိုင်းပြည်စီးပွားရေး ပိုပြီးဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု သုံးသပ်ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံမှ PPP ပညာရှင် Professor Andre Palacios က အစိုးရ-ပုဂ္ဂလိကအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် လိုက်နာရမည့် အခြေခံအချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် Sandhi Governance Institute ဒါရိုက်တာ ဦးခိုင်ဝင်းက မြန်မာနိုင်ငံ၏ အခြေခံအဆောက်အဦ လိုအပ်ချက်များ၊ ရင်ဆိုင်ရမည့် ပြဿနာများနှင့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြကာ အစုအဖွဲ့လိုက် ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရ-ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း (Public-Private Partnership-PPP) အလုပ်ရုံဆွေးနွေးပွဲကို ပထမအကြိမ်အဖြစ် နေပြည်တော်၌ မေ ၂၄ ရက်က ကျင်းပခဲ့ပြီး ယခုဒုတိယအကြိမ်ကို ရန်ကုန်မြို့၌ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစိုးရ-ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း (Public-Private Partnership-PPP)သည် ယခင်က အစိုးရတစ်ဦးတည်းကသာ လုပ်ကိုင်ခဲ့ပြီး ပုဂ္ဂလိကအား ဝင်ရောက်လုပ်ကိုင်ခွင့်မပြုခဲ့သည့် လျှပ်စစ်ထုတ်လုပ်ရေး၊ လျှပ်စစ်ဖြန့်ဖြူးရေး၊ ရေဖြန့်ဖြူးရေး၊ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ အစရှိသည့် ကြီးမားသည့် အခြေခံအဆောက်အဦဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကို ရင်းနှီးမြှုပ်နှံခွင့်ပြုပြီး လုပ်ကိုင်ခွင့်ပေးခြင်း၊ နိုင်ငံတော်ပိုင် လျှပ်စစ်ထုတ်လုပ်သည့် ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသည့် လုပ်ငန်းများ၊ မြို့တော်ရေပေးဝေရေး လုပ်ငန်းများကို ပုဂ္ဂလိကသို့ ရောင်းချခြင်းကို ခေါ်ဆိုခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ရီမီသန့်၊ ဓာတ်ပုံ- ဇော်ရဲထွဋ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၃၃ တွဲကို ယူရို ၇၄ ဒသမ ၁၂၂ သန်းဖြင့် ရောင်းချခဲ့ရ

**နေပြည်တော် ဇွန် ၂၅**

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်း အတွဲပေါင်း ၈၃၃ တွဲကို ယူရို ၇၄ ဒသမ ၁၂၂ သန်းဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

ယနေ့ပြပွဲတွင် အခြေခံဈေးယူရိုငွေ ၄၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအရိုင်းအတွဲ ၁၀၇၈ တွဲနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် အချောထည်ကျောက်စိမ်းအတွဲ ၇၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ပြပွဲသို့ ပြည်တွင်းပြည်ပ ရတနာကုန်သည် စုစုပေါင်း ၄၀၀၀ ကျော်တက်ရောက်၍ ကျောက်စိမ်းအရိုင်းနှင့် အချောထည်များကို စိတ်ကြိုက်ကြည့်ရှုလေ့လာကြပြီး ဈေးပြိုင်ပေး ဝယ်ယူခဲ့ကြခြင်းဖြစ်သည်။

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း ကျောက်စိမ်း၊ ကျောက်မျက်၊ ပယင်း၊ ကနုကမာ စသည့် အချောထည်ပစ္စည်း ဆိုင်ခန်းပေါင်း ၆၁ ခန်း လာရောက်ဖွင့်လှစ်ရောင်းချလျက်ရှိသည်။






ဦးမောင်မောင်ဆန်း (ဗဟိုအလုပ်အမှုဆောင်၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်)



ဦးသောင်းကြည် (ကျောင်းအုပ်ကြီး၊ နေပြည်တော်ကျောက်မျက်ရတနာသင်တန်းကျောင်း)

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်ဆန်းက "နေပြည်တော်မှာ ကျင်းပခဲ့တဲ့ ကျောက်မျက်ရတနာပြပွဲတိုင်းမှာ ကျွန်တော့်ရဲ့ ကျောက်စိမ်း၊ ကျောက်မျက် အချောထည်ပစ္စည်းတွေကို လာရောက်ပြသရောင်းချပါတယ်။ ဒီလိုပြပွဲကြီးတွေမှာ လာရောက်ရောင်းချခွင့်ရတဲ့အတွက် ပြည်တွင်းပြည်ပက ရတနာကုန်သည်ကြီးတွေနဲ့ တိုက်ရိုက်တွေ့ရပါတယ်။ သူတို့နဲ့ တိုက်ရိုက်တွေ့တော့ ဈေးပိုရပါတယ်။ အခုပြပွဲမှာ ပတ္တမြားတွေ၊ နီလာတွေ၊ ကျောက်စိမ်းအပွင့်တွေ ရောင်းရပါတယ်။ ပယင်းရတနာတွေကိုလည်း ကုန်သည်ကြီးတွေက ကြိုက်နှစ်သက်ပြီး ဝယ်ယူကြတာ တွေ့ရပါတယ်။

"ကျွန်တော့်ဆိုင်မှာ ကျောက်စိမ်း၊ ကျောက်မျက် အချောထည်တွေ၊ နားကပ်ကအစ ဆွဲသီးအဆုံး လက်ဝတ်ရတနာတွေ ပြသရောင်းချနေပါတယ်။ မိုးကုတ်သဘာဝ ပတ္တမြားနဲ့ နီလာကို ပြည်ပရတနာကုန်သည်တွေ စိတ်ဝင်စားကြတာ တွေ့ရပါတယ်။ ပတ္တမြားနဲ့ နီလာကိုတော့ အိမ်မှာအသုံးပြုဖို့အပြင် ပြန်ရောင်းဖို့အတွက်ပါ ကုန်သည်ကြီးတွေ လာဝယ်ကြပါတယ်။ အရင်ကဆို ကုန်သည်ကြီးတွေက ဈေးချိုတာတွေကိုပဲ ဝယ်ယူတတ်ကြပါတယ်။ အခုဆိုရင် ဒေါ်လာသောင်းနဲ့ချီတဲ့ ပုံစံမျိုးတွေကို လာလာမေးကြပါတယ်။ ကျောက်စိမ်း၊ ကျောက်မျက်အချောထည်ဈေးကွက် ဖွံ့ဖြိုးလာတယ်လို့လည်း ပြောလို့ရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ပြုလုပ်တဲ့ ကျောက်စိမ်း၊ ကျောက်မျက် အချောထည် ရောင်းချပွဲတွေမှာလည်း တော်တော်ရောင်းခဲ့ရပါတယ်။ ကျောက်စိမ်း၊ ကျောက်မျက်အချောထည်လုပ်ငန်းနဲ့ ဈေးကွက် ဒီထက်ဖွံ့ဖြိုးလာဖို့ လိုအပ်ချက်တွေတော့ ရှိပါသေးတယ်။ အချောထည်လုပ်တဲ့လုပ်ငန်းမှာရော၊ လက်ဝတ်ရတနာလုပ်တဲ့ ဒီဇိုင်းပိုင်းတွေမှာပါ တစ်ဖက်နိုင်ငံက လုပ်တာပိုကောင်းပါတယ်။ ကျောက်တွေကတော့ မြန်မာနိုင်ငံက ကျောက်တွေပါပဲ။ အချောထည်အပိုင်းမှာ လက်ဝတ်ရတနာလုပ်တဲ့ စက်နဲ့ နည်းပညာတွေ လိုအပ်ပါတယ်။ ကျောက်သွေး၊ ကျောက်ဖြတ်လုပ်ငန်း၊ အရောင်တင်လုပ်ငန်းတွေမှာလည်း လိုအပ်ချက်ရှိနေပါသေးတယ်။ အခု ကျွန်တော်တို့ နိုင်ငံတကာပြပွဲတွေကို သွားရောက်ပြသရောင်းချပြီးတော့ နိုင်ငံတကာကို ထိုးဖောက်နေပါတယ်။ မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာတွေကို နိုင်ငံတကာက ပိုမိုစိတ်ဝင်စားလာအောင် ကမ္ဘာ့ဈေးကွက်ရရှိလာအောင် လုပ်ဆောင်နေပါတယ်"ဟု ပြောသည်။

ယခု (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာ သင်တန်းကျောင်း (နေပြည်တော်) မှ သင်တန်းသား သင်တန်းသူများ၏ ကျောက်စိမ်း၊ ကျောက်မျက်၊ ပယင်းထုတ်ကုန် အချောထည်ပစ္စည်းများ လာရောက်ပြသရောင်းချလျက်ရှိပြီး ငွေကျပ်သိန်း ၁၀၀ တန်ဖိုးခန့် ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာသင်တန်းကျောင်း(နေပြည်တော်) ကျောင်းအုပ်ကြီး ဦးသောင်းကြည်က "သင်တန်းကျောင်းက ကလေး သုံးဦးနဲ့ ဆရာတစ်ဦး ပူးပေါင်းပြီး ထုတ်လိုက်တဲ့ ကျောက်ကပ်ပန်းချီကားကို သုံးဆယ့်ငါးသိန်း ပေးဝယ်သွားပါတယ်။ အဲဒီနေ့ကဆို တစ်ရက်တည်းနဲ့ တခြားပန်းချီကား အသေးနဲ့ဆို သိန်းလေးဆယ်နဲ့ကိုးသောင်းဖိုး ရောင်းရပါတယ်။ လုပ်ငန်းရှင်ကြီးတွေကလည်း အားပေးကြသလို ကလေးတွေကလည်း ကြိုးစားကြပါတယ်။ သင်တန်းကျောင်းကနေ ထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်း အမျိုးပေါင်း ၃၅၀ ကျော် ရှိပါတယ်။ လက်ရာမြောက်တဲ့၊ ဈေးကွက်ဝင်တဲ့ ဒီထုတ်ကုန်တွေကို သင်တန်းသား သင်တန်းသူတွေက သင်တန်းကာလ ခုနစ်လပြည့်တဲ့အချိန်မှာ ထုတ်လုပ်နိုင်တာဖြစ်ပါတယ်။ အခု ၅၅ ကြိမ်မြောက်ပြပွဲမှာဆိုရင် သင်တန်းကျောင်းက ကလေးတွေထုတ်တဲ့ပစ္စည်းတွေဟာ သိန်း ၁၀၀ ဖိုးခန့် အရောင်းထွက်ခဲ့သလို ဈေးကွက်ကိုလည်း ထိုးဖောက်နိုင်ခဲ့ပါတယ်"ဟု ပြောသည်။

ကျောက်မျက်ရတနာသင်တန်းကျောင်း(နေပြည်တော်)ကို ၂၀၁၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကျောင်း၏ အဓိက ရည်ရွယ်ချက်မှာ အခြေခံလူတန်းစားများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ အချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ အချောထည်လုပ်ငန်းများ ထုတ်လုပ်ရောင်းချမှုများမှ ရလာမည့် နိုင်ငံတော်အခွန်ဘဏ္ဍာများ တိုးပွားရရှိစေရန် ရည်ရွယ်ကြောင်း သိရသည်။

ကျောင်းအုပ်ကြီး ဦးသောင်းကြည်က "မျိုးဆက်သစ်လူငယ်တွေ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးက အဓိကပါပဲ။ အနာဂတ်ရည်မှန်းချက်ထဲမှာတော့ ဒီသင်တန်းကျောင်းက ထူးချွန်တဲ့ကလေးတွေကို နိုင်ငံခြားကို ပညာတော်သင်စေလွှတ်ဖို့ပါပါတယ်။ သင်တန်းသား ၅၀ ကို ရွှေလီ၊ ကြယ်ဂေါင်က နိုင်ငံတကာ ကျောက်စိမ်း၊ ကျောက်မျက်ကောလိပ်ကို ပညာတော်သင် သုံးနှစ်ပို့ခဲ့ပါတယ်။ အခုဆိုရင် သူတို့ တစ်နှစ်ပြည့်သွားပါပြီ။ မကြာခင်မှာလည်း ယူနန်ပြည်နယ်ခွဲ ပေါင်ရှန်းတက္ကသိုလ်မှာ အခုသင်တန်းအပတ်စဉ်က ထူးချွန်တဲ့ကလေး ၁၀ ယောက်ကို ပို့မှာဖြစ်ပါတယ်။ အခုသွားတက်မယ့် ကလေး ၁၀ ယောက်က ကျောက်စိမ်းအချောထည်ထုတ်လုပ်တဲ့ ပညာတွေအပြင် နိုင်ငံခြားဆက်ဆံရေးဘာသာ၊ ဟိုတယ်နဲ့ ခရီးပညာရပ်စတဲ့ပညာရပ် လေး၊ ငါးခုလောက် တွဲဖက်သင်ကြားခွင့်ရမှာဖြစ်ပါတယ်။ ဒီကလေးတွေက ကျောက်မျက်ပညာရှင်လည်း ဖြစ်သွားမယ်၊ ဟိုတယ်နဲ့ ခရီး ပညာရှင်လည်းဖြစ်သွားမယ်။

"နည်းပြလိုအပ်ချက်တွေရှိရင် ထူးချွန်တဲ့သင်တန်းသားတွေကို ဒီမှာပဲ ဝန်ထမ်းပြန်ခန့်ပေးလိုက်ပါတယ်။ အလုပ်အကိုင် ချက်ချင်းရသွားတာပေါ့။ ဒီသင်တန်းက ဆင်းသွားတဲ့ ကလေးတွေက မန္တလေး၊ မြစ်ကြီးနား၊ ဖားကန့်၊ မိုးကုတ် ဒေသတွေမှာ ဒီကသင်ပေးလိုက်တဲ့ ဘာသာရပ်တွေနဲ့ သူတို့လုပ်ငန်းခွင်မှာ လက်တွေ့အကောင်အထည်ဖော်ပြီး သူတို့ကိုယ်တိုင် ဆိုင်တွေထောင်တယ်။ အစုအဖွဲ့တွေဖွဲ့ပြီး လုပ်ကိုင်နေတာတွေ တွေ့ခဲ့ရပါတယ်။ သင်တန်းကျောင်းက သင်ပေးလိုက်တဲ့ ကလေးတွေတင် အလုပ်အကိုင်အခွင့်အလမ်းရတာမဟုတ်ဘဲနဲ့ အဲဒီကလေးတွေက သူတို့သူငယ်ချင်းတွေနဲ့ပါ ပြန်လုပ်ရင်းနဲ့ ဆင့်ပွားပညာရပ်တွေထပ်ပြီးတော့ ကမ်းလှမ်းနိုင်ခဲ့ပါတယ်။ အဲဒီအပြင် ကုမ္ပဏီတွေက လိုအပ်ချက်ရှိလာပြီဆိုရင် ချိတ်ဆက်ပြီးတော့ ဒီက ကလေးတွေကို ပို့ဆောင်ပေးတာရှိပါတယ်။ ကျွန်တော်တို့ ကလေးတွေက လစာ နှစ်သိန်း၊ သုံးသိန်း၊ ငါးသိန်းလောက်ထိရပါတယ်။ ဒီသင်တန်းဆင်းပြီးရင် ကလေးတွေသာ လုပ်ချင်ကိုင်ချင် စိတ်ရှိမယ်ဆိုရင် အလုပ်အကိုင် ချက်ချင်းရရပါမယ်။ သူတို့ဆင်းတဲ့ဘာသာရပ်နဲ့ ရတနာနယ်မြေတွေ၊ ဈေးကွက်ရှိတဲ့မြို့တွေမှာ အလုပ်အကိုင်အခွင့်အလမ်း ချက်ချင်းရပါမယ်" ဟု ပြောသည်။

ကျောက်မျက်ရတနာသင်တန်းကျောင်း(နေပြည်တော်)တွင် အဓိကဘာသာရပ် ခုနစ်မျိုး သင်ကြားပေးလျက်ရှိပြီး ပူးတွဲအထောက်အကူပြု ဘာသာရပ်အနေဖြင့် အင်္ဂလိပ်အခြေခံစကားပြော၊ တရုတ်အခြေခံစကားပြော၊ ကွန်ပျူတာအခြေခံနှင့် ပန်းချီဒီဇိုင်းအခြေခံများကိုပါ သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းကာလမှာ အခြေခံ လေးလနှင့် အဆင့်မြင့် လေးလ စုစုပေါင်း ရှစ်လ ဖြစ်ကြောင်း သိရသည်။

ကျောင်းအုပ်ကြီး ဦးသောင်းကြည်က "ကလေးတွေကို သီအိုရီပိုင်းနည်းနည်း၊ လက်တွေ့ပိုင်းများများ သင်ပါတယ်။ နည်းနည်းသင် များများလုပ် သင်ပေးတဲ့အတွက် ကလေးတွေ ချက်ချင်းတတ်ပါတယ်။ ပြပွဲမှာရောင်းပေးနေတဲ့ လက်ပန်းထိမ်၊ စက်ပန်းထိမ်ကနေ ထုတ်တဲ့ လက်ဝတ်ရတနာတွေဆိုရင် သုံး၊ လေးနှစ် သူများတွေ လေ့ကျင့်ထားတဲ့ လက်ရာကို ကလေးရဲ့ လက်ရာက သွားမီပါတယ်။

"အခုအပတ်စဉ်မှာ အမျိုးသား ၈၉ ဦး၊ အမျိုးသမီး ၆၁ ဦး စုစုပေါင်း ၁၅၀ ကို သင်ကြား ပို့ချပေးနေပါတယ်။ ကွန်ပျူတာပန်းပုသင်တန်းမှာ ၁၉ ဦး၊ လက်ပန်းပုသင်တန်းမှာ ၂၅ ဦး၊ စက်ပန်းထိမ်သင်တန်းမှာ ၂၀၊ လက်ပန်းထိမ် သင်တန်းမှာ ၁၅ ဦး၊ ကျောက်မျက်၊ ပယင်း(အပွင့်သွေး)သင်တန်းမှာ ၂၇ ဦး၊ ကျောက်စိမ်းပုတီး၊ လက်ကောက် သင်တန်းမှာ ၂၆ ဦး၊ ကျောက်ပန်းချီဒီဇိုင်းသင်တန်းမှာ ၁၈ ဦး တက်ရောက်သင်ကြားလျက်ရှိပါတယ်။ သင်ကြားမှု၊ နေထိုင်မှု၊ စားသောက်မှု အားလုံး အခမဲ့ဖြစ်ပါတယ်။ အခြေခံ လေးလသင်တန်းမှာတော့ ကျွမ်းကျင်လုပ်သားနည်းပြတွေနဲ့ သင်ကြားပါတယ်။ အဆင့်မြင့် လေးလ သင်တန်းမှာတော့ ကျွမ်းကျင်လုပ်သားနည်းပြတွေ၊ ပြင်ပနည်းပြတွေနဲ့သင်ကြားပါတယ်။ ပြင်ပနည်းပြကြတော့ လက်တွေ့ကျောက်လောကမှာ လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေ၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်တက္ကသိုလ်တွေက ဘူမိဗေဒပညာရှင်တွေ၊ ပါမောက္ခတွေ၊ ဒေါက်တာတွေ၊ ဝန်ကြီးဌာနက နည်းပြတွေ၊ ဒီဇိုင်းပညာရှင်တွေ လာရောက်သင်ကြားပေးပါတယ်။

"အခုလောလောဆယ် ဒီသင်တန်းကျောင်းကြီး မှတ်ပုံတင်ခွင့်ရရှိရေး ဆောင်ရွက်နေပါတယ်။ နောက်တစ်ဆင့် ကောလိပ်အဆင့်မြှင့်တင်နိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ပြီးရင်တော့ မြန်မာနိုင်ငံကျောက်မျက်တက္ကသိုလ်အဆင့်အထိ ဖွင့်လှစ်နိုင်ဖို့ရည်ရွယ်ပြီး ကြိုးစားနေပါတယ်"ဟု ပြောသည်။

ဇွန် ၂၆ ရက်တွင် ကျောက်စိမ်း အတွဲအမှတ် ၂၃၀၁ မှ ၃၄၅၀ အထိ အတွဲပေါင်း ၁၁၅၀ တွဲကို ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်သူထက်(သတင်းစဉ်)**

## ဖျာပုံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပမည်

**ဖျာပုံ ဇွန် ၂၅**

ကျေးလက်နေပြည်သူများ လူနေမှုအဆင့်မြင့်မားစေရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရေးရည်ရွယ်၍ ဖျာပုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၂၇ ရက်တွင် ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ အမှတ် ၃ ရပ်ကွက် ပုသိမ်ကျောင်းဝင်းအတွင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစကားဝိုင်းတွင် အမှတ် (၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါသိန်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေး အကြောင်းအရာများ၊ ဆည်မြောင်းနှင့် တာတမံကိစ္စများကို ဆွေးနွေးကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

◆ *ကျော့ဖုံးမှ*

ထို့နောက် တက်ရောက်လာကြသူများက တင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ဦးခင်ဇော်ဦး၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ပဒိုစောတာဒိုမူး၊ ဦးမျိုးဝင်း၊ ဦးစိုင်းငင်း၊ ၊ စောမြရာဇာလင်း၊ ခွန်မြင့်ထွန်း၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျာဦးနှင့် တာလုဖေတို့ တက်ရောက်ကြသည်။

**မျိုးမြင့် (သတင်းစဉ်)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် စာအုပ်ပြပွဲကျင်းပ

**မိုးမောက် ဇွန် ၂၅**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်ပြပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်ပြီး ဗန်းမော်အထူးမူးယစ်တပ်ဖွဲ့မှ ရဲအုပ် စိုးဝင်းက မူးယစ်ဆေးဝါး၏ဆိုးကျိုးများအကြောင်း၊ မိုးမောက်မြို့မှ ရဲစခန်းမှူးက မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုအကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူး သက်နိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းတို့ကို ရှင်းလင်းဟောပြောကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော စာအုပ်များ၊ မူးယစ်ဆေးဝါးဆိုင်ရာ နံရံကပ်များကို တက်ရောက်လာကြသူများက ကြည့်ရှုခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

# သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေပြဋ္ဌာန်း

## သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေ

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၂။)**

**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်**

**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို သိပ္ပံ၊နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သိပ္ပံ**ဆိုသည်မှာသဘာဝတရား၏ဖြစ်ပျက်ပြောင်းလဲမှုတို့နှင့် ထိုဖြစ်ပျက်ပြောင်းလဲမှုတို့၏ အကြောင်းအကျိုးအမှန်တို့ကို နည်းစနစ်ကျနစွာ လေ့လာအသုံးချနိုင်သောပညာရပ်ကို ဆိုသည်။

(ခ) **နည်းပညာ** ဆိုသည်မှာ နည်းစဉ်၊ ကျွမ်းကျင်မှု၊ အသိပညာနှင့် အတတ်ပညာတို့ကိုပေါင်းစပ်ထားခြင်းဖြစ်ပြီး ကုန်ထုတ်လုပ်မှု အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းစဉ်ကျွမ်းကျင်မှုကို ဆိုသည်။

(ဂ) **ဆန်းသစ်တီထွင်မှု** ဆိုသည်မှာ မူလစိတ်ကူး၊ ထုတ်ကုန်၊ နည်းပညာတစ်ခုခုကိုအခြေခံလျက် ထူးခြားဆန်းသစ်သော တီထွင်ကြံဆမှုတို့ဖြင့် ပိုမိုကောင်းမွန်သော၊ကွဲပြားခြားနားသော၊ အဖိုးတန်သော စိတ်ကူးများ၊ ထုတ်ကုန်များ၊ နည်းပညာများကို ဖော်ထုတ်ခြင်း သို့မဟုတ် အသုံးချခြင်းကို ဆိုသည်။

(ဃ) **ဆန်းသစ်တီထွင်သူ** ဆိုသည်မှာ ဆန်းသစ်တီထွင်မှုတစ်ခုခုကို ဖန်တီးဖော်ထုတ်သူကို ဆိုသည်။

(င) **သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံနယ်ပယ်တွင် လက်တွေ့အသုံးပြုလျက်ရှိသည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားရေး လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ သို့မဟုတ် ထုတ်လုပ်မှုလုပ်ငန်းများကို ဆိုသည်။

(စ) **လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် အဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ကောလိပ်၊ သိပ္ပံကျောင်းများက ဆောင်ရွက်လျက်ရှိသည့် အသိပညာ၊ အတတ်ပညာများလေ့ကျင့်သင်ကြားခြင်း လုပ်ငန်းများကို ဆိုသည်။

(ဆ) **ဝန်ဆောင်မှုလုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် အသိပညာနှင့် အတတ်ပညာများ ပါဝင်သော အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုကို တစ်နည်းနည်းဖြင့် အသုံးချဆောင်ရွက်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကြံပေးခြင်း လုပ်ငန်းများကို ဆိုသည်။

(ဇ) **ထုတ်လုပ်မှုလုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် ထုတ်လုပ်မှု နည်းပညာတစ်ခုအတွင်း ကုန်ကြမ်း သို့မဟုတ် မူလပစ္စည်းတစ်ခုခုမှ အခြားပစ္စည်းအသစ်တစ်ခုခုသို့ ပြောင်းလဲထုတ်လုပ်ပေးသည့် လုပ်ငန်းများကို ဆိုသည်။

(ဈ) **သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံနည်းကျစွာ စူးစမ်းလေ့လာမှုများကို လက်တွေ့ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် တွေ့ရှိချက်များအပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် နည်းပညာများဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ပေးသည့်လုပ်ငန်းများကိုဆိုသည်။

(ည) **အမျိုးသားအဆင့်သုတေသနလုပ်ငန်းများ** ဆိုသည်မှာ နိုင်ငံတော် လိုအပ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေး ဆောင်ရွက်စေသောသုတေသနလုပ်ငန်းများကို ဆိုသည်။

(ဋ) **နည်းပညာလွှဲပြောင်းခြင်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ နည်းပညာတစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ နည်းပညာအားလုံးကိုသော် လည်းကောင်း ပိုင်ဆိုင်အသုံးပြုရေးအတွက် ဤဥပဒေနှင့်အညီလွှဲပြောင်းခြင်းကို ဆိုသည်။

(ဌ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ဆိုသည်။

(ဍ) **ကော်မတီများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးပညာရပ်နယ်ပယ် တစ်ခုချင်းအလိုက် ကောင်စီ၏ အောက်တွင်ဖွဲ့စည်းထားရှိသော သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်အဖွဲ့များကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးစီးဌာန** ဆိုသည်မှာ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနကို ဆိုသည်။

(တ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ လျှောက်ထားသော နည်းပညာ လွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်များကို စိစစ်၍ မှတ်ပုံတင်ပေးသော ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

### အခန်း(၂)

### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသား လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများဖွံ့ဖြိုးလာစေရန်၊

(ခ) စွမ်းအင်၊ဓာတ်သတ္တုနှင့်အခြားသယံဇာတအရင်းအမြစ်များအား စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် ခေတ်မီသိပ္ပံနှင့်နည်းပညာကို အခြေခံသည့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားပြီး နိုင်ငံတကာဈေးကွက်တွင် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ရေးအတွက် သုတေသနရလဒ်များမှ နည်းပညာပြန့်ပွားခြင်းနှင့် နည်းပညာလွှဲပြောင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(ဃ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းများတွင် ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးအတွက် လေ့ကျင့်ပညာပေးခြင်းကို ဆောင်ရွက်နိုင်ရန်၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများနှင့် ပညာရပ်နယ်ပယ်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပရှိ သုတေသနဌာနများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှု ကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများအကြား အချင်းချင်း ဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပညာရပ်နယ်ပယ်မှ ထူးချွန်သော ပညာရှင်များနှင့် ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်၊ ထိုက်သင့်သော အကျိုးခံစားခွင့်များ ရရှိစေရန်နှင့် ယင်းတို့၏ ဆန်းသစ်တီထွင်မှုများကို အကာအကွယ်ပေးရန်၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ရန်ပုံငွေဖြင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုပညာရပ်နယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ် တီထွင်ဖန်တီးမှုများနှင့် ဈေးကွက်စီးပွားရေးကို အားပေးသော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊

(ဇ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် အဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ သက်မွေးပညာသင်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုပြပွဲ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများ ကျင်းပရေးစီစဉ်ဆောင်ရွက်နိုင်ရန်။

### အခန်း (၃)

### အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို အဖွဲ့ဝင် ၃၀ ဦးထက်မပိုသော အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦး | ဥက္ကဋ္ဌ |
| (၂) | ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး | ဒုတိယ ဥက္ကဋ္ဌ |
| (၃) | သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ | အဖွဲ့ဝင်များ |
| (၄) | သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှအကြီးအမှူးများ | အဖွဲ့ဝင်များ |
| (၅) | သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပညာရပ် နယ်ပယ်အလိုက် ထင်ပေါ်ကျော်ကြားသည့် ကျွမ်းကျင်ပညာရှင်များ | အဖွဲ့ဝင်များ |
| (၆) | ပညာရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး |
| (၇) | ဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ် | တွဲဖက် အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့်ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကောင်စီ၏သက်တမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီဖြစ်သည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိသည်။

### အခန်း (၄)

### ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါရည်ရွယ်ချက်များကို အထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒများချမှတ်ခြင်း၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများက ဆောင်ရွက်လျက်ရှိသည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လမ်းညွှန်ခြင်း၊ အားပေးခြင်း၊ အထောက်အကူပြုခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောပညာရှင်များ မွေးထုတ်ရန်နှင့် ယင်းတို့၏ အရည်အချင်း တိုးတက်မြင့်မားလာစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) ပညာအရည်အသွေးနိမ့်ကျရသော အကြောင်းရင်းများကို ဖော်ထုတ်ပြင်ဆင်၍ တက္ကသိုလ်၊ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကျောင်းများနှင့် လူမှု နယ်ပယ်အသီးသီးမှ ထူးချွန်ကျောင်းသားများနှင့် ဝန်ထမ်းများအား သက်ဆိုင်ရာနယ်ပယ်အလိုက် သုတေသီများ၊ ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးခြင်း၊

(င) ပြည်တွင်း ပြည်ပရှိ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနဌာနများ၊ တက္ကသိုလ်များ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန် အစီအမံများ ချမှတ်ခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများအတွက် အရည်အသွေး၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သော စံချိန်စံညွှန်းများ၊ နည်းပညာဆိုင်ရာကျင့်ထုံးများ ပြုစုရေးနှင့်စပ်လျဉ်း၍ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာအသင်းအဖွဲ့များ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအဆင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်မှုပေးခြင်း၊ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဇ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပြည်တွင်း ပြည်ပ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စာတမ်းဖတ်ပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ ကျင်းပရေးနှင့် တက်ရောက်ရေးတို့အတွက် အားပေးခြင်း၊

(ဈ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အမျိုးသားအဆင့် ဥယျာဉ်၊ပြတိုက်နှင့်စာကြည့်တိုက်များ တည်ထောင် ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ သိပ္ပံ၊ နည်းပညာရပ်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းထားရှိခြင်းနှင့် ဖြန့်ဝေအသိပေးခြင်း၊

(ည) ပြည်တွင်း ပြည်ပနည်းပညာလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အကြံပြုတင်ပြခြင်း၊

(ဋ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုပညာရပ်နယ်ပယ်မှ ထူးချွန်သော ပညာရှင်များ၊ ဆန်းသစ်တီထွင်သူများကို သတ်မှတ်ချက်နှင့်အညီ ဆုငွေချီးမြှင့်ခြင်း၊ နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် ထောက်ခံတင်ပြခြင်း၊

(ဌ) ကောင်စီ၏အောက်တွင် သင့်လျော်မည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုပညာရပ်နယ်ပယ် တစ်ခုချင်းအလိုက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပညာရပ်၊ အတွေ့အကြုံနှင့် ကျွမ်းကျင်သူ ဝါရင့်ပညာရှင်တစ်ဦးဦးက ဦးဆောင်ပြီး သင့်လျော်မည့်ပညာရှင်များဖြင့် ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဍ) ပြည်ပရောက် မြန်မာနိုင်ငံသားသိပ္ပံပညာရှင်များနှင့် နိုင်ငံတကာ သိပ္ပံပညာရှင်များကို မြန်မာနိုင်ငံ၏ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်လာစေရန် လိုအပ်သော အစီအမံများ ချမှတ်ခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း၊

(ဎ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသန စီမံကိန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နှစ်စဉ်လိုအပ်မည့် အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့နိုင်ရန် ဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း၊

(ဏ) သိပ္ပံ၊နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာရန်ပုံငွေတစ်ရပ် ထူထောင်၍ လက်ခံရယူခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းရှင်းလင်းခြင်းတို့ကို တာဝန်ယူဆောင်ရွက်မည့် ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(တ) ကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ နှစ်စဉ် တင်ပြခြင်း။

*ဆက်လက်ဖော်ပြပါမည်*

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်



ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ၇ ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော်ကြီးကို တည်ထားလျက်ရှိပါသည်။

ယင်းသို့တည်ထားကိုးကွယ်ရာတွင် ထေရဝါဒသာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနား ၉ မျိုးနှင့်အညီ ဖြစ်စေရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါမဟာမင်္ဂလာ ၉မျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင် တွင်းတော်ဝန်းမဟာမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာတို့ကို သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ၁၉.၆.၂၀၁၈ရက်နေ့တွင် သတ္တဋ္ဌာနမူလဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာကို ကျင်းပမည်ဖြစ်ပြီး အောက်ဖော်ပြပါမဟာမင်္ဂလာ ၅မျိုးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) အလယ်ဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာ၊
(ခ) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ၊
(ဂ) အထက်ဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာ၊
(ဃ) ရွှေထီးတော်တင် မဟာမင်္ဂလာ၊
(င) မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ။

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မျက်မြင် ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးတွင် သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများနှင့် တန်ခိုးကြီးဘုရားများရှိ အလှူခံနေရာများသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | အမည်/ရာထူး | နေရာ | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဦးသောင်းဝင်း ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ (ဝန်ကြီးရုံး)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် | ၀၆၇ ၃၄၀၆၂၇၆ ၀၉ ၄၂၀၇၀၁၄၆၃ |
| (ခ) | ဦးမောင်မောင်မျိုး ညွှန်ကြားရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်၊ နေပြည်တော် | ၀၆၇ ၃၅၅၀၁၈၃ ၀၉ ၂၁၃၂၁၉၁ |
| (ဂ) | ဦးကြင်ခိုင် ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ကမ္ဘာအေးဘုရားဝင်း၊ ရန်ကုန်မြို့ | ၀၁ ၆၆၁၂၇၅ ၀၉ ၅၁၈၃၄၇၁ |
| (ဃ) | ဦးကျော်စိန်ဝင်း ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ၆၂လမ်း၊ မန္တလေးမြို့ | ၀၂ ၆၆၁၁၁၃ ၀၉ ၂၀၀၀၁၀၀ ၀၉ ၄၃၁၂၅၃၇၃ |
| (င) | ဦးရဲအောင်နိုင် စီမံဌာနမှူး | ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး | ၀၉-၃၃၀၅၂၂၅၈ |
| (စ) | ဦးထွန်းအောင်ငွေ ရုံးအဖွဲ့မှူး | ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး | ၀၉-၇၃၂၄၄၁၄၇ ၀၁-၃၇၀၀၈၉ |
| (ဆ) | ဦးကျော်နိုင်ထွန်း ရုံးအဖွဲ့မှူး | ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး | ၀၉-၂၅၀၀၀၃၁၈၀ ၀၁-၂၉၂၁၆၉ |
| (ဇ) | ဦးမြင့်အုန်း ရုံးအဖွဲ့မှူး | ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး | ၀၉-၂၅၀၆၇၇၂၈၉ ၀၁-၆၆၁၀၀၂ |
| (ဈ) | ဦးမောင်မောင်ဦး အတွင်းရေးမှူး | ဝေဠုဝနကျောက်စိမ်းစေတီတော်ဂေါပက အဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး | ၀၉-၇၇၇၀၃၅၄၉၈ |
| (ည) | ဦးချစ်ကိုကို ရုံးအဖွဲ့မှူး | ဝေဠုဝနကျောက်စိမ်းစေတီတော်ဂေါပက အဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး | ၀၉-၇၉၇၁၃၁၈၇၃ |
| (ဋ) | ဦးစိုးလင်း ဥက္ကဋ္ဌ | မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး | ၀၉-၂၀၀၁၇၆၇ |
| (ဌ) | ဦးသိန်းထွန်း ရုံးအဖွဲ့မှူး | မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး | ၀၉-၄၄၄၀၄၄၄၇၅ |
| (ဍ) | ဦးသိန်းထွန်း ဥက္ကဋ္ဌ | မန္တလေးတောင်တော်ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး | ၀၉-၂၀၁၂၄၀၂ |

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတို့ကိုမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သတင်းထုတ်ပြန်

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးခန်းမ၌ ဇွန် ၂၅ ရက် ညနေ ၄ နာရီခွဲက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က သတင်းထုတ်ပြန်သည့် အခမ်းအနားကျင်းပခဲ့သည်။



အဆိုပါ သတင်းထုတ်ပြန်ချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်းသုံးခုနှင့် အတည်ပြုလုပ်ငန်း ခုနစ်ခု စုစုပေါင်းလုပ်ငန်း ၁၀ ခုကို ခွင့်ပြုခဲ့ရာ အတည်ပြုလုပ်ငန်း ခုနစ်ခုတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ နှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှလေးခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တစ်ခုတို့ဖြစ်ပြီး စုစုပေါင်းလုပ်ငန်း ၁၀ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၄၁၆ သန်းကို ခွင့်ပြု အတည်ပြုပေးခဲ့၍ အဆိုပါလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၃၀၇ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ၁၀ ခုတွင် စက်မှုကဏ္ဍမှ ခုနစ်ခု၊ ဟိုတယ် ကဏ္ဍမှ တစ်ခုနှင့် အခြားကဏ္ဍမှ နှစ်ခုတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဧပြီလမှ စက်တင်ဘာလ ခြောက်လအတွင်း ဇွန်လအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု၊ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၅ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈၂ ဒသမ ၅၅၂ သန်းဖြစ်၍ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၈၅ ဒသမ ၆၇၂ သန်းနှင့် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀၂၀၁ ဦးကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

အထူးစီးပွားရေးဇုန် ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၀၀၀ သန်း ခွင့်ပြုခဲ့သောကြောင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ ခြောက်လအတွင်း ဇွန်လအထိ စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၉ ဒသမ ၁၀၀ ဖြစ်၍ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ ၅၃၄ ဒသမ ၇၇၂ သန်းဖြစ်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ ခြောက်လအတွင်း ဇွန်လအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု၊ အတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၅ ခုရှိပြီးတော့ အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၁၂၆ သန်း အပါအဝင် ကျပ် ၆၈၅၇၅၆၈၉ သန်း ဖြစ်ပါတယ်၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၁၃၂ ဒသမ ၂၇၄ သန်း အပါအဝင် ကျပ် ၆၉၈၆၆၆၈၉ သန်း ခွင့်ပြုပြီးဖြစ်ပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတွင် အဆိုပြုလုပ်ငန်းနှစ်ခုနှင့် အတည်ပြုလုပ်ငန်း ကိုးခု စုစုပေါင်း ၁၁ ခုကို ခွင့်ပြုခဲ့ပြီး အဆိုပြုလုပ်ငန်း နှစ်ခုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့ကြောင်း အတည်ပြုလုပ်ငန်း ကိုးခုတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ နှစ်ခု၊ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ နှစ်ခု၊ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တစ်ခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တစ်ခုနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သုံးခုပါဝင်၍ စုစုပေါင်း ခွင့်ပြု၊ အတည်ပြုလုပ်ငန်း ၁၁ ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏအမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇၉၈ သန်း အပါအဝင် ကျပ် ၂၉၇၉၆၀၉၀သန်းကို ခွင့်ပြုပေးခဲ့ရာ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၈၆၃ ခု ကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ခွင့်ပြု၊ အတည်ပြု လုပ်ငန်း ၁၁ ခုတွင် အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍမှ တစ်ခု၊ ဟိုတယ်ကဏ္ဍ သုံးခု၊ အခြားကဏ္ဍမှ နှစ်ခုနှင့် စက်မှုကဏ္ဍမှ ငါးခုတို့ဖြစ်ကြောင်း သိရ သည်။

**သတင်း-သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့၏ (၆)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲအောက်ရှိ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)နှင့် ရေယာဉ်များမှ တပ်ဖွဲ့ဝင် ၂၆ ဦးတို့ ဇွန် ၂၅ ရက်က ရန်ကုန်မြို့ အမျိုးသားသွေးလှူဘဏ်၌ စုပေါင်းသွေးလှူစဉ်။**

မြန်မာ့အလင်း

# ညောင်ဦးမြို့နယ် ရွှေပုံသာ ရှေးဟောင်းဘုရားစေတီတော်များ ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး အလှူရှင်များ လှူဒါန်းနိုင်

**ညောင်ဦး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မြောင်ကျေးရွာနှင့် လယ်ကန်ကျေးရွာကြားရှိ အေဒီ (၁၃)ရာစုခန့်က တည်ထားကိုးကွယ်ခဲ့သည့် ရွှေပုံသာ ရှေးဟောင်းစေတီတော် ၁၁ ဆူအား ဒေသခံများက ချုံနွယ်များရှင်းလင်းရာမှ ရှာဖွေတွေ့ရှိခဲ့ပြီး ယခုတစ်ခါ ထပ်မံ၍ ရှေးဟောင်းဘုရားစေတီနှစ်ဆူကို ဆက်လက်တူးဖော်တွေ့ရှိခဲ့သည့်အတွက် စုစုပေါင်း ရှေးဟောင်းဘုရားစေတီ ၁၃ ဆူ ရှာဖွေတွေ့ရှိခဲ့သည်။

ယခုအခါ အဆိုပါရှေးဟောင်းစေတီတော် ၁၃ ဆူအား ပြန်လည်ပြုပြင်မွမ်းမံနိုင်ရန်အတွက် ညောင်ဦးမြို့ တိုက်သစ်ကျောင်းဆရာတော် (မြို့နယ်သံဃနာယကဥက္ကဋ္ဌ) ဘဒ္ဒန္တပညာသီရိ ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များနှင့် ဒေသခံကျေးရွာသူ ကျေးရွာသားများက ညောင်ဦးမြို့နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)၏ ခွင့်ပြုမိန့်ဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရှေးဟောင်းစေတီများ ပြုပြင်မွမ်းမံရာတွင် အလှူရှင်အကူအညီလိုအပ်နေသည့်အတွက် အလှူရှင်များအနေဖြင့် ထည့်ဝင်လှူဒါန်းလိုပါက ဖုန်း-၀၉- ၂၀၄၂၅၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရွှေတိဂုံစေတီတော်ကြီးနှင့် သိင်္ဂုတ္တရကုန်းမြေ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်သွားမည်

**ရန်ကုန် ဇွန် ၂၅**

ရွှေတိဂုံစေတီတော်ကြီးနှင့် သိင်္ဂုတ္တရကုန်းမြေ တည်တံ့ခိုင်မြဲရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အင်ဂျင်နီယာပညာရှင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန် ရှိသူများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၄ ရက်က စေတီတော်ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အဖွင့်အမှာစကားပြောကြားပြီး စေတီတော်ဘဏ္ဍာထိန်းဂေါပက အလှည့်ကျသဘာပတိက လိုအပ်မှုများအတွက် ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသော ပညာရှင်များက စေတီတော်နှင့် ကုန်းမြေရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အကြံပြုဆွေးနွေးခဲ့ကြသည်။



စေတီတော် ရွှေသင်္ကန်းကပ်လှူရန်အတွက် ၂၀၁၈/၂၀၁၉ ခုနှစ် ငြိမ်းဆင်သည့်အခါတွင် ကိုယ်လုံးတော်ကြံ့ခိုင်ရေးကို ခေတ်မီစက်ကိရိယာများဖြင့် စစ်ဆေးလေ့လာသွားမည်ဟု ဆိုသည်။

ရင်ပြင်တော်ကြံ့ခိုင်ရေးတွင် မိုးရွာမှုနှုန်း အားကောင်းလာသည့်အတွက် ကုန်းမြေပြိုကျမှုမဖြစ်စေရန် ရေဆင်းမြောင်းများကိုစိစစ်ပြီး လိုအပ်ပါက ရေမြောင်းများ ထပ်မံတူးဖော်ထားရှိရေးနှင့် မိုးရွာစဉ်တွင် မြေပြင်အနေအထားကို လက်တွေ့ကွင်းဆင်း ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု သိရသည်။

ထို့အပြင် ယခင်က တည်ဆောက်ခဲ့သော မြေထိန်းမဟာနံရံမုခ်တံတိုင်းလေးခုကို ပြန်လည်စိစစ်၍ လိုအပ်သောနေရာတို့တွင် ပိုင်ရိုက်ထိန်းချုပ်သွားမည်ဟု ဆိုသည်။

ဘုရားကြီး၏ ဝတ္တကမြေ ၁၁၄ ဧက အတွင်း ရေများစနစ်တကျသုံးစွဲရေး၊ သာယာလှပရေး၊ သန့်ရှင်းရေးများအပြင် ဝတ္တကနယ်မြေအလွန် အနီးဝန်းကျင်တည်ဆောက်ရေးအတွက် မြေတူးဖော်ခြင်းများကိုပါ သက်ဆိုင်ရာဌာနများက ကန့်သတ်သွားရန် စီစဉ်မှုများရှိမည်ဟု ဂေါပရုံးအဖွဲ့မှူး ဦးထွန်းအောင်ငွေထံမှ သိရသည်။

ပြင်ပသုတေသန ဘူမိဗေဒပညာရှင်ကြီးတစ်ဦးက "ဇွန် ၁၇ ရက်က မော်လမြိုင် ကျိုက်သလ္လံစေတီကုန်း အစိတ်အပိုင်းတစ်ခုပြိုကျလို့ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်၊ သင်ခန်းစာ တစ်ခု သတိပေးမှုတစ်ခုပါ၊ ကျွန်တော်တို့အနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေလုပ်ဖို့ လိုလာပါပြီ၊ ဖြစ်သွားပြီးမှ ပြန်လည်ပြုပြင်တာထက် မဖြစ်ခင်က ကြိုတင်ထိန်းသိမ်းစောင့်ရှောက်ခြင်းက ပိုကောင်းပါတယ်"ဟု ဆိုသည်။

ကုန်းမြေ လက်ရှိအနေအထားကို သိရှိနိုင်ရန်အတွက် ဘူမိဗေဒပညာရှင်များဖြင့်ပါ မြေလွှာ၊ ကျောက်လွှာရေကြောများကိုပါ စစ်ဆေးသွားမည်ဟု သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ မေလအထိ | ၂၀၁၈ မေလအထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | လေကြောင်းဖြင့်လာရောက်သူများ | ၅၆၁၉၃၆ | ၅၆၅၁၀၃ | ၃၁၆၇ | (+) ၁% |
| ၂။ | ရေကြောင်းဖြင့်လာရောက်သူများ | ၃၉၀၄ | ၆၈၃၃ | ၂၉၂၉ | (+) ၇၅% |
| ၃။ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ လာရောက်သူများ | ၁၈၀၆၂ | ၂၁၂၃၅ | ၃၁၇၃ | (+) ၁၈% |
| | **ဗီဇာဖြင့်လာရောက်သူပေါင်း** | **၅၈၃၉၀၂** | **၅၉၃၁၇၁** | **၉၂၆၉** | **(+) ၂%** |
| ၄။ | နယ်စပ်တွင်ဝင်ရောက်သူများ | ၉၃၂၈၃၉ | ၈၉၅၇၉၉ | -၃၇၀၄၀ | (-) ၄% |
| | စုစုပေါင်း | ၁၅၁၆၇၄၁ | ၁၄၈၈၉၇၀ | -၂၇၇၇၁ | (-) ၂% |

# မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်များ ဗီဇာဖြင့်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ မေလအထိ | ၂၀၁၈ မေလအထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | လေကြောင်းဖြင့်လာရောက်သူများ | | | | |
| | (က) ရန်ကုန်လေဆိပ် | ၄၉၀၁၈၂ | ၄၉၀၇၆၃ | ၅၈၁ | (+) ၀ % |
| | (ခ) မန္တလေးလေဆိပ် | ၆၅၇၀၈ | ၆၈၄၅၇ | ၂၇၄၉ | (+) ၄ % |
| | (ဂ) နေပြည်တော်လေဆိပ် | ၆၀၄၆ | ၅၆၄၀ | -၄၀၆ | (-) ၇ % |
| | (ဃ) မြိတ်လေဆိပ် | | ၂၄၃ | ၂၄၃ | (+) ၁၀၀% |
| | **လေကြောင်းဖြင့် လာရောက်သူပေါင်း** | **၅၆၁၉၃၆** | **၅၆၅၁၀၃** | **၃၁၆၇** | **(+) ၁%** |
| ၂။ | **ရေကြောင်းဖြင့်လာရောက်သူပေါင်း** | **၃၉၀၄** | **၆၈၃၃** | **၂၉၂၉** | **(+) ၇၅%** |
| ၃။ | **နယ်စပ်ဝင်ပေါက်မှ အတွင်းပိုင်းထိ ဝင်ရောက်သူများ** | | | | |
| | (က) တာချီလိတ် | ၄၃၇၁ | ၃၇၇၁ | -၆၀၀ | (-) ၁၄ % |
| | (ခ) မြဝတီ | ၈၂၁၅ | ၉၂၇၈ | ၁၀၆၃ | (+) ၁၃ % |
| | (ဂ) ထီးခီး | ၈၄၁ | ၆၀၀ | -၂၄၁ | (-) ၂၉ % |
| | (ဃ) ကော့သောင်း | ၄၅၅၈ | ၇၀၉၄ | ၂၅၃၆ | (+) ၅၆ % |
| | (င) တမူး | ၇၆ | ၄၉၂ | ၄၁၆ | (+) ၅၄၇% |
| | (စ) မူဆယ် | ၁ | | -၁ | (-) ၁၀၀ % |
| | **နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ ဝင်ရောက်သူများ** | **၁၈၀၆၂** | **၂၁၂၃၅** | **၃၁၇၃** | **(+) ၁၈%** |
| | **ဗီဇာဖြင့်လာရောက်သူစုစုပေါင်း** | **၅၈၃၉၀၂** | **၅၉၃၁၇၁** | **၉၂၆၉** | **(+) ၂%** |

# နယ်စပ်ဒေသတွင် ပြည်ပဧည့်သည်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ မေလအထိ | ၂၀၁၈ မေလအထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | တာချီလိတ် | ၃၁၅၆၇၆ | ၃၅၄၆၆၀ | ၃၈၉၈၄ | (+) ၁၂% |
| ၂။ | ကော့သောင်း | ၁၆၃၈၉၃ | ၁၆၄၇၁၅ | ၈၂၂ | (+) ၁% |
| ၃။ | မြဝတီ | ၅၅၁၆၈ | ၄၄၆၈၉ | -၁၀၄၇၉ | (-) ၁၉% |
| ၄။ | ထီးခီး | ၃၆၇၆ | ၄၅၃၃ | ၈၅၇ | (+) ၂၃% |
| ၅။ | မူဆယ် | ၂၈၈၅၈၁ | ၂၄၁၂၃၂ | -၄၇၃၄၉ | (-) ၁၆% |
| ၆။ | လောက်ကိုင် | ၃၁၀၁၄ | ၁၆၂၂၄ | -၁၄၇၉၀ | (-) ၄၈% |
| ၇။ | ချင်းရွှေဟော် | ၃၃၅၁၀ | ၁၉၂၂၀ | -၁၄၂၉၀ | (-) ၄၃% |
| ၈။ | လွယ်ဂျယ် | ၆၃၀၁ | ၃၀၆၈ | -၃၂၃၃ | (-) ၅၁% |
| ၉။ | ကန်ပိုက်တီ | ၁၇၅၇၉ | ၂၄၆၀၀ | ၇၀၂၁ | (+) ၄၀% |
| ၁၀။ | တမူး | ၁၇၄၄၁ | ၂၂၈၅၈ | ၅၄၁၇ | (+) ၃၁% |
| | **ပေါင်း** | **၉၃၂၈၃၉** | **၈၉၅၇၉၉** | **-၃၇၀၄၀** | **(-)၄%** |

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပမည်




**နေပြည်တော် ဇွန် ၂၅**

၂၀၁၈ ခုနှစ် ဇူလိုင် ၇ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်အဖြစ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲကို ဇူလိုင် ၇ ရက်မှ ၉ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၁၆) နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဈေးရောင်းပွဲတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်များ၊ အဝတ်အထည်အမျိုးမျိုး၊ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် လက်မှုပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် လာရောက်ကြည့်ရှု၍ လွတ်လပ်စွာ ဝယ်ယူအားပေးနိုင်ကြသည်။ **သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇွန် ၂၅**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ခွေးရူးရောဂါဖယ်ရှားရေး အမျိုးသားအဆင့် မဟာဗျူဟာမူဘောင်ရေးဆွဲရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၅**

ခွေးရူးရောဂါဖယ်ရှားရေး အမျိုးသားအဆင့် မဟာဗျူဟာမူဘောင်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ ကမ္ဘာတွင် တစ်နှစ်လျှင်လူ ၅၅၀၀၀ မှ ၇၀၀၀၀ခန့် ခွေးရူးရောဂါဖြင့် သေဆုံးလျက်ရှိပါကြောင်း၊ ခွေးရူးရောဂါသည် အာရှနှင့် အာဖရိကနိုင်ငံများ၏ ဆင်းရဲသောကျေးရွာများတွင် ထိခိုက်မှုပိုမိုဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံသည် ခွေးရူးရောဂါဖြစ်ပွားမှုတွေ့ရှိရသော နိုင်ငံတစ်ခုဖြစ်ပြီး ဆုံးရှုံးမှုများမှ ကာကွယ်ရန် အစီအမံများ ချမှတ်ရန်လိုအပ်လျက်ရှိပါကြောင်း၊ OIE၊ WHO၊ FAO စသည့် နိုင်ငံတကာအဖွဲ့အစည်းကြီး သုံးခုမှ One World One Health အတွေးအမြင်ဖြင့် တိရစ္ဆာန်မှတစ်ဆင့်လူကိုကူးစက်သည့် အရေးကြီးရောဂါအဖြစ် ကိုင်တွယ်ထိန်းချုပ်နေသည့် ရောဂါများတွင် ခွေးရူးရောဂါလည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လအတွင်း နေပြည်တော်တွင် ကျင်းပခဲ့သော One Health Strategy အလုပ်ရုံဆွေးနွေးပွဲမှလည်း ခွေးရူးရောဂါကို ဦးစားပေးထိန်းချုပ်ရမည့် ရောဂါအဖြစ် သဘောတူသတ်မှတ်ခဲ့ပါကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကင်းစင်ရေး ရည်မှန်းချက်ဖြင့် အောင်မြင်ရန်အတွက် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နိုင်ရန်အတွက် အစိုးရ၊ ပြည်သူ၊ အလှူရှင်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ရောဂါပိုးကြောင့် ဖြစ်ပွားရပြီး ခွေးရူးရောဂါဖြစ်ပွားလျက်ရှိသည့် ခွေး၏သွားရည်မှတစ်ဆင့် ကူးစက်ဖြစ်ပွားရခြင်းဖြစ်ပါကြောင်း၊ ခွေးရူးရောဂါလက္ခဏာပြမှ ရောဂါကို ကုသပါကပျောက်ကင်းမှုလုံးဝမရှိဘဲ သေဆုံးစေနိုင်ပါကြောင်း၊ ခွေးရူးရောဂါမှာ ကာကွယ်ဆေးဖြင့် ကြိုတင်ကာကွယ်မည်ဆိုလျှင် ရာနှုန်းပြည့်ကာကွယ်နိုင်သည့် ရောဂါတစ်ခု ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အိမ်မွေးတိရစ္ဆာန်ခွေးများကို ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းဖြင့် ခွေးရူးရောဂါကြောင့် သေကျေဆုံးရှုံးမှုကို လျော့ပါးစေနိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) မှ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ခွေးရူးရောဂါကာကွယ်မှုလုပ်ငန်းများကို အသိအမှတ်ပြု ပံ့ပိုးသည့်အနေဖြင့် ၂၀၁၃ ခုနှစ် နှင့် ၂၀၁၅ ခုနှစ်တို့တွင် ခွေးရူးရောဂါ ကာကွယ်ဆေးများလှူဒါန်းပေးခဲ့ပြီး အုပ်စုလိုက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ အားစိုက်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်ထိ ခွေး ကောင်ရေ ၂၄၀၀၀၀ ခန့် ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၈ ခုနှစ်အတွင်း Pilot မြို့နယ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည့် လယ်ဝေး၊ ညောင်ဦးနှင့် မော်ဘီမြို့နယ်များတွင် ခွေးကောင်ရေကာကွယ်ဆေး အခမဲ့အောင်မြင်စွာ ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့မှ ဒေသဆိုင်ရာကိုယ်စားလှယ် Dr R.Abila ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# အုပ်စုနောက်ဆုံးပွဲမှာ နိုင်ပွဲရယူဖို့ခက်ခဲမယ့် ပြင်သစ်

**ဝင်းမြတ်**

**၂၆ ဇွန်လ ၂၀၁၈ ည ၈း၃၀ (Stadion Luzhniki )**



ဇွန် ၂၆ ရက် ညမှာတော့ အုပ်စု(ဂ)ရဲ့ အုပ်စုနောက်ဆုံးပွဲစဉ်တွေကို ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲတွေအနက် ဒိန်းမတ်နဲ့ ပြင်သစ်တို့ရဲ့ပွဲကို သုံးသပ်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။



### ဒိန်းမတ်ရဲ့အခြေအနေ

ဒိန်းမတ်အနေနဲ့ နှစ်ပွဲကစားပြီး လေးမှတ်ရရှိထားခဲ့တာကြောင့် ဒီပွဲစဉ်မှာ သရေကစားနိုင်ရုံနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒိန်းမတ်တို့ အားစိုက်ကစားလာမှာဖြစ်သလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေပါတယ်။

### ပြင်သစ်ရဲ့အခြေအနေ

ပြင်သစ်ကတော့ လက်ရှိအချိန်မှာ ခြောက်မှတ်ရယူထားနိုင်တာကြောင့် ဒီပွဲမှာ ရှုံးပွဲမကြုံခဲ့ဘူးဆိုရင် အုပ်စုပထမနေရာကို ရယူနိုင်ဖို့အတွက် သေချာသွားမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ပြင်သစ်ရဲ့တိုက်စစ် ကစားပုံကလည်း သာမန်သာရှိပါတယ်။

### သုံးသပ်ချက်

ဒိန်းမတ်တို့ သရေကျခဲ့ရင်တောင်မှ နောက်တစ်ဆင့်ကို တက်ရောက်နိုင်မှာဖြစ်တာကြောင့် တိုက်စစ်ကစားဖို့ထက် ခံစစ်ကို ပိုမိုအားပြုလာနိုင်ပါတယ်။ ပြင်သစ်ကလည်း အဓိကကစားသမားတွေကို အနားပေးလာနိုင်သလို တိုက်စစ်အားနည်းတယ်။ သရေကျမယ်။

# အုပ်စုနောက်ဆုံးပွဲမှာလည်း နိုင်ပွဲရဖို့ ခက်တဲ့ဩစတြေးလျ

**၂၆ ဇွန်လ ၂၀၁၈ ည ၈း၃၀ (Olimpiyskiy Stadion Fisht)**



အုပ်စု(ဂ)ရဲ့ အခြားအုပ်စုနောက်ဆုံးပွဲစဉ် တစ်ပွဲဖြစ်တဲ့ ဩစတြေးလျနဲ့ ပီရူးတို့ရဲ့ပွဲကို ဒိန်းမတ်-ပြင်သစ်တို့ရဲ့ပွဲနဲ့ တစ်ပြိုင်တည်း ကျင်းပသွားမှာဖြစ်ပြီး ဩစတြေးလျတို့ နိုင်ပွဲရမလား စောင့်ကြည့်ရမယ်။



### ဩစတြေးလျရဲ့အခြေအနေ

လက်ရှိအချိန်မှာ ဩစတြေးလျအနေနဲ့ သရေတစ်မှတ်ရရှိထားပေမယ့် ဒီပွဲကို အနိုင်ကစားကာ ဒိန်းမတ်ကလည်း ပြင်သစ်ကို အရေးနိမ့်ခဲ့မယ်ဆိုရင် ဩစတြေးလျတို့ နောက်တစ်ဆင့်တက်နိုင်ဖို့ မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။

### ပီရူးရဲ့အခြေအနေ

ပီရူးကတော့ နှစ်ပွဲစလုံး အရေးနိမ့်ခဲ့တာကြောင့် နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခြေ မရှိတော့ပါဘူး။ ဒါပေမယ့်လည်း အုပ်စုနောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။

### သုံးသပ်ချက်

ဩစတြေးလျတို့ နိုင်ပွဲရဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် တိုက်စစ်ပိုင်း အားနည်းနေတာကြောင့် ဖိအားကင်းကင်းနဲ့ ကစားလာမယ့် ပီရူးကို အသာရဖို့ ခက်ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ ဩစတြေးလျတို့ သရေလောက်ပဲ ကစားနိုင်ခြေရှိပါတယ်။

# နောက်တစ်ဆင့်အတွက် ခြေကုန်ထုတ်လာကြမယ့်ပွဲ

**၂၇ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Saint-Petersburg Stadium)**



ဇွန် ၂၇ ရက် နံနက်ပိုင်းမှာတော့ အုပ်စု(ဃ)ရဲ့ နောက်ဆုံးပွဲစဉ်တွေကို ကျင်းပသွားမှာ ဖြစ်ပြီး အဆိုပါပွဲတွေအနက် နောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ်ဖြစ်နေတဲ့ နိုင်ဂျီးရီးယားနဲ့ အာဂျင်တီးနားတို့ပွဲကို သုံးသပ်တင်ပြလိုက်ရပါတယ်။



### နိုင်ဂျီးရီးယားရဲ့အခြေအနေ

နိုင်ဂျီးရီးယားဟာ လက်ရှိအချိန်မှာ သုံးမှတ် ရရှိထားတာကြောင့် ဒီပွဲမှာ သရေကျခဲ့ရင်တောင်မှ နောက်တစ်ဆင့်တက်နိုင်ဖို့ မျှော်လင့်နိုင်မှာဖြစ်သလို နိုင်ပွဲရခဲ့မယ်ဆိုရင်တော့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ သေချာသွားမှာ ဖြစ်ပါတယ်။

### အာဂျင်တီးနားရဲ့အခြေအနေ

အာဂျင်တီးနားက တစ်မှတ်သာ ရရှိထားလို့ ဒီပွဲမှာ အနိုင်ရပါမှ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။

### သုံးသပ်ချက်

အာဂျင်တီးနားတို့ နိုင်ပွဲရဖို့အတွက် အားစိုက်ကစားလာမှာ ဖြစ်ပေမယ့် ဖန်တီးမှုပိုင်း အားနည်းတာကြောင့် တိုက်စစ်ကပါ ဂိုးရဖို့ခက်ခဲနေလို့ နိုင်ဂျီးရီးကသာ ခံစစ်အားပြုကစားလာရင် အခက်တွေ့နိုင်ပါတယ်။ အာဂျင်တီးနား အနိုင်ရရင်တောင် ဂိုးမပြတ်နိုင်ဘူး။

# လူမစုံနိုင်တဲ့ ခရိုအေးရှားကို အန်တုမယ့် အိုက်စလန်

**၂၇ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Rostov Arena)**



ဇွန် ၂၇ ရက် နံနက်ပိုင်းမှာတော့ အုပ်စု(ဃ)ရဲ့ နောက်ဆုံးပွဲစဉ်တွေကို ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲတွေအနက် အိုက်စလန်နဲ့ ခရိုအေးရှားတို့ ဆုံတွေ့နေတဲ့ပွဲကို သုံးသပ်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။



### အိုက်စလန်ရဲ့အခြေအနေ

အိုက်စလန်အနေနဲ့ တစ်မှတ်သာ ရရှိထားပေမယ့်လည်း ဒီပွဲမှာသာ အနိုင်ရခဲ့ရင် နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အိုက်စလန်တို့ ခြေကုန်ထုတ်လာမှာ ဖြစ်ပါတယ်။

### ခရိုအေးရှားရဲ့အခြေအနေ

ခရိုအေးရှားကတော့ နောက်တစ်ဆင့်ကို တက်ရောက်ဖို့ သေချာနေတဲ့အပြင် ဒီပွဲမှာသရေကစားနိုင်ရုံနဲ့ အုပ်စုပထမနေရာကို ရယူနိုင်မှာလည်း ဖြစ်လို့ အဓိက ကစားသမားတွေကို အနားပေးလာမယ့် အခြေအနေမှာ ရှိပါတယ်။

### သုံးသပ်ချက်

ခရိုအေးရှားဟာ ခြေစွမ်းပိုင်းတောက်လျှောက် ကောင်းမွန်ခဲ့ပေမယ့် ဒီပွဲမှာသာ အဓိက ကစားသမားတွေကို အနားပေးခဲ့ရင် အိုက်စလန်တို့ အခွင့်အရေးရနိုင်ပါတယ်။ အိုက်စလန်ရဲ့အသင်းလိုက် ခြေစွမ်းကလည်းကောင်းလို့ အနိမ့်ဆုံး သရေလောက်တော့ ရမှာပါ။

# ကမ္ဘာ့ဖလားအုပ်စု နောက်ဆုံးပွဲစဉ်ယှဉ်ပြိုင် ဥရုဂွေးနှင့် ဆော်ဒီ အနိုင်ရရှိ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးပွဲစဉ်အဖြစ် ဇွန် ၂၅ ရက် ညနေပိုင်းက ဥရုဂွေးနှင့် ရုရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဥရုဂွေးအသင်း သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် ဥရုဂွေးအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၀ မိနစ်တွင် ဆွာရက်ဇ်က သွင်းယူခဲ့ပြီး ၂၃ မိနစ်တွင် ရုရှားကစားသမား ချာရီချက်ဗ် ကိုယ့်ဂိုးကိုယ်ဝင်ခဲ့သဖြင့် ဥရုဂွေးတို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ၃၆ မိနစ်တွင် ရုရှားနောက်တန်းကစားသမား စမော်နီကော့ဗ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသည်။ ဒုတိယပိုင်း ပွဲပြီးခါနီးတွင် ထောင့်ကန်ဘောမှတစ်ဆင့် ကာဗာနီ အနီးကပ်ပိတ်သွင်းယူခဲ့သဖြင့် ဥရုဂွေးတို့ သုံးဂိုး-ဂိုးမရှိဖြင့် အိမ်ရှင်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အုပ်စု(က)မှ ဆော်ဒီအာရေဗျနှင့် အီဂျစ်တို့ပွဲတွင် ဆော်ဒီအာရေဗျအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(က)တွင် ပွဲစဉ် သုံးပွဲ ယှဉ်ပြိုင်အပြီး ဥရုဂွေးက ရမှတ် ကိုးမှတ်ဖြင့် ၁၆ အသင်း ရှုံးထွက်အဆင့်သို့ အုပ်စုဗိုလ်ဖြင့် တက်ရောက်သွားပြီး အိမ်ရှင် ရုရှားက ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိခဲ့သည်။ ဆော်ဒီအာရေဗျနှင့် အီဂျစ်အသင်းတို့မှာ အုပ်စုအဆင့်၌သာ ကျေနပ်ခဲ့ရသည်။

**သီဟ**

# ကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ကရာတေးပြိုင်ပွဲ JKA Mandalay TT အသင်း တံခွန်စိုက် ဆွတ်ခူး

**ရန်ကုန် ဇွန် ၂၅**

ပထမအကြိမ် မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် အကြိုးတန်းဖိတ်ခေါ်ကရာတေးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို ဇွန်၂၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ရာ စုပေါင်းတံခွန်စိုက်ဆုဖလားကို JKA Mandalay TT အသင်းက ဆွတ်ခူးရရှိသည်။

ပြိုင်ပွဲများအပြီး သက်ငယ်တန်း၊ သက်လတ်တန်း၊ အမျိုးသား အမျိုးသမီးတစ်ဦးချင်း ကီလိုတန်းလိုက် ခတကုမိတဲ့ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယရရှိကြသူများကို မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများ၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ် ချီးမြှင့်ကြသည်။ ဆက်လက်၍ အကြိုးတန်းအမျိုးသား အမျိုးသမီးတစ်ဦးချင်း၊ အသင်းလိုက်ခတ၊ အမျိုးသား၊ အမျိုးသမီး ကီလိုတန်းလိုက်၊ ကုမိတဲ့ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယရရှိကြသူများကို ဆုတံဆိပ်နှင့် ရွှေငါးခု၊ ငွေနှစ်ခု၊ ကြေးသုံးခုရရှိသွားသော JKA Mandalay TT အသင်းအား မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က စုပေါင်းတံခွန်စိုက်ဖလား ချီးမြှင့်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဝန်ကြီးဌာန၊ ကလပ်အသင်းကိုယ်စားပြု အားကစားသမား ၃၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်အနေဖြင့် ကမ္ဘာ့အဆင့်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ



မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပြိုင်ပွဲတွင် တံခွန်စိုက်ဖလားရရှိခဲ့သော JKA Mandalay TT အသင်းအား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော် ဆုချီးမြှင့်စဉ်။

ကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ကရာတေး ကစားနည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

❑*ကျော်ဖုံးမှ*

ထိုင်းခြေစမ်းခရီးစဉ်မှာ အသင်းရဲ့လိုအပ်ချက်တွေ၊ အားနည်းချက်တွေကို တွေ့မြင်ခဲ့ရပါတယ်၊ ရန်ကုန်ကို ပြန်လည်ရောက်ရှိလာတဲ့အချိန်မှာ အသင်းရဲ့ လိုအပ်ချက်တွေကို ပြန်လည်ပြင်ဆင်ခဲ့ပါတယ်၊ အင်ဒိုနီးရှားလက်ရွေးစင်အသင်းရဲ့ ခြေစမ်းပွဲကစားဖို့ ကမ်းလှမ်းတာကို လက်ခံလိုက်တာကလည်း သူတို့အသင်းရဲ့ အနေအထား၊ ရာသီဥတုနဲ့ ကွင်းအသားကျဖို့ ဖြစ်ပါတယ်၊ အခု သူတို့လက်ရွေးစင်အသင်းနဲ့ မကစားဖြစ်တော့ပေမယ့် ကျွန်တော်တို့အတွက် ထိခိုက်မှုမရှိပါဘူး၊ ကလပ်အသင်းရဲ့ ခြေစွမ်းကလည်း အများကြီးမျှော်လင့်ထားလို့ မရပါဘူး၊ ကစားသမားအားလုံး အသုံးပြုပြီး သူတို့ရဲ့ခြေစွမ်းကိုပဲ စမ်းသပ်မှာပါ၊ ပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ မျှော်မှန်းထားပေမယ့် တစ်ဆင့်ချင်း လုပ်ဆောင်ရမှာပါ၊ ပထမဆုံးအုပ်စုအဆင့် ကျော်လွှန်နိုင်ဖို့ ကစားရမှာပါ၊ ဗီယက်နမ်က အဓိကပြိုင်ဘက်ဖြစ်ပေမယ့် ဖိလစ်ပိုင်အသင်းရဲ့ ခြေစွမ်းကို လျှော့တွက်လို့ မရပါဘူး၊ ဖိလစ်ပိုင် အသင်းက အာရှဖလားခြေစစ်ပွဲအောင်ခဲ့တဲ့အသင်းဖြစ်ပါတယ်၊ ဖိလစ်ပိုင်အသင်းနဲ့ ကစားရမယ့်အဖွင့်ပွဲက အရေးကြီးပါတယ်”ဟု ပြောကြားသည်။

မြန်မာ အမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ အင်ဒိုနီးရှားနိုင်ငံ၌ ငါးရက်ကြိုတင်လေ့ကျင့် ပြင်ဆင်ခွင့်ရမည်ဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းတွင် **နည်းပြချုပ်**အဖြစ် ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**အဖြစ် ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ**အဖြစ် ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး**-မေဇင်နွယ် (မြဝတီ)၊ ဇာဇာမြင့် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သင်းသင်းစိုး (ဇွဲကပင်)၊ **နောက်တန်း**- ခင်သန်းဝေ၊ အေးအေးမိုး (မြဝတီ)၊ အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ယမင်းလွင် (သစ္စာအားမာန်)၊ **အလယ်တန်း**-ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ နီလာမြင့်၊ သန္တာမိုး (သစ္စာအားမာန်) နုနု၊ ခင်မာလာထွန်း (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သန်းသန်းထွေး(ဇွဲကပင်)၊ **ရှေ့တန်း**-နီလာဝင်း၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)၊ ရီရီဦး (အားကစားနှင့် ကာယပညာဦးစီးဌာန)နှင့် ဝင်းသီ်ဂီထွန်း (မြဝတီ)တို့ လိုက်ပါသွားသည်။

**ညီမြတ်သော်တာ**



၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

## မြန်မာ့ရုပ်မြင်သံကြား

၂၆ -၆- ၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - လူငယ်နှင့် မူးယစ်ဆေးဝါး ကဏ္ဍ(လူငယ်ကပြောသော လူငယ်စကားများ)(အပိုင်း-၃)
၈း၄၅ - ဥပဒေရေးရာအဖြာဖြာ "တာဝန်နှင့်လူ"
၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၁း၃၀ - မျက်မှောက်ရေးရာသုံးသပ်စရာ
၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၁၉)
၁၄း၂၀ - Yes or No Talk Show

**ညပိုင်း**

၁၆း၂၅ - YTN (Science) ပန်းများ၏ ဆွဲဆောင်မှုနည်းပညာ
၁၇း၁၀ - (၅၅) ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ
၁၈း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဒါရိုက်တာ-ဂျိုး)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ မဟာကာလီ (အပိုင်း-၂၀)
၁၉း၅၅ - CHOICE (အပိုင်း-၇၃)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - မှုပိုင်ခွင့်အကြောင်း သိကောင်းစရာ (ဒေသထွက် ကုန်များကိုအကာအကွယ်ပေး သည့်မှုပိုင်ခွင့်အကြောင်း သိကောင်းစရာများ ) (အ ပိုင်း-၁)
- အနုပညာခန်းရိပ်သာ အဆိုတော် မောင်သိန်းဝင်းနှင့် တွေ့ဆုံခြင်း
- နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၂၈)
- ဟိုဘက်အိမ်က မီးထိန်ထိန် (အပိုင်း -၁)(ဇော်ဦး၊ ဇင်ဝိုင်း၊ နေယံ၊ မေသဥ္ဇာဦး၊ခင်မို့မို့အေး၊ သင်္ဇာမြင့်မိုရ် (ဒါရိုက်တာ- အောင်ဩဘာ)
၁၂း၀၀ - ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (Iceland Vs Croatia)

# ဘားအံ၌ ကြက်တိုက်လောင်းကစားပြုလုပ်သူ ၁၅ ဦးကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့မုသွေကျေးရွာ၌ ကြက်တိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဇွန် ၂၄ ရက် ညနေ ၄ နာရီခွဲက ဘားအံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ထုံးအိုင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ဖမ်းဆီးခဲ့ရာ ကြက်တိုက်လောင်းကစားပြုလုပ်သူ ၁၅ ဦးကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ပူးပေါင်းအဖွဲ့သွားရောက်ဖမ်းဆီးစဉ် ဇွန် ၂၄ ရက် ညနေပိုင်းက ဘားအံမြို့နယ် ဘားကပ်ကျေးရွာနေ ကျော်နိုင်ဦး (၅၄ နှစ်) အပါအဝင် အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၅ ဦးတို့ကို တိုက်ကြက် ငါးကောင်၊ ကြက်တိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၇၆၀၀၀၀၊ ဆိုင်ကယ်ငါးစီး၊ မော်တော်ယာဉ် တစ်စီး၊ မော်တော်ယာဉ်အတွင်းမှ M-16 မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်ငါးတောင့်၊ ပွိုင့်-၂၂ သေနတ်တစ်လက်၊ ယင်းကျည်ငါးတောင့်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ကျော်နိုင်ဦးပါ ၁၅ ဦး တို့ကို ထုံးအိုင်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# ဘားအံ၌ ယာဉ်တစ်စီးပေါ်မှ သေနတ်ဖြင့် ပစ်ခတ်ခံမှုကြောင့် တစ်ဦးဒဏ်ရာရ

ဘားအံ ဇွန် ၂၅

**ကရင်ပြည်နယ် ဘားအံမြို့နယ်၌ အမျိုးသားတစ်ဦးအား သေနတ်သမားက ယာဉ်ပေါ်မှ သေနတ်ဖြင့် အနီးကပ်ပစ်ခတ်ခဲ့သဖြင့် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဇွန် ၂၂ ရက် နံနက် ၆ နာရီခန့်က ဘားအံမြို့နယ် လက္ခဏကျေးရွာနေ ဦးငွေအောင် (၆၅ နှစ်)သည် တစ်ရွာတည်းနေ ဦးအကျော့နှင့်အတူ ဘားအံမြို့နယ် ထောင်ကလပ်ကျေးရွာ တရားနာအလှူပွဲမှပြန်လာစဉ် နံနက် ၉ နာရီခန့်တွင် လက္ခဏကျေးရွာနှင့် ခလောက်ထောင်ကျေးရွာအကြား လမ်းပေါ်၌ ယာဉ်တစ်စီးပေါ်မှ သေနတ်သမား၏ အနီးကပ် သုံးချက်ခန့်ပစ်ခတ်ခြင်းကို ခံခဲ့ရသဖြင့် ဦးငွေအောင်တွင် ဒဏ်ရာများ ရရှိခဲ့ရာ အချိန်မီ ဆေးကုသမှုခံယူနိုင်ခဲ့သဖြင့် စိုးရိမ်ဖွယ်ရာမရှိတော့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကို အိန္ဒုနယ်မြေရဲစခန်းက အမှုရေးဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးရမိရေး မိတ်ဖက်အဖွဲ့များဖြင့် ပူးပေါင်းစုံစမ်းခဲ့ရာ ဇွန် ၂၃ ရက် နံနက် ၁၁ နာရီခန့်က ဘားအံမြို့နယ် ပေါင်စိန်ကျေးရွာအနီး ကားလမ်းဘေး ရေမြောင်းအတွင်းနစ်မြုပ်နေသည့် 9K/---- တိုရိုတာဝစ် ယာဉ်တစ်စီးကို တွေ့ရှိခဲ့ရသဖြင့် ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် အဆိုပါယာဉ်၏ ခေါင်းခန်းအတွင်းမှ ပွိုင့် ၂၂ ကျည်ခွံ တစ်ခု၊ ယာဉ်နှင့်ပတ်သက်သော အထောက်အထားများ သိမ်းဆည်းရမိသဖြင့် ပြစ်မှုကျူးလွန်သူအသုံးပြုခဲ့သည့် ယာဉ်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည့်အပြင် ပြစ်မှုကျူးလွန်ခဲ့သည့် သေနတ်သမားမှာ ဘားအံမြို့နယ် ပေါင်စိန်ကျေးရွာနေ အခိ(ခ)အကျော် ဖြစ်ကြောင်း အတည်ပြုဖော်ထုတ်နိုင်ခဲ့သည်။

ထို့ကြောင့် ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီခန့်က အိန္ဒုနယ်မြေရဲစခန်းမှူး ရဲအုပ် မင်းအောင်ထွန်း ဦးစီးသည့် ပူးပေါင်းအဖွဲ့များဖြင့် အခိ(ခ)အကျော်၏ နေအိမ်ကို ပိတ်ဆို့ဖမ်းဆီးခဲ့ရာ နေအိမ်တွင် တွေ့ရှိခဲ့ရခြင်းမရှိသဖြင့် ပတ်ဝန်းကျင်သို့စုံစမ်းရာ မိသားစုလိုက် ပြောင်းရွှေ့သွားကြပြီး မည်သည့်နေရာသို့ ပြောင်းရွှေ့သွားသည်ကို မသိရှိကြောင်း စုံစမ်းသိရှိခဲ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန် ထွက်ပြေးတိမ်းရှောင်နေသူ အခိ(ခ) အကျော်ကို ဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် အထောက်အထားမဲ့ကုန်ပစ္စည်းများ ဖမ်းဆီး

**နေပြည်တော် ဇွန် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၆၃ စီး၊ သွင်းကုန် ၉၇၄ စီး ၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၆၃၆ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၉၄၈ သန်းခန့် စုစုပေါင်း တားဆီးမှု ရှစ်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈ ဒသမ ၅၈၄ သန်းခန့်ကို ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် နှစ်စီးနှင့် တိုယိုတာဝစ်ယာဉ်ငယ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် HUAWEI Y6 Handset အလုံး ၅၀၊ HUAWEI Y3 Handset အလုံး ၅၀ အပါအဝင် ဖုန်း၊ ဆက်စပ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်း ပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၆၃၆ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် သန်းကျော်ဌေး ဦးဆောင်၍ ပျဉ်းမနားမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ယန္တရားနယ်မြေ စက်သုံးဆီရောင်းဝယ်ရေးဆိုင်ရှေ့တွင် သတင်းအရ စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ ရဲကျော်သူ (၂၈ နှစ်) ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း (အောက်ပေါင်းလောင်း) ဝန်ထမ်းအိမ်ရာနေသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ (အလေးချိန် ၂၀ ဂရမ်) ပါ အထုပ်တစ်ထုပ်၊ ဆိုင်ကယ်တစ်စီး၊ ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာ ငွေကျပ် ၆၀၀၀ တို့ကို သိမ်းဆည်းရမိသည်။

၎င်းအား စစ်ဆေးရာ မူးယစ်ဆေးဝါးများအား ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ယန္တရားနယ်မြေ အမှတ် ၁၇/၁၉၇ ပျဉ်းမနားမြို့နေ ဇော်ဇော်စိုး (ခ)မောင်ဇော် ( ၃၈ နှစ်)က တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် သွားရောက်ပို့ခိုင်းကြောင်း ထွက်ဆိုခဲ့သည်။

ထို့ကြောင့် ဇွန် ၂၅ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ပူးပေါင်းအဖွဲ့သည် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်နေ ဇော်ဇော်စိုး(ခ)မောင်ဇော် (၃၈ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်း၏ နေအိမ်အနောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၆၀၊ ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာ ငွေကျပ် ၃၅၁၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးကို ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# သံတောင်ကြီး၌ ပေါက်ကွဲမှုကြောင့် ကလေးငယ်တစ်ဦး သေဆုံး

**နေပြည်တော် ဇွန် ၂၅**

သံတောင်ကြီးမြို့နယ် သစ်စေးတောင်ကျေးရွာရှိ ဦးစောကြည်မြင့်(၄၁ နှစ်)၏သား စောဇာလွဲဆု(၉ နှစ်) သည် ဇွန် ၂၄ ရက် ညနေ ၅ နာရီက နေအိမ်အပေါ်ထပ်သို့ ကြက်ဥအရွယ်ခန့်ရှိအရာတစ်ခုကိုကိုင်၍ တက်သွားပြီး သုံးမိနစ်ခန့်အကြာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် စောဇာလွဲဆုတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ဘောကလိနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်းနှင့် အဆိုပါပေါက်ကွဲမှုနှင့်ပတ်သက်၍ စိစစ်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# ဘားအံမြို့၌ လူသတ်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုတို့ဖြင့် အလိုရှိသည့် တရားခံပြေးတစ်ဦး ဖမ်းဆီးရမိ

**ဘားအံ ဇွန် ၂၅**

ကရင်ပြည်နယ် ဘားအံမြို့၌ ဇွန် ၂၄ ရက် မွန်းလွဲပိုင်းက အိန္ဒုနယ်မြေရဲစခန်းက လူသတ်မှုဖြင့် လည်းကောင်း၊ ဘားအံမြို့မရဲစခန်းက မူးယစ်ဆေးဝါးအမှုတို့ဖြင့် လည်းကောင်း အလိုရှိနေသည့် တရားခံပြေးတစ်ဦးကို ပူးပေါင်း အဖွဲ့ဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇွန် ၂၄ရက် မွန်းလွဲ ၁နာရီခွဲခန့်က ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးအဖွဲ့နှင့် ဘားအံမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်မျိုးကျော် ဦးစီးပူးပေါင်းအဖွဲ့သည် သတင်းအရ ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ တရားခံပြေး ဝေဇင်ထွန်း(ခ)လူခွေး(ခ)ငပိန်(၂၂ နှစ်) အထက(၃)ကျောင်းလမ်းကြား ညောင်ဝိုင်းရပ် အမှတ်(၅)ရပ်ကွက် ဘားအံမြို့နေသူကို ၎င်း၏နေအိမ်မှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိခဲ့သည့် တရားခံပြေး ဝေဇင်ထွန်း(ခ)လူခွေး(ခ)ငပိန်(၂၂ နှစ်)မှာ အိန္ဒုနယ်မြေရဲစခန်းက လူသတ်မှု၊ အပြင်းအထန်နာကျင်စေမှု၊ အားပေးကူညီမှုတို့ဖြင့် လည်းကောင်း၊ ဘားအံမြို့မရဲစခန်းက မူးယစ်ဆေးဝါးသုံးစွဲမှု၊ ဖြန့်ဖြူးရောင်းချမှုတို့ဖြင့် အလိုရှိနေသည့် တရားခံပြေးတစ်ဦးဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် တရားစွဲအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ (ဘားအံ)**

# မယ်ဆိုင်မြို့ရှိ လိုဏ်ဂူအတွင်း လူငယ် ၁၃ ဦး ဝင်ရောက်သွားရာမှ ပြန်ထွက်မလာ၍ ကယ်ဆယ်ရေးအဖွဲ့များဖြင့် ရှာဖွေနေ

**တာချီလိတ် ဇွန် ၂၅**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ ထမ့်လုံခွန်နမ့်ရေထွက်အနီးရှိ လိုဏ်ဂူအတွင်း ဇွန် ၂၃ ရက် နေ့လယ်ပိုင်းက ဝင်ရောက်သွားသည့် လူငယ် ၁၃ ဦးမှာ ပြန်ထွက်လာခြင်းမရှိသဖြင့် ဇွန် ၂၅ ရက် ညပိုင်းမှစတင်၍ ကယ်ဆယ်ရေးအဖွဲ့များက ကြိုးပမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဂူထဲသို့ ဝင်ရောက်သည့် လူငယ်များမှာ မယ်ဆိုင်မြို့ရှိ ကျောင်းပေါင်းစုံမှ ဘောလုံး အားကစားသမားကျောင်းသား ၁၂ ဦးနှင့် နည်းပြတစ်ဦး စုစုပေါင်း ၁၃ ဦးဖြစ်ရာ ဆိုင်ကယ်တစ်စီးနှင့် စက်ဘီးများအား ပန်းခြံ တာဝန်ရှိသူက သတိထားမိပြီး တာဝန်ရှိသူများထံ ဆက်သွယ်ပေးမှုကြောင့် သိရှိကာ စတင် ရှာဖွေနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လိုဏ်ဂူမှာ ခန့်မှန်းခြေအားဖြင့် ငါးမိုင်ဝန်းကျင် ရှည်လျားပြီး ဇွန်လမှ အောက်တိုဘာလအထိ မိုးရာသီအတွင်း ရေအမြင့် ၅ မီတာ (၁၆ ဒသမ ၅ ပေ)အထိရှိရာ လိုဏ်ဂူအတွင်း ချောင်းရေကြီးပြီး ရေစီးသန်မှုကြောင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ အခက်အခဲနှင့် ကြုံနေကြောင်း၊ ထိုင်းနိုင်ငံ မယ်ဆိုင်ကယ်ဆယ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ စစ်တပ်နှင့် မီးသတ် စသည့် ကယ်ဆယ်ရေးအဖွဲ့များက ကြိုးစားရှာဖွေနေကြဆဲဖြစ်ကြောင်း တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူးရုံးမှ မြန်မာ-ထိုင်း ဆက်ဆံရေးတာဝန်ခံ ဦးထွန်း(မယ်ဆိုင်)က ပြောကြားသည်။

ယင်း ဂူထဲသို့ ဝင်ရောက်သွားသည့် ၁၃ ဦးမှာ အသက် ၁၁ နှစ်မှ ၂၅ နှစ်အရွယ်အတွင်းသာရှိပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ချင်းရိုင်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က ကြီးကြပ်ကာ ချင်းမိုင်၊ ချင်းရိုင်နှင့် မယ်ဆိုင်မြို့တို့ရှိ ကျွမ်းကျင်ကယ်ဆယ်ရေးအဖွဲ့များဖြင့် ရှာဖွေနေသည့်အပြင် ယနေ့ နံနက် ၂ နာရီက ထိုင်းနိုင်ငံ တော်ဝင်ရေတပ်မှ အထူးအဖွဲ့များရောက်ရှိ၍ ဆက်လက်ကြိုးစားရှာဖွေနေကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ လိုဏ်ဂူအတွင်း ဝင်ရောက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေစဉ်။

# တူရကီသမ္မတ အာဒိုဂန်နှင့် ၎င်း၏မဟာမိတ်များ ရွေးကောက်ပွဲတွင်အနိုင်ရ




**အန်ကာရာ ဇွန် ၂၅**
တူရကီသမ္မတ အာဒိုဂန်သည် နိုင်ငံကို ၁၅ နှစ်ကြာ အုပ်ချုပ်နိုင်ခဲ့ပြီးနောက် ယခုတစ်ကြိမ်၌လည်း သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရပြီဖြစ်သည်။

သမ္မတရွေးကောက်ပွဲအတွက် မဲအရေအတွက် ၉၈ ရာခိုင်နှုန်း ရေတွက်ပြီးချိန်တွင် မဲအရေအတွက်မှာ ၅၂ ဒသမ ၅ ရာခိုင်နှုန်းကို လက်ရှိသမ္မတအာဒိုဂန်က ရရှိခဲ့ကြောင်း သိရသည်။ တနင်္လာနေ့ ညနေပိုင်းတွင် သမ္မတ အာဒိုဂန်က အနိုင်ရရှိခြင်းမှာ အစိုးရ၏စနစ်သစ်အောက်တွင် စီးပွားရေးနှင့် ဒီမိုကရေစီ အားကောင်းလာစေရေးအတွက်ပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မဲအရေအတွက်ကို တရားဝင်ကြေညာခြင်း မပြုရသေးခင်အချိန်၌ပင် မဲပေးမှု၏ရလဒ်မှာ ရှင်းလင်းပြတ်သားနေပြီဖြစ်သည်။ သမ္မတအာဒိုဂန်သည် ၎င်း၏ တင်းကျပ်သည့် အုပ်ချုပ်မှုကြောင့် ပြည်တွင်းပြည်ပမှ ဝေဖန်မှုများခံနေရသူလည်းဖြစ်ပြီး အနောက်နိုင်ငံများကို ပြင်းထန်စွာ ဝေဖန်သူဟုလည်း ကျော်ကြားသူဖြစ်သည်။ ဆီးရီးယားအရေးတွင်လည်း အနောက်နိုင်ငံများနှင့်မတူ အီရန်နှင့်ရုရှားတို့ဘက်မှ ရပ်တည်သူလည်းဖြစ်သည်။

ယခုအချိန်သည် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများနှင့် စကားရည်လုမှုများကို အတိတ်မှာထားခဲ့ပြီး အနာဂတ်အတွက်ပဲ ဦးတည်ရတော့မည်ဟု မစ္စတာ အာဒိုဂန်က ပြောသည်။ ၎င်း၏ အဓိကပြိုင်ဘက်ဖြစ်သူ မူဟာရမ်အင့်စ်သည် မဲအရေအတွက် ၃၀ ရာခိုင်နှုန်းသာ အနိုင်ရရှိခဲ့သည်။ ထောင်တွင်အကျဉ်းကျခံနေသော ကာ့ဒ်ပြည်သူ့ဒီမိုကရက်တစ်ပါတီမှ Selahattin Demirtas ကမူ ၈ ဒသမ ၃ ရာခိုင်နှုန်းသာ အနိုင်ရခဲ့သည်။ သမ္မတရွေးကောက်ပွဲတွင် တစ်ဦးတည်းသော အမျိုးသမီးကိုယ်စားလှယ်လောင်းဖြစ်သူ မီရယ်အက်စ်ဆန်ကမူ ၇ ဒသမ ၄ ရာခိုင်နှုန်းမဲရခဲ့သည်။

ပါလီမန်ရွေးကောက်ပွဲတွင်လည်း အာဏာရ AKP ပါတီမှ ၄၂ ဒသမ ၄ ရာခိုင်နှုန်း အနိုင်ရခဲ့ပြီး ၎င်း၏မဟာမိတ်ပါတီဖြစ်သည့် အမျိုးသားလှုပ်ရှားမှုပါတီက ၁၁ ဒသမ ၂ ရာခိုင်နှုန်း ရရှိခဲ့သည်။ သမ္မတအဖြစ်နောက်တစ်ကြိမ်ရွေးကောက်ခံရခြင်းနှင့်အတူ မစ္စတာအာဒိုဂန်သည် ဒေသတွင်းလွှမ်းမိုးမှုများပိုမိုရရှိလာမည်ဟု ခန့်မှန်းထားကြသည်။

**အန်အိတ်ချ်ကေ၊ ဆင်ဟွာ**

# ဆီးရီးယားတပ်ဖွဲ့က အိုင်အက်စ်များကိုတိုက်ခိုက်ပြီး နယ်မြေများပြန်လည်သိမ်းပိုက်

**ဒမတ်စကတ် ဇွန် ၂၅**
ဆီးရီးယားတပ်ဖွဲ့က ဆီးရီးယားနှင့် အီရတ်နယ်စပ်ရှိ အိုင်အက်စ်အစွန်းရောက်များကို ရှင်းလင်းပြီး နယ်မြေစတုရန်း ၁၈၀၀ ကီလိုမီတာခန့်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း မကြာသေးမီက ပြောခဲ့သည်။



ဆီးရီးယားတပ်ဖွဲ့သည် မဟာမိတ်တပ်ဖွဲ့များနှင့်အတူ ဒဲအယ်လဇာပြည်နယ် အရှေ့ပိုင်းရှိ ဆီးရီးယား-အီရတ်နယ်စပ်ဒေသရှိ အိုင်အက်စ်များစုစည်းရာနေရာကို ပစ်မှတ်ထားတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ ကျန်ရှိနေသည့် အိုင်အက်စ်အစွန်းရောက်အမြောက်အမြားကို ရှင်းလင်းနိုင်ခဲ့ပြီး လက်နက်များကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ အယ်လ်ဘတ်ကာမယ် အနောက်ဘက်ရှိစတုရန်း ကီလိုမီတာ ၁၈၀၀ ရှိ နယ်မြေကိုလည်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဆီးရီးယား တပ်ဖွဲ့များသည် အိုင်အက်စ်အကြမ်းဖက်သမားများကို နေ့စဉ်ချေမှုန်းမှုများ ပြုလုပ်လျက်ရှိပြီး အိုင်အက်စ်လက်အတွင်း သက်ဆင်းခဲ့သည့်နယ်မြေများကို အဆက်မပြတ် ပြန်လည်သိမ်းပိုက်လျက်ရှိကြောင်း ဆီးရီးယား သတင်းဌာနများက ဖော်ပြခဲ့သည်။

ဆီးရီးယားတပ်များသည် ယခုနှစ်ပိုင်းတွင် အိုင်အက်စ်အကြမ်းဖက်သမားများကို တိုက်ခိုက်မှုများပြုလုပ်လျက်ရှိရာ အိုင်အက်စ်တို့မှာ ၎င်းတို့ထိန်းချုပ်ထားသည့်နယ်မြေများ ပြန်လည်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

လတ်တလောတွင် ဆီးရီးယား အရှေ့ပိုင်း ကန္တာရဒေသများ၌ အိုင်အက်စ် အကြမ်းဖက်သမားများ ကျန်ရှိနေဆဲဖြစ်ကြောင်း၊ ဆီးရီးယားတပ်ဖွဲ့များကလည်း ၎င်းတို့ကို အကြီးအကျယ်နှိမ်နင်းမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# လူထုထောက်ခံပွဲတွင် ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ရွေးကောက်ပွဲကိုမနှောင့်နှေးစေရေး တိုက်တွန်း

**ဟာရာရီ ဇွန် ၂၅**
ဇင်ဘာဘွေနိုင်ငံ၌ သမ္မတတက်ရောက်သည့် နိုင်ငံရေးထောက်ခံပွဲတွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဇူလိုင်လတွင်ကျင်းပမည့် ရွေးကောက်ပွဲမှာ နှောင့်နှေးကြန့်ကြာမှုရှိမည်မဟုတ်ဟု သိရသည်။ ပေါက်ကွဲမှုကြောင့် ဒဏ်ရာများရရှိခဲ့သော ဒုတိယသမ္မတ ကွန်စတန်တီနို ချီဝမ်ဂါ က သမ္မတဟောင်းမူဂါဘီ ခေတ်အလွန် ပထမဦးဆုံးကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲကို ဇူလိုင်လ ၃၀ ရက်တွင်ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ဘယ်အရာကမှ ဇင်ဘာဘွေနိုင်ငံရဲ့ရွေးကောက်ပွဲကို နှောင့်နှေးကြန့်ကြာစေမှာမဟုတ်ပါဘူး"ဟု ဟာရာရီမြို့အနီး ချစ်တောင်ဝီဇာမြို့တွင် ပြုလုပ်သော အာဏာရ ZANU -PF ပါတီ၏ ထောက်ခံပွဲတွင် ဒုတိယသမ္မတကပြောသည်။ သမ္မတတက်ရောက်သော ထောက်ခံပွဲတွင် ပေါက်ကွဲမှုဖြစ်စဉ်မှာ အကြမ်းဖက်မှုတစ်ခုသာဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် ရွေးကောက်ပွဲကို ထိခိုက်စေမည်မဟုတ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း ၎င်းတို့၏မဲဆွယ်စည်းရုံးမှုများကို ဖျက်သိမ်းသွားမည် မဟုတ်ကြောင်း ၎င်းကဆက်ပြောသည်။

လက်ရှိသမ္မတ မန်နာဂါဝါသည် မူဂါဘီကိုဖြုတ်ချပြီးနောက် သမ္မတရာထူးရယူလာခဲ့သူလည်းဖြစ်သည်။ ဇူလိုင်လရွေးကောက်ပွဲမှာ သမ္မတ မန်နာဂါဝါအတွက် ပထမဦးဆုံးမဲပေးမှု စမ်းသပ်မှုတစ်ခုလည်းဖြစ်လာမည်ဖြစ်သည်။

အသက် ၇၅ နှစ်ရှိပြီဖြစ်သော မန်နာဂါဝါသည်တစ်ချိန်က သမ္မတမူဂါဘီ၏လက်ရုံးတစ်ဦးဖြစ်ပြီး ၎င်း၏ရက်စက်မှုများကြောင့် မိကျောင်းဟုအမည်တွင်သူလည်းဖြစ်သည်။ ယခုအခါ ၎င်းသည် တိုင်းပြည်အတွင်း ညီညွတ်ခြင်းနှင့် ငြိမ်းချမ်းမှုများရှိရန် တောင်းဆိုထားသည်။

**အေအက်ဖ်ပီ**

# ဗီယက်နမ်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် သုံးဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးနေ

**ဟန်နွိုင်း ဇွန် ၂၅**
ဗီယက်နမ်နိုင်ငံမြောက်ပိုင်း လိုင်ချွာပြည်နယ်၌ ဇွန် ၂၃ ရက်နှင့် ၂၄ ရက်နေ့များအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ဒေသခံ သုံးဦးသေဆုံးခဲ့ပြီး အခြားသုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ ထို့အတူ လူငါးဦးလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောခဲ့သည်။



မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားမှုများကြောင့် သန်ယန်ခရိုင်အတွင်းရှိ တံတားတစ်စင်း မျောပါသွားခဲ့ကြောင်း၊ မောင်တီခရိုင်အတွင်းရှိ ရေသွင်းရေထုတ်လုပ်ငန်း ခွင်နှစ်ခုလည်းပျက်စီးခဲ့ကြောင်း၊ လိုင်ချွာပြည်နယ်အတွင်းရှိ စိုက်ပျိုးမြေဧကပေါင်းများစွာ ပျက်စီးသွားကြောင်း သိရသည်။

စုစုပေါင်းပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာသိန်းပေါင်းများစွာအထိ ရှိခဲ့ကြောင်းသိရသည်။ ယခုနှစ် ပထမငါးလအတွင်း ဗီယက်နမ်နိုင်ငံ၌ သဘာဝဘေးဒဏ်ကြောင့် ၁၃ ဦး သေဆုံးခဲ့ပြီး အခြား ၂၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ လူနေအိမ်ပေါင်း ၁၁၀၀၀ နီးပါးပျက်စီးခဲ့ကြောင်း၊ စပါးနှင့်အခြား သီးနှံစိုက်ပျိုးမြေဧကပေါင်း ၆၁၀၀ ပျက်စီးခဲ့ကြောင်း၊ ကျွဲ၊ နွားအကောင်ရေ ၈၂၀၀ နှင့် ကြက်၊ ဘဲအကောင်ရေ ၃၅၀၀ သေဆုံးခဲ့ကြောင်း သိရသည်။ ငါးလအတွင်း ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄ သန်း ခန့်ရှိကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေ စာရင်းဇယားရုံးအရ သိရသည်။

**ဆင်ဟွာ**

# တရားမဝင် ဝင်ရောက်နေထိုင်သူများကို ပြည်နှင်ဒဏ်ပေးရန် ထရန့်တိုက်တွန်း

**ဝါရှင်တန် ဇွန် ၂၅**
အမေရိကန်နိုင်ငံအတွင်းတရားမဝင် ဝင်ရောက်နေထိုင်ကြသူများကို တရားစွဲဆိုခြင်း၊ အမှုရင်ဆိုင်ခြင်းမရှိဘဲ ချက်ချင်းပြည်နှင်ဒဏ်ပေးရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က တနင်္ဂနွေနေ့တွင် ပြောခဲ့သည်။

"ဒီလူတွေ အမေရိကန်ကိုကျူးကျော်လာတာ ကျွန်တော်တို့ခွင့်မပြုနိုင်ပါဘူး။ တကယ်လို့များတစ်စုံတစ်ယောက်က အမေရိကန်နိုင်ငံကို ကျူးကျော်ဝင်ရောက်နေထိုင်လာမယ်ဆိုရင် သူတို့ကိုချက်ချင်း သူတို့လာခဲ့တဲ့ နေရပ်ကိုပြန်ပို့ရမယ်။ တရားရင်ဆိုင်တာမျိုးတွေ လုပ်မနေသင့်ဘူး" ဟု ၎င်း၏တွစ်တာ၌ ရေးသားခဲ့သည်။ ၎င်း၏စနစ်သည် ကောင်းမွန်သည့်လူဝင်မှုကြီးကြပ်ရေးမူဝါဒတော့ မဟုတ်ပါကြောင်း။ ကလေးအများစုမှာ မိဘများမပါဘဲ အမေရိကန်ကိုလာခဲ့ကြခြင်းဖြစ်ကြောင်း သမ္မတထရန့်က တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

တနင်္ဂနွေနေ့အစောပိုင်းတွင် ထရန့်အစိုးရသည် တက္ကဆက်ပြည်နယ်ရှိ တရားမဝင် ရွှေ့ပြောင်းအခြေချနေထိုင်သူများ၏ သားသမီးများကို ၎င်းတို့၏မိဘများနှင့်ပြန်လည်ပေါင်းစည်းစေရေး အစီအစဉ်ကိုကြေညာခဲ့သည်။ သို့သော် မိဘများကို အမေရိကန်နိုင်ငံအတွင်းမှပြန်လည်ထွက်ခွာစေရေးအစီအစဉ်များ မပြီးဆုံးမချင်း ကလေးငယ်များနှင့် ပြန်လည်ပေါင်းစည်းရေးမှာ မဖြစ်နိုင်ဟု ပြည်တွင်းလုံခြုံရေးဌာနမှ ပြောသည်။ ပြည်တွင်းပြည်ပမှပြင်းထန်သည့် ဝေဖန်မှုများ ကြုံတွေ့ရပြီးနောက် သမ္မတထရန့်သည် ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် ၎င်းတို့၏ကလေးများကို ခွဲထားသည့် ကိစ္စကိုရပ်တန့်ရန် လက်မှတ်ရေးထိုးထားသည်။ ကလေးငယ်များကိုအရွယ်ရောက်ပြီးသူများက ခြိမ်းခြောက်နိုင်သည့်အခြေအနေရှိပါက မိသားစုအများစုကို ပြည်နှင်ဒဏ်ပေးနိုင်ရေး တရားစွဲဆိုမှုပြုလုပ်နေစဉ်အတွင်း ကလေးများကိုမိဘများနှင့်ခွဲမထားဘဲ အတူထားရှိမည်ဖြစ်သည်။ အမေရိကန်တစ်လွှားမှ တရားမဝင် ဝင်ရောက်နေထိုင်သူ အရွယ်မရောက်သေးသည့် ကလေးငယ် ၂၃၀၀ ကျော်မှာ ၎င်းတို့မိသားစုများနှင့် တကွဲတပြားစီဖြစ်နေကြောင်း အစိုးရစာရင်းဇယားများအရ သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၉၄၈ ဦးကို လစ်ဗျားရေတပ်ကကယ်တင်

**ထရီပိုလီ ဇွန် ၂၅**

လစ်ဗျားရေတပ်က လစ်ဗျားနိုင်ငံ အနောက်ပင်လယ်ပြင်တွင် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၉၄၈ ဦးအား ကယ်တင်နိုင်ခဲ့သည်။

ကမ်းခြေလုံခြုံရေးတပ်ဖွဲ့သည် ထရီပိုလီအရှေ့ဘက် ၁၂၀ ကီလိုမီတာ အကွာ အယ်လ်ခွန်းအနီးပင်လယ်ပြင်ရှိ ရော်ဘာရေယာဉ်နှစ်စင်းပေါ်တွင် လိုက်ပါလာသည့် ရွှေ့ပြောင်းနေထိုင်သူ ၃၆၁ ဦးအား ကယ်ဆယ်ခဲ့ကြောင်း၊ ထို့အပြင် ထရီပိုလီအရှေ့ဘက် ကီလိုမီတာ ၁၅၀ အကွာရှိ ဇာလီတန်မြို့အနီး ပင်လယ်ပြင်တွင် ရော်ဘာရေယာဉ်တစ်စင်းပေါ်၌ လိုက်ပါလာသူ ၉၇ ဦးကိုလည်း ကယ်ဆယ်ခဲ့ကြောင်း၊ ဇွန် ၂၄ ရက်အထိ ကယ်တင်ခဲ့သူများမှာ စုစုပေါင်း ၉၄၈ ဦးရှိကြောင်း လစ်ဗျားရေတပ် ပြောရေးဆိုခွင့်ရှိသူ အာယော့ကွက်ဆန်က ပြောခဲ့သည်။ ကယ်ဆယ်ရရှိခဲ့သူများသည် အာဖရိက နိုင်ငံများမှ လာရောက်ကြသူများဖြစ်ကြောင်း သိရသည်။ ၎င်းတို့ကို ထရီပိုလီ ရေတပ်ထိန်းသိမ်းရေးစခန်းတစ်ခုသို့ ပို့ဆောင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ၂၀၁၁ခုနှစ်မှစကာ လစ်ဗျားနိုင်ငံရေးအခြေအနေ မငြိမ်မသက်ဖြစ်ခဲ့ရာ အစိုးရက ပင်လယ်ကမ်းရိုးတန်းနှင့် ကုန်းမြေနယ်စပ်တစ်လျှောက် ထိထိရောက်ရောက် စီမံခန့်ခွဲမှု မလုပ်နိုင်သောကြောင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများမှာ လစ်ဗျားသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

လစ်ဗျားမှတစ်ဆင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများသည် မြေထဲပင်လယ်ကိုဖြတ်ကာ ဥရောပနိုင်ငံများသို့ သွားရောက်ကြကြောင်းသိရသည်။

**အေအက်ဖ်ပီ**

### အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်မှ အများဆုံး ချေးယူသည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်

**နယူးဒေလီ ဇွန် ၂၅**

အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ်မှ အများဆုံးချေးယူသည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်လာခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့်သုံးနှစ်အတွင်း အိန္ဒိယနိုင်ငံသည် စီမံကိန်းများ တိုးချဲ့ရန် အမေရိကန် ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံ ချေးယူခဲ့ကြောင်း အိန္ဒိယနိုင်ငံ စီးပွားရေးဆိုင်ရာဦးစီးဌာန အတွင်းဝန် ဆုဘတ်ကန်ဒရာဂဲ့ဂ်က ပြောခဲ့သည်။ အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ်သည် အာရှပြင်ပရှိ စီမံကိန်းများတွင်လည်း ရင်းနှီးမြှုပ်နှံရန်လည်း စဉ်းစားနေကြောင်း ၎င်း၏ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အတွင်းရေးမှူး ဆာဒန်နီ အလက်ဇန်းဒါးက ပြောသည်။ အီဂျစ်နိုင်ငံရှိ ဆိုလာစွမ်းအင် စီမံကိန်းတစ်ခုအား အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ်က ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်အဖွဲ့ဝင်အဖြစ် အာရှဒေသနှင့် ဥရောပ၊ မြောက်အမေရိက၊ အရှေ့အာဖရိကနှင့် လက်တင်အမေရိကရှိ အချို့နိုင်ငံများစသည့် အာရှဒေသ မဟုတ်သည့်နိုင်ငံများကလည်း မတည်ရင်းနှီးငွေ ၇၅ ရာခိုင်နှုန်း ထည့်ဝင်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂရိကြွေးမြီပြဿနာ အိပ်မက်ဆိုးသံသရာမှ နိုးထလာပါစေ

**❖ တင်လင်းအောင် ❖**

ဂရိဝန်ကြီးချုပ် အဲလက်စ်ဆီပရက်စ်က ဥရောပဇုန်ဝန်ကြီးတွေနဲ့ ငွေကြေးအကျပ်အတည်းကို အဆုံးသတ်စေမယ့် သဘောတူညီချက်တစ်ခုကို မကြာသေးမီက ကြိုဆိုလိုက်ပါတယ်။ အဲဒီသဘောတူညီချက်ဟာ ဂရိနိုင်ငံအတွင်းမှာ ရှစ်နှစ်ကြာဖြစ်ပွားနေတဲ့ စီးပွားရေးအကျပ်အတည်းကို အဆုံးသတ်စေမယ့် သဘောတူညီချက်ဖြစ်ပြီး အခုလိုလုပ်ဆောင်နိုင်တာဟာ သမိုင်းတွင်စေမယ့် ရှေ့တိုးဆောင်ရွက်မှုပဲဖြစ်ပါတယ်။

**ငွေကြေးအကျပ်အတည်းမှ လွတ်မြောက်တော့မယ်**

ငွေကြေးအကျပ်အတည်း ဒုက္ခမှ လွန်မြောက်စေရန် ရည်သန်ပြီး ဥရောပဇုန်နိုင်ငံတွေဟာ ၂၀၁၀ ပြည့်နှစ်ကတည်းက နိုင်ငံအပေါ် ပိနေတဲ့အလွန်တရာဆိုးရွားလှတဲ့ ငွေကြေးအကျပ်အတည်းကို ကြေညာမောင်းထုခဲ့ပါတယ်။ အဲလိုကြေညာလိုက်ခြင်းက ဂရိနိုင်ငံဟာလည်း သူ့ရဲ့ကြွေးရှင်တွေ စောင့်ကြည့်မှုမှ အနည်းငယ်လွန်မြောက်ပြီး စိတ်သက်သာရာရမယ်လို့ မျှော်လင့်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် ဝန်ကြီးချုပ်ဖြစ်ကတည်းက ပထမဆုံးအနေနဲ့ ဂရိနိုင်ငံဟာ ငွေကြေးအကျပ်အတည်းတွေမှ လွတ်မြောက်တော့မယ်လို့ ဝန်ကြီးချုပ် အဲလက်စ်ဆီပရက်စ်ကပြောခဲ့ပါတယ်။ ထို့အတူ ဂရိနိုင်ငံဟာ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို ပိုမိုခွင့်ပြုတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်တော့မယ်လို့ ဇွန် ၂၂ရက်က ဥပဒေပြုသူတွေနဲ့တွေ့ဆုံပွဲမှာ ဝန်ကြီးချုပ်က ပြောခဲ့ပါတယ်။

ဂရိနိုင်ငံဟာ အရင်တုန်းက ကျင့်သုံးခဲ့တဲ့ ချွေတာမှုနေရာမှာ လူမှုရေးတရားမျှတမှုတွေပြန်လည်အစားထိုးလုပ်ဆောင်သွားနိုင်တော့မှာဖြစ်တယ်လို့ ဝန်ကြီးချုပ် အဲလက်စ်ဆီပရက်စ်က ကတိပေးပြောကြားခဲ့ပါတယ်။ ဂရိလူမျိုးတွေဟာ တိုက်ပွဲကိုတော့အနိုင်တိုက်လေ့ရှိပြီး စစ်ပွဲကို ဖန်တီးသူတွေတော့မဟုတ်ဘူးလို့ သူက ဆက်ပြောခဲ့ပါတယ်။

**လုံးလည်ချာလည်သံသရာကို ရပ်တန့်နိုင်ပြီ**

ဆယ်စုနှစ်တစ်စုနီးပါး ဂရိနိုင်ငံရဲ့ ဘဏ္ဍာရေးအခြေအနေဟာ ထိန်းချုပ်လို့မရဘဲ လုံးလည်ချာလည်လိုက်နေရာက ငွေကြေးအကျပ်အတည်းတွေဖြစ်ပေါ်လာပြီး ဂရိနိုင်ငံရဲ့ ဥရောပအဖွဲ့ဝင်နိုင်ငံဖြစ်ရေးကိုတောင် ခြိမ်းခြောက်လျက်ရှိပါတယ်။ အခုတော့ အဲဒီအခြေအနေတွေကို အဆုံးသတ်စေမယ့် သမိုင်းဝင်သဘောတူညီချက်တစ်ခုကို အကောင်အထည်ဖော်နိုင်ခဲ့ပါပြီ။

"သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်နိုင်တော့မယ်၊ ဂရိနိုင်ငံဟာ သူ့ရဲ့ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းနဲ့ နိုင်ငံရဲ့ ဘဏ္ဍာရေးဆိုင်ရာ ကြိုးစားမှုတွေကိုတော့ ဖျက်ဆီးပစ်မှာမဟုတ်ဘူးလို့ " ဂရိဝန်ကြီးချုပ် အဲလက်စ်ဆီပရက်စ်က ပြောခဲ့ပါတယ်။

၂၀၁၀ ဩဂုတ်လ ၂၀ ရက်မှစကာ ကြုံတွေ့ခဲ့တဲ့ ဂရိနိုင်ငံရဲ့ငွေကြေးအကျပ်အတည်းကို လွတ်မြောက်စေပြီးတဲ့နောက်မှာ "ဂရိနိုင်ငံသားတွေရဲ့ ဘေးဒုက္ခအကျပ်အတည်းတွေဟာ ဒီနေ့ညမှာပဲ အဆုံးသတ်သွားပြီ" လို့ အီးယူစီးပွားရေးဆိုင်ရာ မဟာမင်းကြီး ပါရီမော့စ်ကိုဗီစီက ပြောခဲ့ပါတယ်။

**ဂရိနိုင်ငံရဲ့ အကြီးမားဆုံး ကြွေးရှင်ဂျာမနီ**

သဘောတူညီချက်ဟာ လွယ်လွယ်နဲ့ရမယ်လို့ ထင်နေချိန်မှာ ဂျာမနီရဲ့ နောက်ဆုံးခုခံမှုကို တွန်းလှန်ပြီးတော့မှ ရရှိခဲ့တာဖြစ်ပါတယ်။ ဂျာမနီနိုင်ငံဟာ ဂရိနိုင်ငံရဲ့ငွေရေးကြေးရေးအကျပ်အတည်းကိုလွတ်အောင် မရှောင်ပြေးနိုင်ခဲ့တဲ့ ဂရိနိုင်ငံရဲ့အကြီးမားဆုံး ကြွေးရှင်လည်းဖြစ်ပါတယ်။

ယူရိုဇုန်ဝန်ကြီးတွေဟာ အရေးကြီးတဲ့ စုစုပေါင်းအကြွေးတွေကို နောက်ထပ် ၁၀ နှစ်အထိတိုးပေးဖို့ သဘောတူခဲ့ပါတယ်။ ဒါ့အပြင် ဘဏ္ဍာရေးအကျပ်အတည်းမှလွတ်အောင် လွတ်ဖို့လည်း ဂရိနိုင်ငံကို နောက်ထပ် ယူရို ၁၅ ဘီလီယံ ထုတ်ပေးဖို့ သဘောတူခဲ့ပါတယ်။

**မျှော်လင့်ထားတာထက် အခြေအနေတွေပိုကောင်းခဲ့**

ကျွန်တော်တို့မျှော်လင့်ထားတာထက် အခြေအနေပိုကောင်းခဲ့ပါတယ်လို့ စီတီဥရောပစီးပွားရေးကျွမ်းကျင်သူတွေက ပြောခဲ့ပါတယ်။ သို့သော်လည်း အတိုးပေးရမယ့်ပမာဏတော့ နည်းနည်းများလာမယ်လို့ သူတို့က ဆက်ပြောခဲ့ပါတယ်။

အခုလိုသဘောတူညီမှုရခဲ့တဲ့ ကိစ္စအပေါ် ဂရိအစိုးရက ပျော်နေပါတယ်လို့ ဂရိဘဏ္ဍာရေးဝန်ကြီး ယူစလစ်ဆာကလော်တော့ကပြောခဲ့ပါတယ်။

**ပိုက်ဆံအိတ်ဖောင်းလာတယ်လို့ ခံစားမိဖို့လို**

ဒါပေမယ့် ဒီသဘောတူညီချက်ဟာ အမှန်တကယ် ဆိုတာကိုတော့ ဂရိလူမျိုးတွေအနေနဲ့ သိပြီး သူတို့အနေနဲ့ အကျိုးအမြတ်တွေ မြန်မြန်ဆန်ဆန်မြင်ရဖို့လိုပါတယ်။ သူတို့ရဲ့ပိုက်ဆံအိတ်ထဲမှာ ပြောင်းလဲသွားတယ်ဆိုတဲ့ ခံစားချက်တစ်နည်း ပိုက်ဆံအိတ်ဖောင်းလာတယ်လို့ သူတို့ ခံစားမိဖို့လိုတယ်လို့ ဂရိဘဏ္ဍာရေးဝန်ကြီး ယူစလစ်ဆာကလော်တော့ကဆက်ပြောခဲ့ပါတယ်။

**အကြွေးတွေနဲ့ ဝန်ပိတာကိုသက်သာစေခဲ့**

ယူရိုဇုန်ကြွေးရှင်တွေက ဂရိနိုင်ငံရဲ့ ဒေဝါလီခံရမှုကို လျှော့ပေါ့ပေးလိုက်ပြီး နောက်ထပ် သက်တမ်း ၂၀၆၀ အထိ ဆွဲဆန့်ပေးခဲ့သလို အကြွေးတွေနဲ့ ဝန်ပိနေရတာတွေကိုလည်း သက်သာရာ ရစေခဲ့တယ်လို့ တစ်မူထူးခြားတဲ့စီးပွားရေးပညာရှင် ဂရိဘဏ္ဍာရေးဝန်ကြီး ယူစလစ်ဆာကလော်တော့ထက် အရင်ဘဏ္ဍာရေးဝန်ကြီးလုပ်ခဲ့သူ ယာနစ်ဗာရိုဖက်စကစ်က လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ပြောခဲ့ပါတယ်။

**ဆိုးရွားလှတဲ့ စီးပွားရေးအကျပ်အတည်း**

ဂရိနိုင်ငံတွင်းမှာ ရှစ်နှစ်ကြာဖြစ်ပွားနေတဲ့ စီးပွားရေးအကျပ်အတည်းဟာ အစိုးရထိပ်တန်းခေါင်းဆောင်ပိုင်းထဲက အကြီးအကဲလေးဦးကို ပြိုလဲစေခဲ့ပြီး စီးပွားရေးကို ၂၅ ရာခိုင်နှုန်းကျုံ့သွားစေခဲ့ပါတယ်။ နိုင်ငံတွင်းမှာရှိတဲ့ အလုပ်လက်မဲ့နှုန်းဟာလည်း မြင့်တက်လာခဲ့ပြီး လက်ရှိချိန်အထိ ၂၅ ရာခိုင်နှုန်းအောက်ကို မဆင်းဘူးလို့ သိရပါတယ်။

ဒါကြောင့်ပဲ ပညာတတ်ဂရိလူငယ် ထောင်ပေါင်းများစွာဟာ ဂရိနိုင်ငံကို စွန့်ပြီး နိုင်ငံရပ်ခြားကို သွားရောက်အလုပ်လုပ်ကိုင်ကြတာဖြစ်ပါတယ်။ အခုတော့ ကိုယ့်နိုင်ငံတွင်းမှာ ပြောင်းလဲမှုတွေရှိပြီဆိုတော့ ဒါတွေဟာ မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာဖို့ လိုအပ်ပါတယ်။ သို့မှသာ ကိုယ်နိုင်ငံအတွင်းမှာရှိတဲ့ ပညာတတ်လူငယ်တွေဟာ နိုင်ငံအတွက် ပိုမိုလုပ်ကိုင်နိုင်မှာ ဖြစ်သလို ဦးနှောက်ယိုစီးမှုလည်းရှိမှာ မဟုတ်တော့ပါဘူး။

ဂရိနိုင်ငံတွင်းမှာ ဖြစ်ပွားခဲ့တဲ့ စီးပွားရေးအကျပ်အတည်းဟာ တကယ့်ကို ဆိုးရွားလွန်းလှပါတယ်။ ကြွေးမြီတွေကို ချေးယူပြီး ပြန်မဆပ်နိုင်တော့တဲ့အခါ အကြွေးသံသရာလည်ခဲ့မလိုဖြစ်ခဲ့ရာက အခုတော့ ဥရောပဇုန်ဝန်ကြီးတွေနဲ့ နားလည်မှု သဘောတူညီမှုတစ်ခု ရရှိလိုက်တာဟာ ဂရိနိုင်ငံကို အသက်ရှူချောင်စေရုံတင်မက စီးပွားရေးဆိုင်ရာ ဒေဝါလီခံရမှုမှလည်း ကင်းလွတ်စေခဲ့ပါတယ်။

**နှစ်ဆတိုးပြီး ဆောင်ရွက်ရမယ်**

တစ်ခုပဲ။ အခုလိုသဘော တူညီချက်ဟာ ဂရိနိုင်ငံအတွက် သမိုင်းဝင်သဘောတူညီချက်လို့ ဆိုခဲ့ပေမယ့် တကယ်တမ်းအကောင်အထည်ဖော်မှု အားနည်းခဲ့ပါက ဂရိနိုင်ငံဟာ ဒုံရင်းအခြေအနေပြန်လည် ဆိုက်ရောက်မှာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒုံရင်းအခြေအနေပြန်လည်မဆိုက်ဘဲ ပိုမိုအားကောင်းတဲ့ စီးပွားရေးစီမံခန့်ခွဲမှုတွေ လုပ်နိုင်ဖို့အတွက် နိုင်ငံရဲ့စီးပွားရေးဆောင်ရွက်မှုတွေကို နှစ်ဆတိုးပြီးဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။

ဂရိရဲ့ကြွေးရှင်ဖြစ်တဲ့ ဂျာမနီနိုင်ငံဟာလည်း ဒီကိစ္စအပေါ် လွယ်လွယ်နဲ့ သဘောတူခဲ့တာ မဟုတ်ပါဘူး။ ဂျာမနီဟာ အခုလို ဂရိနိုင်ငံရဲ့သမိုင်းဝင်မယ့် သဘောတူညီချက်ရဖို့ အစည်းအဝေးကို ခြောက်နာရီကြာဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

အခုလို ဥရောပဇုန်ဝန်ကြီးတွေနဲ့ နားလည်မှုရထားတဲ့ အထူးသဖြင့် ဂျာမနီနိုင်ငံနဲ့ ခဲရာခဲဆစ်ရထားတဲ့ သဘောတူညီချက်ကို အကောင်းဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မလားဆိုတာ စောင့်ကြည့်ရင်း ဂရိကြွေးမြီပြဿနာ အိပ်မက်ဆိုးသံသရာမှ နိုးထလာပါစေလို့ ဆုတောင်းရင်း ဂရိနိုင်ငံရဲ့အခြေအနေကို ဆက်လက်စောင့်ကြည့်ရမှာပဲဖြစ်ပါတယ်။

ဆိုခဲ့သလို ပြည်သူတွေအနေနဲ့ သူတို့ အိတ်ကပ်အပြောင်းအလဲဖြစ်သွားတယ်လို့ စိတ်ဝယ်ခံစားရဖို့ကတော့ တက်ညီလက်ညီကြိုးစားရမှာပဲဖြစ်ပါကြောင်း။ ။

**ကိုးကား - အေအက်ဖ်ပီ**



> "ဂရိနိုင်ငံတွင်းမှာ ဖြစ်ပွားခဲ့တဲ့ စီးပွားရေးအကျပ်အတည်းဟာ တကယ့်ကို ဆိုးရွားလွန်းလှပါတယ်၊ ကြွေးမြီတွေကို ချေးယူပြီး ပြန်မဆပ်နိုင်တော့တဲ့အခါ အကြွေးသံသရာလည်ခဲ့မလိုဖြစ်ခဲ့ရာက အခုတော့ ဥရောပဇုန်ဝန်ကြီးတွေနဲ့ နားလည်မှု သဘောတူညီမှုတစ်ခု ရရှိလိုက်တာဟာ ဂရိနိုင်ငံကို အသက်ရှူချောင်စေရုံတင်မက စီးပွားရေးဆိုင်ရာ ဒေဝါလီခံရမှုမှလည်း ကင်းလွတ်စေခဲ့"

# ကော့သောင်းမြို့၌ သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်



**ကော့သောင်း ဇွန် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင်၍ ဇွန် ၂၅ ရက်က ကော့သောင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ မြေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ငလျင်ဘေး၊ မုန်တိုင်းဘေးများ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ရယူပေးပို့ခြင်း၊ ပျက်စီးပြိုကျနေသည့် အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ အထပ်မြင့်အဆောက်အအုံများပေါ်တွင် ရှိနေသူများအား အန္တရာယ်ကင်းရှင်းစွာ အရေးပေါ်ကယ်ဆယ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် လူနာတင်ယာဉ်များဖြင့် ဘေးအန္တရာယ်ကင်းရှင်းရာသို့ လျင်မြန်စွာရွှေ့ပြောင်းခြင်း၊ သစ်ပင်ပိလူနာအား သစ်ပင်ကို ချိန်းဆောဖြင့်ဖြတ်၍ ကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုခြင်း၊ ဆေးရုံသို့ပို့ဆောင်ခြင်းစသည့် မြေပြင်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို သဏ္ဌာန်တူပြုလုပ်၍ လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။

လေ့ကျင့်ရာတွင် ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းပါဝင်ပြီး မီးသတ်တပ်ဖွဲ့၏ မီးသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ လူနာတင်ယာဉ်များ အသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**

# ပေါင်မြို့၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပေါင် ဇွန် ၂၅**

ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် သတင်းစကား လက်ကမ်းစာစောင်များကို ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဇွန် ၂၅ ရက်က ပြည်သူများလက်ဝယ်အရောက် လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါလက်ကမ်းစာစောင်တွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား မေလအတွင်းက တွေ့ဆုံရာတွင် ပြောကြားသည့် လမ်းညွှန်အမှာစကားမှ ကောက်နုတ်ချက်များ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က လူငယ်ရေးရာမူဝါဒ မိတ်ဆက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများ၊ မူးယစ်ဆေး၏ ဆိုးကျိုးများနှင့် ပညာပေးကဗျာ၊ ကာတွန်းများ ပါဝင်သည်။

အဆိုပါ လက်ကမ်းစာစောင်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ထုတ်ဝေခြင်းဖြစ်ပြီး လက်ကမ်းစာစောင်များကို ပေါင်မြို့ရှိ ဈေး၊ လက်ဖက်ရည်ဆိုင်၊ တက္ကစီဂိတ်များ၊ ကားဂိတ်များ၌ မြို့နယ်ပြန်/ဆက် ဝန်ထမ်းများက ပြည်သူများထံသို့ အခမဲ့ ဝေငှပေးခဲ့ကြသည်။

**ကိုဟိန်း(ပေါင်)**



# မင်းဘူးမြို့တွင် ဌာနဆိုင်ရာများပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကျင်းပ



**မင်းဘူး ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက် သူဌေးကုန်းရပ်ရှိ ဓမ္မာရုံတွင် မင်းဘူးမြို့နယ် ဌာနဆိုင်ရာများဖြစ်သော မင်းဘူးမြို့မရဲစခန်း၊ မြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ ဒေသခံပြည်သူများအား အသိပညာပေးဟောပြောပွဲကို ဇွန် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဝေလင်းမှ မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမြင့်ကြည်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် ထုတ်ကုန်လုံခြုံမှုတွင် ပါဝင်ရမည့်အချက်များကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကြီးကြပ်ရေးမှူး ဦးသန်းထွန်းက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့မရဲစခန်းမှူးက သက်ငယ်မုဒိန်းမှု ပပျောက်ရေးနှင့် မှုခင်းများလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် မင်းဘူးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**မျိုးမြတ်(မင်းဘူး)**

# ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ်ကိုင်တွယ်အသုံးပြုမှု စာတွေ့သင်တန်းဖွင့်

**မိုးနဲ ဇွန် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် နမ့်ခုံးရှမ်းများပရဟိတအသင်းတို့ ပူးပေါင်းမှုဖြင့် လမ်းအသုံးပြုသူ ပြည်သူများ၊ ယာဉ်မောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ်မောင်းနှင်ထိန်းသိမ်းမှု စာတွေ့သင်ကြားခြင်း သင်တန်းကို ဇွန် ၂၄ ရက်က မိုးနဲမြို့ရှိ ကမ္ဘောဇခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားပြီး လင်းခေးခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်မျိုးလှိုင်ဝင်းက ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ Cargo Link Pongrawe Logistics Company Limited မှ ယာဉ်မောင်းနည်းပြ စိုင်းဉာဏ်လင်းအောင်က ယာဉ်တိုက်မှုများမှကာကွယ်ခြင်း၊ မော်တော်ယာဉ်မောင်းနှင်နေစဉ် အိပ်ငိုက်ခြင်းကြောင့် ဖြစ်ပေါ်နိုင်သောဆိုးကျိုးများ၊ ရာသီဥတုအမျိုးမျိုးတွင် မော်တော်ယာဉ်ထိန်းသိမ်းကိုင်တွယ်မှုများကို စာတွေ့သင်ကြားပို့ချပေးခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လင်းခေးခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ နမ့်ခုံးရှမ်းများပရဟိတအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာ၌ ကျေးရွာအခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**မိတ္ထီလာ ဇွန် ၂၅**

မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု တည်ပင်ကုန်းကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇွန် ၂၅ ရက်က ကျင်းပခဲ့ပြီး ကျောင်းဆိုင်းဘုတ်သစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၊ ခရိုင်ပညာရေးမှူး ဒေါက်တာကျော်လွင်၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာမြင့်နှင့် ကျောင်းအကျိုးဆောင်အဖွဲ့ဝင် ဦးခင်မောင်တင့်တို့ က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး ကျောင်း၏ ဘဏ္ဍာရေးမှူး ဦးမြင့်သိန်းက ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းပြောကြားကာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ တည်ပင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် တည်ပင်ကုန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၇၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကျုံပျော်မြို့နယ်၌ သမဝါယမ အစည်းအဝေးပြုလုပ်

**ကျုံပျော် ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ဇွန် ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသောင်းရွှေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးတို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှူးက မြို့နယ်အတွင်း သမဝါယမလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ အသင်းသားမိသားစုဝင်များထဲမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သူနှင့် ဂုဏ်ထူးရရှိကြသူ ကျောင်းသား ကျောင်းသူ ၁၆ ဦးအား ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သမဝါယမအသင်းစုလီမိတက်တွင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၁၁၃ သင်း၊ မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်း ၅၅ သင်း ပါဝင်ဖွဲ့စည်းထားပြီး စုစုပေါင်း သမဝါယမအသင်း ၁၈၆ သင်းရှိကာ အသင်းသားများနှင့် မိသားစုဝင်များ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေထုတ်ချေးပေးခြင်း၊ စုဆောင်းငွေအပေါ်တွင် အတိုးပြန်လည်ပေးအပ်ခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျရောင်းချပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

**ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ တောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆက်လက်ထုတ်ချေးပေးလျက်ရှိရာ ချေးငွေထုတ်နေသည့် တောင်သူများအား ဇွန် ၂၅ ရက်က တွေ့ရစဉ်။** (ချေးငွေများကို မေ ၁၈ ရက်မှ စတင်ထုတ်ပေးနေခြင်းဖြစ်ပြီး ကျေးရွာအုပ်စု ၉၈ စုမှ တောင်သူလယ်သမား ၁၅၃၆၅ ဦးအား ချေးငွေ ကျပ်သန်းပေါင်း ၁၄၇၀၀ ထုတ်ချေးသွားရန် လျာထားသည့်အနက် ဇွန် ၂၅ ရက်အထိ တောင်သူ တစ်သောင်းနီးပါး၏ စိုက်ပျိုးမြေ ဧက ၆၃၀၀၀ ကျော်အတွက် ချေးငွေကျပ်သန်းပေါင်း ၉၄၀၀ ကျော် ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။)

**မြို့နယ်(ပြန်/ဆက်)**



# အောင်လအန်ဆန်(မြန်မာစပါးအုံးမြွေ)ရဲ့ အမိမြေ ချန်ပီယံခါးပတ် ကာကွယ်ပွဲ ယခင်ပွဲများကဲ့သို့ ရိုးရှင်းလွယ်ကူနိုင်ပါ့မလား

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

**လတ်တလော ပြည်သူများစိတ်ဝင်စားနေတဲ့ အောင်လအန်ဆန် (မြန်မာစပါးအုံးမြွေ)ရဲ့ MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲကြီး နီးလာပြီဖြစ်ပါတယ်။ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲကြီးဖြစ်တဲ့ Mixed Martial Arts (ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲကြီး)ကို ယခုလ ဇွန် ၂၉ ရက် ည ၆ နာရီခွဲမှာ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမိုးလုံလေလုံအားကစားရုံမှာ ကျင်းပတော့မှာပါ။ အမိမြေမှာ ယှဉ်ပြိုင်ထိုးသတ်ရမယ့် အောင်လအန်ဆန်ဟာ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံခါးပတ်နဲ့ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်တို့ကို လတ်တလော ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ပါတယ်။ ယခုယှဉ်ပြိုင်ထိုးသတ်မယ့် ချန်ပီယံခါးပတ်ကာကွယ်ပွဲကတော့ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ပွဲပဲဖြစ်ပါတယ်။**

### မှတ်တမ်းကောင်း

MMA ရဲ့ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ခါးပတ်လုပွဲကြီးကို စိန်ခေါ်သူ ဂျပန်နိုင်ငံသား ကမ်ဟာဆီဂါဝါက လက်ရှိချန်ပီယံ အောင်လအန်ဆန်ကို စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပါတယ်။ ဟာဆီဂါဝါဟာ အသက် ၃၁ နှစ်သာရှိသေးပြီး လက်ရှိချန်ပီယံ အောင်လအန်ဆန်ထက် နှစ်နှစ်ငယ်ရွယ်သူပါ။ လက်ရှိ MMA ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ပွဲပေါင်း ၁၉ ပွဲမှာ ၁၆ ပွဲနိုင်၊ တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ထားတဲ့ လက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။ အထူးသဖြင့် ဆီဂါဝါဟာ ဂျူဒို၊ နပမ်းနဲ့ ဂျူဂျစ်စုတို့ကို တိုက်ခိုက်ရာမှာ ကျွမ်းကျင်ပိုင်နိုင်သူတစ်ဦးဖြစ်ပြီး လျင်မြန်သွက်လက်မှုရှိသလို ကစားရာမှာလည်း တစ်ဖက်ပြိုင်ဘက်အပေါ် ပါဝါအပြည့်သုံးကာ ကောင်တာ၊ ဖိုက်တာမျုကာ အသုံးပြုကစားတတ်သူတစ်ဦးပါ။ အရပ်အမောင်း ၅ ပေ ၁၁ လက်မရှိကာ လက်ရှိချန်ပီယံ အောင်လအန်ဆန်နဲ့ အရပ်အမောင်း အနည်းငယ်ကွာဟမှုရှိနေပါတယ်။ ကီလိုဝိတ်တန်းအားဖြင့် ၁၈၅ ပေါင်ရှိပြီး လက်ရှိ Independent မှာ လေ့ကျင့်နေသော လက်ဝှေ့ကျော်တစ်ဦးဖြစ်ကာ ပြီးခဲ့သော ဖေဖော်ဝါရီ ၂၄ ရက်က မစ်ဒယ်ဝိတ်တန်းမှ ဂျပန်နိုင်ငံသား Genpei Hayashi ကို ပထမအချီ ၃ မိနစ် ၀၉ စက္ကန့်မှာ အလဲထိုးနဲ့ နိုင်ထားသူတစ်ဦးဖြစ်သလို အနိုင်ရသော ပြိုင်ပွဲတိုင်း ပထမအချီမှာပင် ပြိုင်ဘက်တိုင်းကို ပွဲသိမ်းအနိုင်ယူထားသော လက်ဝှေ့မှတ်တမ်းကောင်း ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ပါတယ်။

### ငါးကြိမ်မြောက်အနိုင်ရ

စိန်ခေါ်သူကို အမိမြေမှာ လက်ခံယှဉ်ပြိုင်ထိုးသတ်မယ့် ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံ အောင်လအန်ဆန်ကတော့ အမိမြေမှာ ခြောက်ကြိမ်မြောက် ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၅ ခုနှစ်ကတည်းက စတင်ခြေချခဲ့တဲ့ MMA ပြိုင်ပွဲကြီးဟာ စင်ကာပူနိုင်ငံအခြေစိုက် One Championship အဖွဲ့က ဦးဆောင်ပြီး ကမ္ဘာ့နိုင်ငံများဆီသို့ လစဉ်နီးပါးလှည့်လည်ကျင်းပနေတာပါ။ ယခုသုံးနှစ်ကျော်၊ လေးနှစ်တာ ကာလအတွင်း MMA ပြိုင်ပွဲတွေကို မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ်ကျင်းပခဲ့တာ စုစုပေါင်း ခုနစ်ကြိမ်မြောက် ရှိပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃ ရက်က ငါးကြိမ်မြောက် ကျင်းပခဲ့ပြီး ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်ကတော့ မြန်မာနိုင်ငံအနေဖြင့် ဆဋ္ဌမအကြိမ်မြောက် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့တာပါ။ အိမ်ရှင်အဖြစ် ဆဋ္ဌမအကြိမ်မြောက် ကျင်းပခဲ့တဲ့ MMA ပြိုင်ပွဲရဲ့ ဟဲဗီးဝိတ်ရွှေခါးပတ်လုပွဲမှာ အောင်လအန်ဆန်ဟာ ဘရာဇီးနိုင်ငံသား အလက်ဇန်ဒရီမချာဒိုနှင့် စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ ၅၆ စက္ကန့်မှာပဲ အလဲထိုးနဲ့အနိုင်ရခဲ့ပါတယ်။ ဒီပွဲမှာ အောင်လအန်ဆန်(မြန်မာစပါးအုံးမြွေ)ရဲ့ ဒုတိယမြောက် ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ခဲ့သလို အမိမြန်မာနိုင်ငံမှာ ငါးကြိမ်မြောက် အနိုင်ရလိုက်တာလည်း ဖြစ်ပါတယ်။

### စံချိန်တင်များပြား

မြန်မာပြည် ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်ဟာ ၂၀၁၆ခုနှစ် မတ် ၁၈ ရက်က မြန်မာနိုင်ငံမှာ ဒုတိယအကြိမ်ကျင်းပတဲ့ MMA ပြိုင်ပွဲမှာ အီဂျစ်နိုင်ငံသား မိုဟာမက်အလီနဲ့ စတင်ယှဉ်ပြိုင်ထိုးသတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာ အီဂျစ်နိုင်ငံသား မိုဟာမက်အလီကို ဂျူဂျစ်စုနည်းနဲ့ အနိုင်ရခဲ့ပြီး နောက်ငါးလအကြာ စက်တင်ဘာ ၆ ရက်မှာ ပိုလန်နိုင်ငံသား မိုက်ကယ်ပတ်စတာနက်နဲ့ ဒုတိယမြောက်ယှဉ်ပြိုင်ထိုးသတ်ရာမှာလည်း အမှတ်နဲ့ အနိုင်ရခဲ့ပါတယ်။ အဲဒီနောက် အောင်လအနေနဲ့ မြန်မာနိုင်ငံမှာ တတိယမြောက် ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲမှာတော့ လက်ရှိချန်ပီယံ ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ရာမှာ အမှတ်နဲ့အနိုင်ရခဲ့ပြီး လက်ရှိ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ ယင်း MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကြီးကို ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်မှာ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမိုးလုံလေလုံအားကစားရုံမှာကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်ကို အားပေးသူပရိသတ် သုံးသောင်းကျော်အထိ စံချိန်တင်များပြားခဲ့ပါတယ်။



ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံလုပွဲတွင် ယှဉ်ပြိုင်ထိုးသတ်မည့် အောင်လအန်ဆန်(မြန်မာ)နှင့် စိန်ခေါ်သူ ဂျပန်နိုင်ငံသား ဟာဆီဂါဝါ



ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံလုပွဲတွင် အောင်လအန်ဆန်(မြန်မာ)နှင့် မချာဒို (ဘရာဇီး)တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့စဉ်။

### အားပြုကစား

အောင်လအန်ဆန် ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ MMA ပြိုင်ပွဲ ၃၂ ပွဲမှာ ၂၂ ပွဲနိုင် ၁၀ ပွဲရှုံး ရလဒ်ကို ပိုင်ဆိုင်ထားသလို MMA ရဲ့ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းနဲ့ ကမ္ဘာ့ဟဲဗီးဝိတ်တန်းတို့ရဲ့ လက်ရှိချန်ပီယံတစ်ဦးလည်း ဖြစ်ပါတယ်။ အရပ်အမောင်းအားဖြင့် ယခုစိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်သူ ဆီဂါဝါထက် အနည်းငယ်မြင့်ပြီး ဂျူဂျစ်စု နည်းကို အားပြုကစားတတ်သော်လည်း ပြိုင်ဘက်ကစားသမားပေါ်မူတည်ကာ လက်သီးနှင့် ခြေကန်ချက်တို့ဖြင့်လည်း ပွဲသိမ်းအနိုင်ယူတတ်တဲ့ လက်ဝှေ့ကျော်တစ်ဦးပါ။ လတ်တလော Crazy 88 Brazilian Jiujitsu ကလပ်တွင် လေ့ကျင့်နေသူတစ်ဦးဖြစ်ပြီး ယခုချန်ပီယံခါးပတ်ကာကွယ်ပွဲမှာ အတတ်နိုင်ဆုံးကာကွယ်ကာ အနိုင်ယူယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သော်လည်း ယခင်ပွဲများကဲ့သို့ လွယ်ကူမည်မဟုတ်ကြောင်း အောင်လအန်ဆန်ကိုယ်တိုင် ရင်ဖွင့်ထားပါတယ်။

### အမှန်တကယ်

One Championship အဖွဲ့က ကြီးမှူးကျင်းပနေတဲ့ MMA ပြိုင်ပွဲတွေကို မြန်မာနိုင်ငံမှာ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၈ ရက်ကတည်းက စတင်ကျင်းပခဲ့ရာမှာ ယခုအကြိမ်ဟာ သတ္တမအကြိမ်မြောက် ကျင်းပမှာဖြစ်ပြီး အောင်လအန်ဆန်အနေနဲ့ ယခင်ပွဲများကဲ့သို့ လွယ်လင့်တကူအနိုင်ရဖို့တော့ ခက်ခဲမှာဖြစ်ပါတယ်။ အောင်လအန်ဆန် ယှဉ်ပြိုင်ထိုးသတ်မယ့်ပြိုင်ဘက်ဟာ ဂျူဒိုကစားသမားကောင်းတစ်ဦးဖြစ်သလို လျင်မြန်မှုအပိုင်းမှာလည်း သူမတူလက်ဝှေ့ကျော်တစ်ဦးဖြစ်တာကြောင့် ယခုရွှေခါးပတ်ကာကွယ်ပွဲကတော့ အောင်လအနေနဲ့ အမိမြေမှာ အမှန်တကယ်ရုန်းကန်ရမှာဖြစ်ပါတယ်။

### ပြန်လည်တုံ့ပြန်

အောင်လအန်ဆန် ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ One Championship ပြိုင်ပွဲတွေကို ပြန်လည်သုံးသပ်ကြည့်ရင် အောင်လအန်ဆန်ရဲ့နိုင်ပွဲအများစုဟာ ပထမအချီ၊ ဒုတိယအချီအတွင်းမှာပဲ တစ်ဖက်ပြိုင်ဘက်ကို အသာစီးယူယှဉ်ပြိုင်ခဲ့သည်များ ရှိနေပါတယ်။ အောင်လအန်ဆန်အနေနဲ့ ငယ်ဂုဏ်ရှိတဲ့ ဟာဆီဂါဝါကို အနိုင်ယူနိုင်ဖို့ နည်းဗျူဟာများ ချမှတ်ယှဉ်ပြိုင်မှသာ အခွင့်အရေးကောင်းရမှာ ဖြစ်ပါတယ်။ သူတစ်ပြန် ကိုယ်တစ်လှည့် တိုက်စစ်ဖွင့်ကစားရင်လည်း အားမတန်လို့ မာန်လျှော့လိုက်ရတဲ့ ကိန်းဆိုက်သွားနိုင်ပါတယ်။ အောင်လအန်ဆန်ဟာ ပြီးခဲ့တဲ့ MMA ကမ္ဘာ့ချန်ပီယံဟဲဗီးဝိတ် တန်းခါးပတ်လုပွဲမှာ ဘရာဇီးနိုင်ငံသား မချာဒိုကို အမြင့်ခြေကန်ချက်နဲ့ အနိုင်ရခဲ့မှုအပေါ် ဝေဖန်မှုအချို့ရှိခဲ့သော်လည်း ယခုစိန်ခေါ်ပွဲမှာတော့ အဲဒီလောက် လွယ်ကူမည်မဟုတ်ကြောင်း ဆီဂါဝါက ပြန်လည်တုံ့ပြန်ပြောဆိုထားပါတယ်။

### အဆင့်မြင့်လေ့ကျင့်

ပြီးခဲ့ပွဲမှာ ပထမအချီ စက္ကန့်ပိုင်းမှာပဲ အလဲထိုးနဲ့ အနိုင်ရပြီးနောက် ယခုစိန်ခေါ်ပွဲမှာ ဘယ်နည်း၊ ဘယ်ပုံနဲ့ ယှဉ်ပြိုင်ထိုးသတ်မည်ဆိုတာ အောင်လအန်ဆန်အနေနဲ့ လတ်တလောဖွင့်ဟပြောဆိုခြင်းမရှိသေးသော်လည်း ချန်ပီယံခါးပတ်ကိုတော့ အမိမြေပေါ်မှာ ဆက်လက်သိမ်းပိုက်မယ်လို့ ကြုံးဝါးနေပါတယ်။ လေ့ကျင့်မှုအပိုင်းမှာလည်း ယခင်ထက် ပိုမိုလေ့ကျင့်လျက်ရှိပြီး နည်းစနစ်ပိုင်းဆိုင်ရာလည်း ပိုမိုအဆင့်မြင့် လေ့ကျင့်နေတယ်လို့ ပြောဆိုထားပါတယ်။

### တွဲဆိုင်း ၁၀ ဆိုင်း

မြန်မာနိုင်ငံမှာ သတ္တအကြိမ်မြောက် ကျင်းပမယ့် MMA ကမ္ဘာ့ချန်ပီယံမစ်ဒယ်ဝိတ်တန်းပြိုင်ပွဲမှာ အဓိကပွဲစဉ်အနေဖြင့် အောင်လအန်ဆန်(မြန်မာ)နှင့် ကမ်ဟာဆီဂါဝါ(ဂျပန်)၊ လီအန်ရိုအစ်ဆာ(ဘရာဇီး)နှင့် ရိုမန်(ဂူအမ်)၊ ဆာမီဆာနာ(ပြင်သစ်)နှင့် အဆာမီ(ထိုင်း)၊ ဆာကီတာရို(ထိုင်း)နှင့် မာဂျာဝမ်(တရုတ်)၊ ရဖာလီ(ဘရာဇီး)နှင့် ရာမာဒါ(ဂျပန်)၊ ဂျဆော(အာဖဂန်နစ္စတန်)နှင့် ရှန်းလီ(တရုတ်)၊ မီဒို(ဖိလစ်ပိုင်)နှင့် ကွန်ဆရီချိုင်း(ထိုင်း)၊ ပက်ပါရာသီ(ထိုင်း)နှင့် ဇာတုန်း(ပြင်သစ်)၊ စောဒါဝိတ်(မြန်မာ)နှင့် စောမိုက်ရိုင်း(မြန်မာ)၊ ကွန်ပတန်(ဩစတြေးလျ)နှင့် ဆမ်ပါ(အမေရိကန်) မြန်မာတွဲဆိုင်းအပါအဝင် စုစုပေါင်း တွဲဆိုင်း ၁၀ ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်ပါတယ်။

### အထူးစိတ်ဝင်စား

ယခုယှဉ်ပြိုင်ထိုးသတ်မယ့် ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲမှာတော့ စိန်ခေါ်သူ ဂျပန်နိုင်ငံသား ဆီဂါဝါနဲ့ အမိမြေမှာ လက်ခံယှဉ်ပြိုင်ထိုးရမယ့် အောင်လအန်ဆန်တို့ဟာ နှစ်ဦးစလုံး ဂျူဒို၊ ဂျူဂျစ်စု ကစားသမားများဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်မှာတော့ အမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့် မြန်မာပြည် ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်အနေဖြင့် စိန်ခေါ်သူ ဂျပန်နိုင်ငံသား ဟာဆီဂါဝါကို သူကျွမ်းကျင်ရာ ဂျူဂျစ်စုနည်းနဲ့ ယှဉ်ပြိုင်အနိုင်ယူမလား၊ အမှတ်ပေးစနစ်ဖြစ်လို့ ကစ်ဘောက်ဆင်နည်းနဲ့ပဲ ယှဉ်ပြိုင်ကာ အနိုင်ယူမလားဆိုတာ မြန်မာပြည်ပရိသတ်များ အထူးစိတ်ဝင်စားနေကြပါတယ်။ ဒါကြောင့် စိန်ခေါ်သူ ဟာဆီဂါဝါကပဲ MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်သွားမလား၊ လက်ရှိချန်ပီယံကပဲ ဆက်လက်ကာကွယ်သွားနိုင်မလားဆိုတာကိုတော့ မျှားမကြာမီ ဇွန် ၂၉ ရက်ညပိုင်းမှာ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမိုးလုံလေလုံ အားကစားပြိုင်ပွဲရုံကြီးမှာ စောင့်ကြည့်ရတော့မှာဖြစ်ပါကြောင်း။ ။

# မိုးကြိုပဲမျိုးစုံထွက်ချိန်ဖြစ်၍ မန္တလေးပဲဈေးကွက်၌ အလုပ်အကိုင်အခွင့်အလမ်း ပေါများ



**မန္တလေး ဇွန် ၂၅**
မိုးရာသီအကြို ပဲမျိုးစုံ ထွက်ရှိနေချိန်ဖြစ်သည့် ယခုရာသီတွင် မန္တလေးပဲဈေးကွက်၌ အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

ယခုလို မိုးကြိုကာလဖြစ်သည့် ဇွန်လနှင့် ဇူလိုင်လအတွင်း ပဲတီစိမ်းနှင့် ပဲမျိုးစုံအပါအဝင် နှမ်းနှင့် ပြောင်းသီးနှံစုံ စတင်ပေါ်ထွက်လေ့ရှိပြီး မြို့နယ်အသီးသီးမှ ပဲစိုက်တောင်သူများ တင်ပို့ရောင်းချလာသည့် သီးနှံများမှာ မန္တလေးမြို့ရှိ ပွဲရုံအသီးသီးသို့ နေ့စဉ်ဝင်ရောက်လာမှုကြောင့် အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းဖြစ်သည်။ ထို့အပြင် အိန္ဒိယက ပဲစင်းငုံနှင့် မတ်ပဲများကို ပြန်လည်ဝယ်ယူမည့် သတင်းများကြောင့်လည်း မေလအတွင်းမှစ၍ ပဲဈေးကွက် ပြန်လည်သက်ဝင်လှုပ်ရှားလာကာ အလုပ်အကိုင် အခွင့်အလမ်းများ ပိုများလာကြောင်း သိရသည်။

“မန္တလေးမြို့က အခြားမြို့တွေထက်စာရင် စီးပွားရေး အချက်အချာကျတဲ့ မြို့တော်ဖြစ်နေတဲ့အတွက် မြို့နယ်စုံကထွက်ရှိလာတဲ့ သီးနှံတွေဟာ မန္တလေးကို စုရပ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပတင်ပို့ရောင်းချမှုတွေ ဆောင်ရွက်ရတာကြောင့် ဒီလို ပဲစုံထွက်တဲ့ရာသီမှာ ပွဲရုံတွေမှာ လုပ်ကြတဲ့ အလုပ်သမားတွေ အလုပ်ပေါပြီး ဝင်ငွေကောင်းကြတယ်၊ မိုးဦးနဲ့ ဆောင်းဦးရာသီမှာ မန္တလေးပဲဈေးကွက်မှာ အလုပ်အကိုင်တွေ ပေါများတယ်”ဟု ဦးစိုးဝင်းမြင့်က ပြောသည်။

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်မှ မန္တလေးမြို့ရှိ ပွဲရုံသို့ လာရောက်အလုပ်လုပ်ကိုင်နေသည့် ကိုစိုးနိုင်ကလည်း “ရွာမှာဆိုရင် ဒီလိုမိုးတွင်းကာလမှာ အလုပ်မရှိကြဘူး၊ ကျွန်တော်တို့လိုလူငယ်တွေ အခုလို မန္တလေးမြို့မှာ အိမ်ငှားနေပြီး ဒီပွဲရုံအလုပ်ကို လာလုပ်တဲ့အတွက် မိသားစုခြောက်ဦး အဆင်ပြေပြေနဲ့ နေနိုင်တယ်၊ အခုလိုရာသီမှာတော့ နေ့စဉ်လုပ်အားခ တစ်သောင်းလောက်ရတဲ့အတွက် အိမ်ပြန်လုတာပေါ့ဗျာ”ဟု ပြောသည်။

မန္တလေးမြို့တွင် အထက်မြန်မာပြည် မြို့နယ် အသီးသီးမှ ဝင်ရောက်လာသည့် ပဲမျိုးစုံကို တစ်ဆင့် ပြန်လည်လက်ကားရောင်းဝယ်နေသော ပွဲရုံပေါင်းတစ်ထောင်ကျော် ရှိသည့်အပြင် ဆန်၊ လက်ဖက်၊ ထန်းလျက်နှင့် ကြံသကာပွဲရုံများ၊ ငရုတ်နှင့်သစ်သီးပွဲရုံများလည်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကယားပြည်နယ် ဝမ်ကန်ကျေးရွာ၌ အိမ်တိုင်ရာရောက် ရေမီတာစနစ်ဆောင်ရွက်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မယ်စဲ့ ဇွန် ၂၅**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောဒီးဒီသည် ဘော်လခဲခရိုင် ကျေးလက်ဦးစီးမှူး ဦးစိုးလင်း၊ မြို့နယ် ကျေးလက်ဦးစီးမှူး ဦးမိုးအောင်နှင့် ဝန်ထမ်းများနှင့်အတူ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇွန် ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ခွင့်ပြုငွေကျပ် ၆ ဒသမ ၇၂ သန်းဖြင့် ဝမ်ကန်ကျေးရွာ အိမ်တိုင်ရာရောက် ရေမီတာစနစ်ဖြင့် ရေဖြန့်ဝေရေးလုပ်ငန်း၊ ခွင့်ပြုငွေကျပ် ၅ ဒသမ ၈၂ သန်းဖြင့်မယ်ဆည်နမ်ကျေးရွာ လက်တူးတွင်း တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို တိုးတက်မှု၊ သတ်မှတ်ချိန်အတွင်းပြီးစီးမှု ရှိ၊ မရှိ၊ သတ်မှတ်အရည်အသွေးတို့ဖြင့် ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# နတ်တလင်း၌ ရေကြီး၍ပျက်စီးသော ကျေးရွာချင်းဆက်လမ်းကို စုပေါင်းပြုပြင်

**နတ်တလင်း ဇွန် ၂၅**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် နွားသတ်ချောင်း ရေကြီးရေလျှံမှုတို့ကြောင့် နတ်တလင်း-တာပွန်-ချင်းကုန်းကံလမ်းတွင် လမ်းအရှည် ပေ ၃၀၀ ခန့် ပျက်စီးသွားခဲ့သည်။

အဆိုပါ လမ်းပျက်စီးသွားမှုကြောင့် ဒေသနေပြည်သူများ၏ ဆက်သွယ်သွားလာရေးအတွက် အခက်အခဲများရှိနေသဖြင့် ဇီးပင်ကွေ့အုပ်စု စကျုံရွာ မဇ္ဈိမသုခကျောင်းမှ ဆရာတော် ဦးပညာဒီပနှင့် ဇီးပင်ကွေ့၊ ချောင်းသုံးခွ၊ ကွဲ့သေ၊ ချင်းကုန်းကံ ကျေးရွာအုပ်စုများမှ ပြည်သူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စုပေါင်း၍ အလှူငွေနှင့် လုပ်အားဒါန ပါဝင်မှုများဖြင့် ဇွန် ၂၅ ရက် နံနက်မှစ၍ ပြုပြင်မှုများ ဆောင်ရွက်နေကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



# သရက်ချောင်းမြို့၌ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ပြုလုပ်

**သရက်ချောင်း ဇွန် ၂၅**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဝေါလ်ဗွီးရှင်း(မြန်မာ)၏ သရက်ချောင်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ ပူးပေါင်းပြုလုပ်သည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။



ဆွေးနွေးပွဲတွင် သရက်ချောင်းမြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီရွှေက ကလေးများ၏ ဖြစ်ရပ်များကို စီမံခန့်ခွဲခြင်းများတွင် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ရန်အချက်များ၊ ရပ်ရွာလူထုက ဆောင်ရွက်ရန်အချက်များ၊ အုပ်ထိန်းသူမိဘများက ဆောင်ရွက်ရန်အချက်များ၊ ကလေးသူငယ်များ ကိုယ်တိုင် လိုက်နာဆောင်ရွက်ရန်အချက်များနှင့် သတိပြုဆောင်ရွက်ရမည့်အချက်များကို အသေးစိတ် ရှင်းလင်း၍ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် သရက်ချောင်းမြို့နယ် ဝေါလ်ဗွီးရှင်း(မြန်မာ)ရုံးမှ မြို့နယ်ဖွံ့ဖြိုးရေးတာဝန်ခံ ဦးစောစိုးချစ်ဦးက သရက်ချောင်းမြို့နယ်အတွင်း ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်၍ လုပ်ဆောင်ခဲ့သည့် စီမံချက်များကို ပရိုဂျက်တာပြသ၍ ရှင်းလင်းပြီး တက်ရောက်လာသည့် တာဝန်ရှိသူများနှင့်လည်း အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများ မြို့နယ်အသီးသီးတွင် ကျင်းပ

**ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများကို မြို့နယ်အသီးသီးတွင် ကျင်းပလျက်ရှိသည်။**

### ကော့မှူး

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဘုရားလမ်းရပ်ကွက်ရှိ ပတုပ်မူလတန်းလွန်ကျောင်း၌ ဇွန် ၂၅ ရက်က ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီးဒေါ်စန်းရီ၊ ကော့မှူးမြို့မရဲစခန်းမှူးဒုရဲမှူးသက်လွင်နှင့် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးဇော်ဝင်းထွန်းတို့က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်ဒဏ်များကို အသေးစိတ် ဟောပြောခဲ့ကြသည်။ ထို့နောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေး ဓာတ်ပုံ၊ ကဗျာ၊ ကာတွန်းနှင့် နံရံကပ်စာစောင်ပြခန်းများကို ပြန်/ဆက် ဦးစီးဌာနက ခင်းကျင်းပြသခဲ့သည်။

**ကျော်သူရ(ကော့မှူး)**

### ပင်လည်ဘူး

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ဇွန် ၂၅ ရက်က မြို့နယ် ပြန်/ဆက် ဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်တင်စိုးက ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင် မြို့မ(၁) နှင့် မြို့မ(၂) အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူ ၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများ ချီးမြှင့်ကာ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးလွင် (ပင်လည်ဘူး)**

### မြောင်းမြ

မြောင်းမြပညာရေးကောလိပ် ပညာသိရိခန်းမတွင် ဇွန် ၂၅ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မြောင်းမြခရိုင် ပြန်/ဆက်ဦးစီးဌာနက ကြီးမှူး ကျင်းပခဲ့ပြီး သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ ပန်းချီနှင့် ကဗျာများလည်း ခင်းကျင်းပြသခဲ့သည်။ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဗန်းမော်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၏ ဆုပေးပွဲကို ဇွန် ၂၅ ရက်က ခရိုင် ကွန်မြူနတီစင်တာ၌ ကျင်းပခဲ့ပြီး ဆုပေးပွဲတွင် ခရိုင် ပြန်/ဆက်ဦးစီးမှူး ဦးအောင်ကျော်ထွန်းက အမှာစကားပြောကြားကာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဒုတိယမြို့နယ်ပညာရေးမှူး ဦးလဆန်နှင့် ခရိုင်ပြန်/ဆက်ဦးစီးမှူးတို့က ဆုများချီးမြှင့်ခဲ့သည်။ ထို့နောက် ဒေသခံပြည်သူများအား ခရိုင်ပြန်/ဆက် ဝန်ထမ်းများက မူးယစ်ဆေးဝါး တိုက်ဖျက်ရေး သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ဒီးမော့ဆို

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုပေးပွဲကို ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။ ဒီးမော့ဆို အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးအောင်မင်းက မူးယစ်ဆေးဝါး အန္တရာယ်နှင့် မူးယစ်ဆေးဝါးဆိုးကျိုးများကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးသီဟက မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း ဟောပြောခဲ့ကြသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပခဲ့သော အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကာ ဟောပြောပွဲသို့ တက်ရောက်လာကြသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ထုတ်ဝေထားသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### ဘီးလင်း

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ဘီးလင်းမြို့နယ်ပြန်ဆက် ဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ဘီးလင်းမြို့ အလူးလေးအထက်တန်းကျောင်း၌ ဇွန် ၂၄ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံက ဟောပြောပွဲများပြုလုပ်ခြင်းနှင့် စာဖတ်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒု ရဲအုပ်စောစန္ဒာက မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်များ၊ ဒုရဲအုပ်သက်ချိုပြုံးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများ၊ စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးမျိုးလွင်က ဆိုးဆေးအန္တရာယ်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေယံအောင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စသည်တို့ကို ဟောပြောခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# မဟာဗန္ဓုလနှင့် ခနဲ့ဖြူ

**မောင်သာ(ရှေးဟောင်းသုတေသန)**

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ(ခရစ်နှစ် ၁၈၂၄-၁၈၂၆)အတွင်း စွမ်းရည်ထက်မြက်သော မြန်မာစစ်သူကြီးတစ်ဦးအဖြစ် ထင်ရှားခဲ့သည့် မဟာဗန္ဓုလသည် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အလုံတိုက်နယ်မှ ငပယင်းကြီးရွာတွင် ဖွားမြင်ခဲ့သော်လည်း ဧရာဝတီတိုင်းဒေသကြီး ခနဲ့ဖြူမြို့နှင့် ဆက်စပ်ကာ ပိုမိုထင်ရှားခဲ့သည်။ အဂ္ဂမဟာသေနာပတိ သတိုး မဟာဗန္ဓုလ နေမျိုးသူရရဲခေါင်ဘွဲ့ခံ စစ်သူကြီး မဟာဗန္ဓုလသည် မြန်မာသက္ကရာဇ် ၁၁၈၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက်(ခရစ်နှစ် ၁၈၂၅ ခုနှစ် ဧပြီလ ၁ ရက်) သောကြာနေ့တွင် ခနဲ့ဖြူခံတပ်၌ ကျဆုံးခဲ့သဖြင့် မဟာဗန္ဓုလကိုခနဲ့ဖြူမြို့နှင့် တွဲဖက်၍ သိရှိကြပေသည်။

**သမိုင်းထဲမှ ခနဲ့ဖြူ**

ခနဲ့ဖြူမြို့သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တွင် ပါဝင်၍ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိကာ အကျယ်အဝန်း ၁ ဒသမ ၁၅ စတုရန်းမိုင်သာရှိသည့် မြို့ငယ်တစ်ခုဖြစ်သည်။ ခနဲ့ဖြူမြို့နယ်တစ်ခုလုံး၏ အကျယ်အဝန်းသည် ၂၈၉ ဒသမ ၃၅ စတုရန်းမိုင်ဖြစ်သည်။

ခနဲ့ဖြူမြို့နယ် အဝန်းအဝိုင်းသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ စိမ့်စမ်းတောမြိုင်များ ဖုံးလွှမ်းနေကာ ဒေါင်းဖြူများအပါအဝင် သားငှက်များ ကျက်စားသည့်နေရာ ဖြစ်ခဲ့သဖြင့် ဒေါင်းဖြူမှ ဒေါင်းဖြူမြေ၊ ခနဲ့ဖြူဖြစ်လာသည်ဟုလည်းကောင်း၊ ပုသိမ် သမုဒ္ဒထောသမင်းနှင့် ဥမ္မာဒန္တီမိဖုရားတို့၏ သားတော် ခနဲ့မင်းသား တည်ထောင်သဖြင့် ခနဲ့ဖြူဟုတွင်သည်ဟုလည်းကောင်း အဆိုများရှိခဲ့သည်။ အင်္ဂလိပ်တို့သည် ၁၈၅၂ ခုနှစ်တွင် အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် ခရိုင်များဖွဲ့စည်းခဲ့ရာတွင် ခနဲ့ဖြူမြို့ကို ထည့်သွင်းဖွဲ့စည်းခဲ့ပြီး ၁၈၇၅ ခုနှစ်တွင် ခနဲ့ဖြူသည် သုံးခွခရိုင်(မအူပင်)တွင် ပါဝင်ခဲ့သည်။ လက်ရှိအချိန်တွင် ခနဲ့ဖြူမြို့နယ်ကို ရပ်ကွက် ၁၈ ခု ကျေးရွာအုပ်စု ၆၃ စုဖြင့် ဖွဲ့စည်းထားကာ မြို့နယ်အတွင်း ဗမာလူမျိုးများနှင့် ကရင်လူမျိုးများ အများဆုံးနေထိုင်ကြသည်။ ခနဲ့ဖြူမြို့နယ်သည် အရှေ့ဘက်တွင် တိုက်ကြီးနှင့် ထန်းတပင်မြို့နယ်၊ အနောက်ဘက်တွင် ကျုံပျော်မြို့နယ်၊ တောင်ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မြောက်ဘက်တွင် ဇလွန်မြို့နယ်တို့နှင့် ထိစပ်နေသည်။

ခနဲ့ဖြူမြို့နယ်သည် တောင်ကုန်းတောင်တန်းများမရှိဘဲ နုန်းတင်မြေနုလွင်ပြင်ဖြစ်သဖြင့် ဒေသနေပြည်သူများသည် စပါး၊ ပဲ၊ ပြောင်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးဆောင်ရွက်ကြသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၂၈ ပေသာမြင့်ပြီး မြို့နယ်အတွင်း ဧရာဝတီမြစ်ဖြတ်သန်းနေသည့် အလျားသည် ၁၇ မိုင်ခန့် ရှည်လျားလျက် ရေလည်တွင် သောင်များထွန်းလျက်ရှိသည်။

မြန်မာနိုင်ငံအောက်ပိုင်းမှ အထက်အညာသို့ ဆန်တက်ကြသည့် လှေသင်္ဘောများသည် ခနဲ့ဖြူကို ဖြတ်သန်းကြရသည်။ ခနဲ့ဖြူမြို့တွင်တည်ရှိသည့် သမိုင်းဝင် အဆောက်အအုံများအနက် ကျိုက္ကလွန်ပွန်းစေတီတော်၊ ခနဲ့ဖြူခံတပ်နှင့် စစ်သူကြီးမဟာဗန္ဓုလ အထိမ်းအမှတ်အုတ်ဂူတို့သည် အထင်ရှားဆုံးဖြစ်သည်။

**စစ်သူကြီးမဟာဗန္ဓုလ**

စစ်သူကြီးမဟာဗန္ဓုလ ဖြစ်လာမည့် မောင်ရစ်ကို စစ်ကိုင်းတိုင်းဒေသကြီး ငပယင်းကြီးကျေးရွာတွင် ဖခင်ဦးပေါက်တော၊ မိခင်မယ်မိငြိမ်းတို့က ကုန်းဘောင်ဘုရင် ဗဒုံမင်းလက်ထက်၊ မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်(ခရစ်နှစ် ၁၇၈၂ ခုနှစ် အောက်တိုဘာ ၁၁ ရက်)တွင် ဖွားမြင်ခဲ့သည်။ အရွယ်ရောက်လာချိန်တွင် ရှင်မင်းဘူးနှင့် အိမ်ထောင်ကျကာ ဘုရင့်နေပြည်တော်သို့ ပြောင်းရွှေ့ခဲ့ပြီး ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့စံမင်းသားထံမှောက်၌ ကိုယ်ရံတော်အဆင့်အထိ အမှုထမ်းခဲ့သည်။

အိမ်ရှေ့မင်းနတ်ရွာစံပြီးနောက် မောင်ရစ်သည် စစ်ကိုင်းမင်းသားထံတွင် ဆက်လက်အမှုထမ်းဆောင်ခဲ့ပြီး ဗြဲတိုက်သံဆင့်အရာ ဖြစ်လာခဲ့ကာ မြန်မာသက္ကရာဇ် ၁၁၇၅ ခုနှစ်တွင် နေမျိုးသူရရဲခေါင် ဘွဲ့မည်ဖြင့် ဒီပဲယင်းမြို့ဝန် ဖြစ်လာခဲ့သည်။ မဟာဗန္ဓုလသည် မဏိပူရနှင့် အာသံအရေးတွင် ပါဝင်ခဲ့ပြီး စစ်ရေးစွမ်းရည်ထက်မြက်မှုကြောင့် အထူးထင်ရှားလာခဲ့သည်။

ဘိုးတော်ဘုရား ဗဒုံမင်းလက်ထက်(ခရစ်နှစ် ၁၇၈၂-၁၈၁၉)တွင် မြန်မာတို့၏လက်အောက်ခံဖြစ်ခဲ့သည့် မဏိပူရ၌ မဏိပူရစော်ဘွားဂျေးဆင်း ကွယ်လွန်ချိန်တွင် သားတော်ကြီး မဟာရာဇာ(Chaurjit Singh)သည် ထီးနန်းကို ရယူခဲ့ပြီးနောက် ညီတော်ဇူပရာဇာ(Marjit Singh)သည် ဘိုးတော်ဘုရားထံ ခိုလှုံခဲ့သည်။ ဘိုးတော်ဘုရားသည် မဏိပူ ထီးနန်းအရှုပ်အထွေးကို ပြေအေးစေ၍ ညီအစ်ကိုနှစ်ဦး အတူတကွ အုပ်ချုပ်နိုင်ရေး ညှိနှိုင်းပေးရန် မဟာရာဇာကို ခေါ်ခဲ့သော်လည်း လာရောက်ခဲ့ခြင်းမရှိသဖြင့် မဏိပူရသို့ ခရစ်နှစ် ၁၈၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် စစ်ချီစေခဲ့သည်။ ယင်းစစ်ပွဲတွင် စစ်သူကြီး နေမျိုးသူရရဲခေါင်သည် နေမျိုးမင်းလှ မဟာ နော်ရထာနှင့်အတူ တမူးပန်းသာစစ်ကြောင်းမှ ချီတက်ခဲ့သည်။ မဏိပူရ-မြန်မာစစ်ပွဲတွင် ဘိုးတော်ဘုရားတပ်များ အနိုင်ရခဲ့ပြီး ဇူပရာဇာကို မဏိပူရတွင် နန်းတင်ပေး၍ ပြန်လာခဲ့ကြသည်။

အာသံပြည်တွင် ဝေသာလီအမတ်များက မြန်မာတို့ နန်းတင်ပေးထားခဲ့သည့် စန္ဒဂန္ဓရှိန်(Chandra Kanta Singh)ကို နန်းချ၍ ပူရန္ဒာဆင်းကို ၁၈၁၆ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် နန်းတင်ခဲ့သဖြင့် ယင်းနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ဘိုးတော်ဘုရား၏တပ်များ အာသံသို့စစ်ချီခဲ့ကြရာတွင်လည်း နေမျိုးသူရရဲခေါင်သည် တပ်ဦးမှ စစ်ချီခဲ့ရသည်။

ခရစ်နှစ် ၁၈၁၉ ခုနှစ် ဇွန်လ ၅ ရက်တွင် ဘိုးတော်ဘုရား ဗဒုံမင်း နတ်ရွာစံခဲ့ပြီးနောက် မြေးတော် စစ်ကိုင်းမင်း နန်းတက်လာချိန်တွင် နေမျိုးသူရရဲခေါင်အား အလုံမြို့ကိုစားစေလျက် မဟာဗန္ဓုလဘွဲ့ကို ချီးမြှင့်ခဲ့သည်။ ဘိုးတော်ဘုရားလက်ထက်က မဏိပူရတွင် နန်းတင်ပေးထားခဲ့သည့် ဇူပရာဇာ(Marjit Singh)သည် စစ်ကိုင်းမင်းနန်းတက်ချိန်တွင် အဖူးမြော် မလာရောက်ခဲ့သည့်အပြင် ကဘော်တောင်ကြားတွင် သစ်များခုတ်ယူရောင်းချနေသဖြင့် စစ်ကိုင်းမင်း၏တပ်များသည် မဏိပူရသို့ ၁၈၁၉ ခုနှစ် ဒီဇင်ဘာလ ၂ ရက်တွင် ချီခဲ့ပြန်ရာ မဟာဗန္ဓုလသည် စစ်ကဲအဖြစ် တာဝန်ယူချီတက်ခဲ့သည်။ မဏိပူရစစ်ပွဲကို အဆုံးအဖြတ်ပေးခဲ့သည့် ကက်စိန်တောင်တိုက်ပွဲတွင် မြန်မာတပ်များအနိုင်ရရှိစေရန် မဟာဗန္ဓုလက စီရင်ကွပ်ကဲခဲ့ပေသည်။ မြန်မာတပ်များသည် မဏိပူရကို သိမ်းပိုက်နိုင်ခဲ့ပြီးနောက် ဒီဇင်ဘာလ ၂၆ ရက်တွင် တပ်စဉ်အတိုင်း ပြန်လာခဲ့ကြသည်။

**မြန်မာ-အင်္ဂလိပ် ပထမစစ်ပွဲ**

မြန်မာနှင့် အင်္ဂလိပ်တို့သည် ဘိုးတော်ဘုရား ဗဒုံမင်း လက်ထက်ကတည်းကပင် ဆက်ဆံရေး အဆင်မပြေ ဖြစ်ခဲ့သည်။ ဘကြီးတော်စစ်ကိုင်းမင်းသည် မဏိပူရသို့ မြန်မာတပ်များကို စေလွှတ်ခဲ့ချိန်တွင် ဇူပရာဇာခေါ် မာဂျစ်ဆင်းနှင့် တပ်များသည် ကချာ(Cachar)နယ်သို့ ထွက်ပြေးခဲ့သည်။ ကချာစော်ဘွား ဂေါဝိန္ဒချန္ဒရာသည် မာဂျစ်ဆင်း၏တပ်များ မိမိနယ်အတွင်းသို့ ရောက်ရှိလာခဲ့သဖြင့် ဗြိတိသျှတို့ထံ အကူအညီတောင်းခံခဲ့သည်။ မြန်မာတို့က ၁၈၂၃ ခုနှစ် နိုဝင်ဘာလတွင် ဆီလဟတ်နှင့်အာသံနယ်စပ်တစ်လျှောက်၌ တပ်အင်အားများ ချထားခဲ့ပြီးနောက် အင်္ဂလိပ်တို့သည် မြန်မာများလက်တွင်းသို့ ကချာနယ် ကျရောက်မည်ကို စိုးရိမ်ခဲ့ကြသည်။ ကချာကျသွားလျှင် ဘင်္ဂလားအရှေ့ပိုင်းကို မြန်မာတို့ အလွယ်တကူတိုက်ခိုက်နိုင်မည်ဟု ယူဆခဲ့သဖြင့် အင်္ဂလိပ်တို့သည် ကချာကို မြန်မာတို့ထက်ဦးအောင် သိမ်းပိုက်ခဲ့ပြီး အစောင့်အရှောက်ခံနယ်မြေအဖြစ် ကြေညာခဲ့သည်။ ၁၈၂၃ ခုနှစ်တွင် ကချာနယ်အတွင်းသို့ မြန်မာတပ်များဝင်ရောက်၍ မာဂျစ်ဆင်း၏တပ်များကို တိုက်ခိုက်ရာ ကချာနယ်တွင်ရောက်နေသော ဗြိတိသျှတပ်များနှင့် မြန်မာတပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။

၁၈၂၃ ခုနှစ် ဇူလိုင် ၈ ရက်တွင် အင်္ဂလိပ်တို့သည် နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းပေါ်တွင် တပ်စွဲခဲ့သဖြင့် စစ်ကိုင်းမင်း၏အမိန့်အရ ဧည့ဝတီမြို့ဝန်က တိုက်ခိုက်၍ ဖျက်သိမ်းခဲ့သည်။ သို့သော် အိန္ဒိယဘုရင်ခံချုပ်က ရှင်မဖြူကျွန်းကို ဗြိတိသျှတို့ထံ ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့ကာ ရှင်မဖြူကျွန်းသို့ အင်္ဂလိပ်တို့ပြန်လာခဲ့သဖြင့် ၁၈၂၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် စစ်သူကြီးမဟာဗန္ဓုလ ဦးစီးသည့် တပ်များချီတက်ခဲ့သည်။

ကချာအရေးကြောင့် မြန်မာနှင့် ဗြိတိသျှတို့ ပဋိပက္ခဖြစ်ခဲ့ကာ ၁၈၂၄ ခုနှစ် မတ် ၅ ရက်တွင် ဘုရင်ခံချုပ် လော့ဒ်အင်းဟတ်(Lord Amherst)က မြန်မာနိုင်ငံနှင့်စစ်ဖြစ်ပြီဟု ကြေညာခဲ့သည်။ ဗြိတိသျှဗိုလ်ချုပ် ဆာအာချီဘောကင်းဘဲသည် စစ်သည် ၁၁၅၀၀ ကို ဦးဆောင်လျက် ရန်ကုန်သို့ ရေကြောင်းမှ ချီတက်ခဲ့သည်။ ဗြိတိသျှရေကြောင်းချီတပ်များသည် မာန်အောင်ကျွန်း၊ မော်တင်စွန်းနှင့် ဟိုင်းကြီးကျွန်းတို့ကို သိမ်းပိုက်ခဲ့ကြသည်။

မြန်မာစစ်သူကြီး မဟာဗန္ဓုလသည် စစ်တကောင်း၊ ပန်းဝါအရောက် တိုက်ခိုက်အောင်မြင်သော်လည်း ကုလားတို့ ငြိမ်ဝပ်မည်မဟုတ်၊ ပင်လယ်ရေလမ်းသင့်ရာ ဟံသာဝတီ ရန်ကုန်မြို့ကို ထိပါးနှောင့်ယှက်ရန်ရှိသည်။ ဟံသာဝတီမြို့မှာ နှလုံးလက်ရုံးနှင့်ပြည့်စုံသူ မှူးကြီးမတ်ကြီးတို့ ရပ်နေမှ သင့်ပါမည့်အကြောင်း စစ်ကိုင်းမင်းထံလျှောက်တင်ခဲ့သည်။ စစ်ကိုင်းမင်းသည် စစ်သူကြီးမဟာဗန္ဓုလ၏ လျှောက်ထားချက်အတိုင်း ဝန်ကြီး သတိုးမင်းကြီးမဟာမင်းခေါင်နှင့် ဝန်ကြီး သတိုးမဟာသေနာပတိတို့ကို ၁၈၂၄ ခုနှစ် မေလ ၇ ရက်တွင် ရန်ကုန်သို့ သွားရောက်စေခဲ့သည်။

၁၈၂၄ ခုနှစ် မေလ ၁၀ ရက်တွင် ဗြိတိသျှတပ်များ ရန်ကုန်သို့ရောက်ရှိလာချိန်တွင် မြန်မာတပ်အင်အားသည် မြို့စောင့်တပ်အနေအထားမျှသာ ရှိသဖြင့် ဗြိတိသျှတပ်များကို မယှဉ်နိုင်ဘဲ ဆုတ်ခွာခဲ့ရသည်။ မြန်မာတပ်များသည် ကြည့်မြင်တိုင်တွင် ခံတပ်ဆောက်လုပ်ကာ စစ်ပြင်ခဲ့ကြသည်။ စစ်သူကြီးမဟာဗန္ဓုလသည် အရေးမလှဖြစ်နေသော ရန်ကုန်စစ်မျက်နှာသို့ တပ်များကိုကွပ်ကဲ၍ ရုတ်ခြည်းရောက်ရှိလာခဲ့ချိန်တွင် မြန်မာတပ်များနှင့် အင်္ဂလိပ်တပ်များ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့သည်။ သို့သော် မြန်မာတပ်များသည် ဗြိတိသျှတို့၏ လက်နက်အင်အားကို မယှဉ်နိုင်ခဲ့ဘဲ မဟာဗန္ဓုလကိုယ်တိုင် ရန်ကုန်မြို့မှ ခနဲ့ဖြူသို့ ဆုတ်ခွာခဲ့ရသည်။

စစ်သူကြီးမဟာဗန္ဓုလသည် ခနဲ့ဖြူမြို့တွင် ရှေးခေတ်က မွန်လူမျိုးများတည်ဆောက်ခဲ့သည့် ခံတပ်ဟောင်းကို အခိုင်အမာပြု၍ အင်္ဂလိပ်တို့ကို ခုခံခဲ့သည်။ အင်္ဂလိပ်တို့သည် ခနဲ့ဖြူခံတပ်ကို ကျော်နိုင်မှ ရှေ့သို့ ဆက်လက်ချီတက် သိမ်းပိုက်နိုင်မည်ဖြစ်သဖြင့် ခနဲ့ဖြူခံတပ်ကို အမြောက်လက်နက်များစွာဖြင့် နေ့ညမပြတ် ပစ်ခတ်ခဲ့ရာ စစ်သူကြီးမဟာဗန္ဓုလသည် ၁၈၂၅ ခုနှစ် ဧပြီလ ၁ ရက် နံနက်တွင် ခနဲ့ဖြူခံတပ်၌ အမြောက်ဆန်ထိမှန်ကာ ကျဆုံးခဲ့သည်။

စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးပြီးသည့်နောက် မြန်မာတပ်များသည် မြန်မာနိုင်ငံအထက်ပိုင်းသို့ ဆက်လက်ဆုတ်ခွာခဲ့ကြပြီး ဗြိတိသျှတပ်များကလည်း မြန်မာနိုင်ငံအထက်ပိုင်းသို့ ကြည်းကြောင်း၊ ရေကြောင်း နှစ်ဖက်ညှပ်၍ ဆက်လက်ချီတက်ခဲ့ကြသည်။ မြန်မာ့တပ်များသည် မြေထဲ၊ မလွန်၊ ပုဂံ၊ ညောင်ဦး၊ ဆီမီးခုံ အစရှိသည့် မြို့ရွာများသို့ ဆုတ်ခွာကာ ခုခံတိုက်ခိုက်ခဲ့ကြရာ ရန္တပိုရွာအထိ ရောက်ရှိလာခဲ့ကြသည်။ ထိုအချိန်တွင် မြန်မာ့ဘုရင့်အစိုးရသည် ဒေါက်တာဂျက်ဆင်နှင့် ဒေါက်တာပရိုက်တို့ကို ဗြိတိသျှတပ်များထံသို့ စေလွှတ်၍ အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရေး ဆွေးနွေးစေခဲ့ပြီး နောင်တွင် ရန္တပိုစာချုပ်ဟု ထင်ရှားလာမည့် စစ်ပြေငြိမ်းစာချုပ်ကို ချုပ်ဆိုခဲ့ပြီးနောက် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ အဆုံးသတ်ခဲ့ရကာ ၁၈၂၆ ခု ဖေဖော်ဝါရီ ၂၄ ရက်တွင် အောက်မြန်မာနိုင်ငံကို ဆုံးရှုံးလက်လွှတ်ခဲ့ရပေသည်။

**မဟာဗန္ဓုလနှင့် ခနဲ့ဖြူခံတပ်**

နယ်ချဲ့အင်္ဂလိပ်တို့ကို ခုခံကာကွယ်ခဲ့သည့် ခနဲ့ဖြူခံတပ်သည် ဧရာဝတီမြစ်နှင့်အပြိုင် မြစ်ကမ်းဆင်ခြေလျှော တစ်လျှောက် အရှည်တစ်မိုင်ရှိပြီး ခံတပ်၏ မြေသားအကျယ်သည် ကိုက် ၅၀၀ မှ ကိုက် ၈၀၀ အကြား ဖြစ်သည်။ ယင်းခံတပ်ကြီး၏ အရံခံတပ်ငယ်နှစ်ခုကို တည်ဆောက်ခဲ့ရာ ယခု ခနဲ့ဖြူမြို့ အမှတ်(၁၀) ရပ်ကွက်ရှိ ကျိုက်ကလွန်ပွန်းစေတီတော်ကို ပတ်ရံတည်ဆောက်ခဲ့သည့် ကျိုက်ကလွန်ပွန်းခံတပ်နှင့် ယခု အမှတ် (၄) ရပ်ကွက်ရှိ ရွှေဂူဘုန်းတော်ကြီးကျောင်းနေရာတွင် တည်ဆောက်ခဲ့သည့်ခံတပ်တို့ ဖြစ်ကြသည်။

ယခုအခါ၌ ခနဲ့ဖြူခံတပ်၏ အစိတ်အပိုင်းအချို့သည် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ရာ ပေ ၁၀၀၀ ဝန်းကျင်သာ ကျန်ရှိတော့ပေသည်။ ခံတပ်အတွင်း လူနေအိမ်များ ဆောက်လုပ်ခဲ့သဖြင့် အချို့နေရာများသည် လူနေအိမ်များအကြားသို့ ရောက်ရှိနေသည့်နှယ် ဖြစ်နေပေသည်။

ခနဲ့ဖြူခံတပ်တွင် စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးပြီးနောက် ရုပ်အလောင်းကို ခံတပ်အတွင်းမှာပင် မီးသင်္ဂြိုဟ်ခဲ့သည်။ မဟာဗန္ဓုလ၏ အရိုးပြာများကို ရွှေအိုးဖြင့်ထည့်သွင်း၍ စစ်ချီရာလမ်းတစ်လျှောက် သယ်ယူကာ ယာယီဂူသွင်းခဲ့ကြသည်ဟုလည်း ဆိုကြသည်။ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မလွန်တပ်စခန်းသို့မြန်မာတပ်များရောက်ရှိခဲ့စဉ် မဟာဗန္ဓုလ၏အရိုးအိုးကို ဗိုလ်မှူးမင်းရဲခေါင်က ခွေးလင်ပန်းချောင်းကမ်းပါးပေါ်တွင် ဂူသွင်းထိန်းသိမ်းခဲ့စဉ် တပ်များဆုတ်ခွာခဲ့ရသဖြင့် အရိုးအိုးသည် မလွန်တွင် ကျန်ရစ်ခဲ့သည်။

ထို့ကြောင့် မင်းလှခံတပ်မှ ဗလမင်းထင်နှင့် ဗိုလ်မှူးများက အရိုးဂူမပျက်စီးစေရန် အရိုးဂူပေါ်တွင် စေတီတစ်ဆူ တည်ထားခဲ့ပေသည်။ ၁၉၆၄ ခုနှစ်တွင် မြသပိတ်ကုန်းတော် စောင်းတန်းတောင်ဘက်သို့ ပြောင်းရွှေ့ထိန်းသိမ်းထားခဲ့သည်။ ယခုအခါတွင် ယင်းနေရာ၌ မဟာဗန္ဓုလ ဗိမာန် တည်ဆောက်၍ ဗိမာန်အတွင်း အရိုးဂူစေတီ၊ ဗိမာန်မှတ်တမ်းကျောက်စာနှင့် ဗန္ဓုလ မြင်းစီးကြေးရုပ်တို့ကို ထားရှိသည်။

ခနဲ့ဖြူမြို့တွင် စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးခဲ့သည့်နေရာ၌ အထိမ်းအမှတ်အုတ်ဂူကို မအူပင်ခရိုင် အရေးပိုင် ကပ္ပတိန်ရောဘတ်က ၁၉၁၈ ခုနှစ်တွင် ပြုလုပ်ပေးခဲ့သည်။ ခနဲ့ဖြူမြို့တွင် မြင်တွေ့နေကြရသည့် မဟာဗန္ဓုလ၏ သက်ရှိအရွယ်ရုပ်ထုသည် အမြင့်ကိုးပေရှိ၍ အလေးချိန် သုံးတန်ရှိသည်။ ယင်းရုပ်ထုကို မန္တလေးမြို့မှ ရွှေပြည်ဦးဘတင်၏ ညွှန်ကြားချက်ဖြင့် ပန်းချီဆရာ အလင်္ကာကျော်စွာဦးစောမောင်နှင့် ပန်းပုဆရာ ဦးမြသောင်းတို့က ထုလုပ်ခဲ့ပြီး ၁၉၆၂ ခုနှစ် မတ် ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

မြန်မာ့စွယ်စုံကျမ်းတွင် မဟာဗန္ဓုလ၏ ရုပ်သွင် အရပ်အမောင်းကို ကိုယ်လုံးကိုယ်ပေါက် တုတ်တုတ်နှင့် ခုံခိုင်မာကျောပြီး အရပ်မမြင့်လှကြောင်း၊ အသားညို၍ မျက်စိစောင်း ယောင်ရှိကာ မျက်နှာအမူအရာ တည်ကြည်၍ အိန္ဒြေကြီးမားကြောင်း ရေးသားဖော်ပြထားပေသည်။ မြန်မာ့သမိုင်းတွင် နယ်ချဲ့တို့၏ အနိုင်ကျင့်မှုကို ရှပ်ရှပ်ချုံချုံခုခံခဲ့သည့် မြန်မာစစ်သူကြီး မဟာဗန္ဓုလသည် မြန်မာတစ်မျိုးသားလုံး လေးစားခန့်ညားခဲ့ရသည့် သူရဲကောင်းတစ်ဦး ဖြစ်ခဲ့ပေသည်။

ထို့ကြောင့်လည်း စစ်သူကြီးမဟာဗန္ဓုလကို ဂုဏ်ပြုသည့် အနေဖြင့် ရန်ကုန်မြို့ရှိ အဓိကလမ်းမကြီးတစ်ခုကို မဟာဗန္ဓုလလမ်းဟု အမည်ပေးခဲ့သကဲ့သို့ ရန်ကုန်မြို့ရှိ ထင်ရှားသည့် မြစ်ကူးတံတားကြီးတစ်စင်းကို မဟာဗန္ဓုလတံတားဟု အမည်ပေးခဲ့သည်။ မျိုးဆက်သစ်ကျောင်းသားကျောင်းသူများ ပညာသင်ယူနေကြသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်းများ၌ ကျောင်းသားကျောင်းသူများ ပါဝင်သည့် ကျောင်းအသင်းများတွင်လည်း ဗန္ဓုလအသင်းကို အပြာရောင်ကို ကိုယ်စားပြုလျက် နှစ်စဉ် ဖွဲ့စည်းပေးလျက်ရှိနေသည်။

ယခုအခါတွင် မြန်မာ့သမိုင်း၏ စစ်သူရဲကောင်း မဟာဗန္ဓုလ ကျဆုံးခဲ့သည်မှာ ၁၉၃ နှစ် ကျော်လွန်ခဲ့သည့်တိုင် မဟာဗန္ဓုလ၏ စစ်စွမ်းရည်များကို ယနေ့တိုင် ချီးကျူးနေကြရဆဲဖြစ်သည်။ နယ်ချဲ့များကိုခုခံစဉ် မဟာဗန္ဓုလ ကျဆုံးခဲ့ရသည့် ခံတပ်သည် သမိုင်းဝင်နေရာတစ်ခုအဖြစ် ခနဲ့ဖြူမြို့တွင် ယနေ့တိုင် ထင်ရှားစွာ တည်ရှိနေရာ ခနဲ့ဖြူသို့ရောက်ရှိလာကြသူတိုင်း သွားရောက်လေ့လာကြသည့် အမှတ်ရဖွယ်နေရာတစ်ခုအဖြစ် ထင်ရှားစွာ တည်ရှိနေပေသည်။ ။



ဗြိတိသျှပြတိုက်တွင် ပြသထားသည့် မဟာဗန္ဓုလ၏ ချပ်ဝတ်တန်ဆာ

**“မြန်မာ့စွယ်စုံကျမ်းတွင် မဟာဗန္ဓုလ၏ ရုပ်သွင် အရပ်အမောင်းကို ကိုယ်လုံး ကိုယ်ပေါက် တုတ်တုတ်နှင့် ခုံခိုင်မာကျောပြီး အရပ်မမြင့်လှကြောင်း၊ အသားညို၍ မျက်စိစောင်းယောင်ရှိကာ မျက်နှာအမူအရာ တည်ကြည်၍ အိန္ဒြေကြီးမားကြောင်း ရေးသားဖော်ပြထားပေသည်၊ မြန်မာ့သမိုင်းတွင် နယ်ချဲ့တို့၏ အနိုင်ကျင့်မှုကို ရှပ်ရှပ်ချုံချုံ ခုခံခဲ့သည့် မြန်မာစစ်သူကြီး မဟာဗန္ဓုလသည် မြန်မာတစ်မျိုးသားလုံး လေးစားခန့်ညားခဲ့ရသည့် သူရဲကောင်းတစ်ဦး ဖြစ်ခဲ့ပေသည်”**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# e-Government အတွက်လိုအပ်သော National ID or Population Registration

**အောင်မျိုးဝင်း (ကျိုက်ထို)**

e-Government ဆိုသည်မှာ electronic နည်းပညာဖြင့် တီထွင်ဖန်တီးထားသောကွန်ပျူတာနည်းပညာကို အသုံးပြုပြီး အစိုးရက ဌာနဆိုင်ရာအချင်းချင်းချိတ်ဆက်၍ ပြည်သူအများကို ဝန်ဆောင်မှုများပေးသည့်လုပ်ငန်းဖြစ်ပါသည်။

**အောင်မြင်မှုမရသေး**

မြန်မာနိုင်ငံတွင် ထိုစီမံကိန်းကို လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကာလကတည်းကစတင်အကောင်အထည်ဖော်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရသေးသည်မှာ အဆောက်အအုံတစ်ခုကို အုတ်မြစ်နှင့်တူသည့် Database များ စနစ်တကျမချခဲ့ဘဲ အကာအရံများ၊ အမိုးများနှင့်တူသည့် website များကိုသာဦးစားပေးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အမှန်တကယ်စတင်ရမည်မှာ ပြည်သူများကိုဝန်ဆောင်မှုပေးမည့် ထိုစနစ်တွင်ပြည်သူများ၏ အကြောင်းအရာအချက်အလက်များကို National ID or Population Registration ဖြင့် စတင်မှတ်တမ်းယူရမည်ဖြစ်ပါသည်။ National ID ဆိုသည်မှာနိုင်ငံသားကို ဆိုလိုခြင်းမဟုတ်ဘဲ နိုင်ငံအတွင်း တရားဝင်မှီတင်းနေထိုင်နေကြသော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူစသည့် နိုင်ငံသားအားလုံးအပြင် နိုင်ငံခြားမှ တရားဝင်အလုပ်လာလုပ်သူအားလုံးကို ဆိုလိုခြင်းဖြစ်ပါသည်။

ပြည်သူပြည်သားများ၏ အချက်အလက်တွေကို စုဆောင်းနေချိန်တွင်ပြည်သူများနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်ထဲရေးနှင့်သက်ဆိုင်သောပြစ်မှုပြစ်ဒဏ်ထောင်ဝင်ထောင်ထွက်အချက်အလက်များက စာရွက်များမှတဆင့် Database ထဲသို့ ပြောင်းလဲသွားရမည်ဖြစ်ပါသည်။ ထို့နောက်ဌာနဆိုင်ရာအားလုံးမှ အချက်အလက်များသည်ကွန်ပျူတာစနစ်ထဲသို့ ရောက်ရှိပြီးချိန်တွင် ထို Database များအားလုံးချိတ်ဆက်ခြင်းကို National Database စနစ်ဟုခေါ်ဆိုနိုင်ပါသည်။ (National Database စနစ်အလွန်အရေးကြီးကြောင်းကို စာရေးသူ၏၂၀၁၇ ခုနှစ်မေလ ၁၉ ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာနှင့် ဒီဇင်ဘာလ ၁ ရက် ကြေးမုံသတင်းစာတို့တွင် ဆောင်းပါးအဖြစ် ဖော်ပြပြီးဖြစ်ပါသည်) ကားတစ်စီးမောင်းနှင်ရာတွင် ဂီယာဘောက်ကအရေးကြီးသလိုတိုင်းပြည်တစ်ပြည်တွင်လည်းဟန်ချက်ညီညီနှင့် စနစ်တကျတိုးတက်ရန်၊ လူအများ ဥပဒေဘောင်တွင်း၌ ငြိမ်းချမ်းစွာမျှမျှတတ လုံလုံခြုံခြုံနေထိုင်နိုင်ရန်အတွက် National Database ကအလွန်ပင်အရေးကြီးလှပါသည်။ Database ဆိုသည်မှာ လယ်ဂျာစာအုပ်ထဲမှအချက်အလက်များကို ကွန်ပျူတာစနစ်သို့ ပြောင်းလဲလိုက်သလိုဖြစ်သောကြောင့်လိုချင်သည့် အချက်အလက်များကို မြန်မြန်ဆန်ဆန်သိနိုင်အောင် လယ်ဂျာစာအုပ်အတွင်းမှ အမှတ်စဉ်နံပါတ် (Unique Identification Number) မှာအလွန်ပင် အရေးကြီးပါသည်။

**တိတိကျကျ ထုတ်ပေးနိုင်မည်**

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများကြောင့် လူ၏ လက်ဗွေ၊ မျက်ကြည်လွှာများမှာလည်း Unique Identifier များအဖြစ် အသုံးချ၍ရလာပါသည်။ အချို့နိုင်ငံများတွင် လက်ဗွေ၊ မျက်ကြည်လွှာတို့ကို Unique Identifier အဖြစ်စတင်အသုံးပြုနေကြပြီဖြစ်သော်လည်း နိုင်ငံတော်တော်များများတွင် အစိုးရက လူတစ်ဦးချင်းစီကို သတ်မှတ်ပေးထားသည့် Unique number နှင့် တွဲသုံးလျက်ရှိနေကြပါသေးသည်။ ပြည်သူပြည်သားများကို Unique number များနှင့် သတ်မှတ်အပြီးတွင်ပညာရေး၊ ကျန်းမာရေး၊ အခွန်စသည့်ဌာနများတွင်လည်းလူတစ်ဦးချင်းစီနှင့် သက်ဆိုင်သည့်အချက်အလက်များကို ချိတ်ဆက်ရပါမည်။ ထိုသို့ ချိတ်ဆက်ရာတွင် ဌာနဆိုင်ရာများက လူအများ၏Unique number ကိုဖြစ်စေ၊ ဌာနဆိုင်ရာ Database က သတ်မှတ်ထားသည့် နံပါတ်ကိုဖြစ်စေ၊ နှစ်ခုလုံးကိုဖြစ်စေ Unique Identifier အဖြစ်အသုံးပြု၍ရပါသည်။ ဥပမာ ကျောင်းသားတစ်ယောက်ကို ကျောင်းသားကတ်ထုတ်ပေးခြင်းမှာကျောင်းဝင်နံပါတ်ထုတ်ပေးခြင်းဖြစ်ပါသည်။ ကျောင်းဝင်နံပါတ်ကို ကျောင်း Database က ထုတ်ပေးသော်လည်း National ID ကိုချိတ်ဆက် သိမ်းဆည်းထားခြင်းဖြင့် ကျောင်းသားများ၏ ရာဇဝင်ကိုကျောင်းကလိုအပ်လျှင် တိတိကျကျထုတ်ပေးနိုင်မည် ဖြစ်ပါသည်။

National ID စီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖို့ရာတွင် ယင်းစနစ်ကို အကောင်အထည်ဖော်ပြီးသားနိုင်ငံများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာနိုင်ရန်၊ နိုင်ငံတကာစံချိန်စံညွှန်းများကို လိုက်နာရန်နှင့် လူ့အခွင့်အရေးကို ကာကွယ်ပေးနိုင်ရန် အလွန်ပင်အရေးကြီးလှပါသည်။ ဥပမာ ဖွံ့ဖြိုးပြီးနိုင်ငံတော်တော်များများတွင် ထိုစနစ်များကို ကွန်ပျူတာနည်းပညာ အလွန်မထွန်းကားခင်ကတည်းက စတင်ခဲ့သည့်အတွက် အားနည်းချက်တချို့ကို ပြန်ပြင်ဖို့ရာအလွန်ပင် ခက်ခဲနေလေ့ရှိကြပါသည်။ မကြာခင်ကမှ အကောင်အထည်ဖော်သည့် နိုင်ငံအချို့မှာလည်း အမှားမကင်းခဲ့ပါ။ တချို့သော နည်းပညာများကလည်း အလွန်ခေတ်မီပြီး ငွေကုန်ကြေးကျများသော်လည်း မြန်မာပြည်အနေအထားနှင့် ယနေ့အချိန်တွင် အသုံးပြုရန်မဖြစ်နိုင်သေးပါ။ ထိုစီမံကိန်းသည်နိုင်ငံ၏ အနာဂတ်အုပ်ချုပ်ရေးယန္တရားအတွက် မဏ္ဍိုင်ဖြစ်လာမည်ဖြစ်သောကြောင့် နောက်ကျနေသော်လည်းစနစ်တကျ မှန်မှန်ကန်ကန်ဆုံးဖြတ်ချက်များချပြီး အလွန်အရေးကြီးသည့်ဘတ်ဂျက်ကို လုံလုံလောက်လောက်ချပေးဖို့ အလွန်ပင်အရေးကြီးလှပါသည်။

> **“လုံလောက်သည့် ဘတ်ဂျက်နှင့် ယခင်က အခြားနိုင်ငံများတွင် မှားခဲ့သောအမှားများကို သင်ခန်းစာယူပြီး စနစ်တကျတည်ဆောက်မည်ဆိုပါက ပြည်တွင်းရှိထူးချွန်ထက်မြက်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည့်အပြင် အနာဂတ်ဖွံ့ဖြိုးရေးကိုလည်းများစွာ အထောက်အကူဖြစ်လာမည်”**

**ပြည်သူတိုင်းနှင့် သက်ဆိုင်**

ပြည်သူတိုင်းနှင့် သက်ဆိုင်နေသော ထိုစီမံကိန်းအတွက် ဒုတိယအရေးကြီးသောအချက်မှာ လက်ရှိအချိန်အထိအလုပ်ဖြစ်နေသေးသော မွေးဖွားခြင်း၊ သေဆုံးခြင်း၊ လက်ထပ်ခြင်း၊ ကွာရှင်းခြင်းစသည့် Civil Registration လုပ်ငန်းများနှင့် ချိတ်ဆက်အသုံးပြုနိုင်ရန်စဉ်းစားရမည်ဖြစ်ပါသည်။ ထိုမှသာ အစိုးရ၏ဝန်ဆောင်မှုများပိုမိုမြန်ဆန်ပြီး အားပိုကောင်းလာမည်ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်နိုင်ရန်ပြည်ထောင်စုလွှတ်တော်မှဥပဒေများ ချမှတ်ထားသင့်ပါသည်။

အစိုးရအနေဖြင့် ထိုစီမံကိန်းနှင့် ပတ်သက်သည့် အရေးအကြီးဆုံးအချက်မှာ ထိုစီမံကိန်းအပေါ်ယုံကြည်မှုအပြည့်ထားရမည့်အပြင် ကုန်ကျငွေကိုလည်း ချွေတာသုံး၍မရပါ။ တကယ်လိုအပ်သည့် နေရာတွေမှာပစ္စည်းများ၊ ကျွမ်းကျင်ဝန်ထမ်းများ၏ လစာများတွင် ချွေတာမည်ဆိုလျှင် အချိန်ကုန်ပြီးနှစ်ကြိမ် ပြန်လုပ်ရတာမျိုးများ ဖြစ်တတ်ပါသည်။ ထိုစီမံကိန်းကြောင့် ပြည်တွင်းမှာရှိသည့် ထူးချွန်ထက်မြက်သူများ၊ နိုင်ငံခြားရောက်နေသည့် မြန်မာပြည်ဖွား ကျွမ်းကျင်ပညာရှင်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွက်လာနိုင်ပါသည်။ ထိုစီမံကိန်းပြီးစီးပါက အခြားသော ပုဂ္ဂလိကလုပ်ငန်းများတွင်လည်း ကျွမ်းကျင်လုပ်သားများ လိုအပ်မည်ဖြစ်သောကြောင့် ရေရှည်အတွက် အလွန်ပင်ကောင်းမွန်နိုင်ပါသည်။ ပြည်တွင်းမှာရှိသည့် ထူးချွန်ထက်မြက်သူများအတွက်အခွင့်အလမ်းပေါ်ပေါက်လာခြင်းသည် ဦးနှောက်ယိုစီးခြင်းခံနေရသည့် မြန်မာနိုင်ငံအတွက် အတန်ငယ်ထိန်းချုပ်ပြီးသားဖြစ်လာနိုင်သည့်စီမံကိန်းတစ်ခု ဖြစ်ပါသည်။

အမှန်တကယ် ၂၁ ရာစုတွင်ရှိနေသည့် ကျွန်တော်တို့ ပြည်သူပြည်သားများသည် လူတစ်ဦးချင်းကိုသတ်မှတ်ပေးမည့်Unique ID system နှင့်မစိမ်းပါ။ သက်မဲ့များဖြစ်သည့်မော်တော်ကား၊ ဆိုင်ကယ်၊ ဖုန်းစသည့် လူ့အသုံးအဆောင်ပစ္စည်းများမှာလည်း စက်ရုံမှထုတ်ကတည်းက Unique Identification များပါဝင်ပြီးသားဖြစ်ပါသည်။ ဤသို့ ပြုလုပ်ထားမှုထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများ၏ မှားယွင်းမှု၊ အားနည်းမှုများကို သိရှိနိုင်မည့်အပြင် စားသုံးသူများအပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုရှိမည် ဖြစ်ပါသည်။ ထို့အတူ နိုင်ငံအတွင်းတရားဝင်မှီတင်းနေ ထိုင်သူများကို အစိုးရ၏အုပ်ချုပ်ရေးယန္တရားစနစ်ထဲသို့ စနစ်တကျထည့်သွင်းထားမှ ပြည်သူများ၏ လိုအပ်ချက်နှင့် တရားမျှတမှုများအတွက် အစိုးရကတာဝန်ယူမှု တာဝန်ခံမှုပြုလုပ်နိုင်မှာဖြစ်ပြီး ပြည်သူများဘက်မှလည်း ပေးဆောင်ရမည့်အခွန်ငွေများကို မျှမျှတတပေးဆောင်နိုင်မည် ဖြစ်ပါသည်။

**အနာဂတ်ဖွံ့ဖြိုးရေး အထောက်အကူပြု**

e- Government စနစ်သည် ယနေ့ခေတ်တွင် ဒီမိုကရေစီစနစ်အခြေကျဖို့ မရှိမဖြစ်လိုအပ်နေသောစနစ် ဖြစ်ပါသည်။ ယခင်က အကောင်အထည်ဖော်ဖို့ ကြိုးစားရာမှာအတွေ့အကြုံအားနည်းပြီး ရေတိုရေရှည်စီမံကိန်းများ မချမှတ်ခဲ့၍ နိုင်ငံတော်အနေဖြင့် ငွေကြေးများစွာနှင့် တန်ဖိုးရှိလှသည့် အချိန်များဆုံးရှုံးခဲ့ရပါသည်။ ယနေ့ခေတ်တွင်ယခင်ကအမှားများကို သင်ခန်းစာယူပြီး တကယ်မရှိမဖြစ် လိုအပ်သည့် Population Database ကို ပထမအဆင့်အနေဖြင့် အကောင်အထည်ဖော်မည်ဟု ကြားသိရသည့်အတွက် အလွန်ပင်ဝမ်းမြောက်မိပါသည်။ သို့သော်လည်း လုံလောက်သည့်ဘတ်ဂျက်နှင့် ယခင်က အခြားနိုင်ငံများတွင် မှားခဲ့သောအမှားများကို သင်ခန်းစာယူပြီး စနစ်တကျတည်ဆောက်မည်ဆိုပါက ပြည်တွင်းရှိထူးချွန်ထက်မြက်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည့်အပြင် အနာဂတ်ဖွံ့ဖြိုးရေးကိုလည်း များစွာအထောက်အကူဖြစ်လာမည်ဟု ယုံကြည်မိပါကြောင်း။ ။

## သက်ငယ်မုဒိမ်းမှုလျော့နည်းပပျောက်ရေး ဟောပြောပွဲများကျင်းပ

**မိတ္ထီလာ ဇွန် ၂၅**

မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းကိုကို ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးညွန့်ထွန်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ထင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေး ပညာပေးဟောပြောပွဲများကို ဇွန် ၁၀ ရက်မှစ၍ ဇွန် ၂၃ ရက်အထိ ကျေးရွာရပ်ကွက်များ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများနှင့် အမက ကျောင်းများတွင် လှည့်လည်ဟောပြောမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကန်တောင်ကျေးရွာ ပေါက်ချောင်းရပ်ကွက် ရတနာမာန်အောင်ရပ်ကွက်ရှိ ဝင်းနားဘော်ဒါဆောင်၊ ဝါးရုံကျေးရွာ အုပ်စုကွက်ငယ်ကျေးရွာ အထက-၄ ကျောင်းနှင့် ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ချည်စက်ရပ်ကွက် မူလတန်းကျောင်း၊ မိတ္ထီလာတက္ကသိုလ်၊ အောင်ဆန်းမြို့သစ်ရှိ ထွန်းသပြေဘော်ဒါဆောင်၊ မြို့မလေးရပ်ကွက်ရှိ မင်းရပ် မူလတန်းကျောင်း၊ အောင်ဇေယျာနယ်မြေ အမကကျောင်းတို့တွင် သက်ငယ်မုဒိမ်းမှုလျော့နည်းပပျောက်ရေးအသိပညာပေးဟောပြောမှုများ ကျင်းပခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့အပြင် မိတ္ထီလာမြို့နယ်အတွင်း ကျန်ရှိနေသော ကျေးရွာများနှင့် သက်ငယ်မုဒိမ်းမှုလျော့နည်း ပပျောက်ရေး ပညာပေးဟောပြောပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## ပြွန်တန်ဆာမြို့၌ မျက်စိဝေဒနာရှင်များအား စတုတ္ထအကြိမ်မြောက် အခမဲ့စမ်းသပ်ကုသပေး

**ပြွန်တန်ဆာ ဇွန် ၂၅**

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ တည်ထောင်တော်မူသော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ သီတဂူ စက္ခုဒါနဆေးရုံကြီး၌ ဇွန်၂၂ ရက်မှ ၂၅ ရက်အထိ အခမဲ့စမ်းသပ် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ အခမဲ့စမ်းသပ် ကုသရာတွင် သီတဂူ ဆရာတော်ကြီး ၏ ဩဝါဒကိုခံယူကာ ပြွန်တန်ဆာမြို့ ဇမ္ဗူအေးတောရ (အင်းဝိုင်း)ဆရာတော်၏ ညွှန်ကြားမှုဖြင့် သီတဂူ သာသနာပြု အဖွဲ့ဥက္ကဋ္ဌ မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ မြအောင်ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများ က ဇွန် ၂၂ ရက်မှ ၂၅ ရက်အထိ ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် အခြားမြို့နယ်များမှ လာရောက်ကုသမှုခံယူခဲ့ကြသော မျက်စိ ဝေဒနာရှင် ၁၅၀၀ အား အခမဲ့ စမ်းသပ်ကုသပေးကာ ခွဲစိတ် ရန်လိုအပ်သော မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့သည်။

ထိုသို့ မျက်စိစမ်းသပ်ကုသရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဇမ္ဗူအေးတောရ (အင်းဝိုင်း) ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တဝိဇယနှင့် သီတဂူဆေးရုံတော်များ အုပ်ချုပ်မှုဆရာတော် ဒေါက်တာ ဉူးသေဒ္ဒိလက ကြီးကြပ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သီတဂူစက္ခုဒါနဆေးရုံ စီမံအုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များ၊ ဒေသခံဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် တာဝန်ရှိသူများက မျက်စိဝေဒနာရှင်များ စိတ်အေးချမ်းသာစွာ ကုသနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ရက်အတွင်း သီတဂူမျက်စိ ဆေးရုံတော်ကြီးသို့ အူရီဒူးမြန်မာကုမ္ပဏီမှ ငွေကျပ် သိန်း ၁၀၀ လာရောက်လှူဒါန်းခဲ့သည်။ သီတဂူ မျက်စိဆေးရုံကြီးအနေ ဖြင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ ၂၀၁၈ ခုနှစ် ဇွန်လအထိ လေးကြိမ်တိုင်အောင် မျက်စိဝေဒနာရှင် စုစုပေါင်း ၅၀၀၀ အား စမ်းသပ်ကုသပေးနိုင်ခဲ့ပြီး မျက်စိဝေဒနာရှင် ၁၀၀၀ ခန့် အား ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

# ရှေ့မိုင်းယောင်းသားတို့၏ရင်ထဲက မဟာ(သိမှဟုတ်)ထပ်လုံ



ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ဝမ်ကောင်း ကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာမဟိ ယင်္ဂဏတောင်ကုန်းပေါ်ရှိ ထပ်လုံ (ဓာတ်လုံစွမ်ယောင်း) စေတီတော်မြတ်သည် မိုင်းယောင်းမြို့၏ အမြင့်မြတ်ဆုံးနှင့်ရှေးအကျဆုံး သမိုင်းဝင်စေတီ တစ်ဆူဖြစ်ပြီး ဂေါတမမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူနှင့် ဓာတ်တော်လေးဆူတို့ဖြင့် ဌာပနာထားသည့်စေတီလည်း ဖြစ်သည်။

စေတီတော်ကို အေဒီ ၁၁ ရာစုက ရဟန္တာလေးပါးနှင့် မိုင်းယောင်းနယ်ကို မင်းပြုသော ဖရာသုလင်္ဂဝတ္တိ မင်းတို့က ဦးဆောင်လျက် နယ်သူနယ်သားများနှင့်အတူ တန်ဆောင်မုန်းလပြည့်နေ့မှ ကဆုန်လပြည့်နေ့ အထိ တည်ထားကိုးကွယ်ခဲ့ကြောင်း၊ မြန်မာသက္ကရာဇ် ၉၈၂(ခရစ်နှစ် ၁၆၂၀)ခုနှစ်တွင် နယ်စားမင်း စဝ်ဖစက္က မဏိက စေတီတော်ကို ပိုမိုခိုင်ခန့်အောင် ပြုပြင်မွမ်းမံခဲ့ကြောင်း၊ မြန်မာသက္ကရာဇ် ၁၁၃၀ (ခရစ်နှစ် ၁၇၆၈) ခုနှစ်တွင် စဝ်ဖကောင်ခမ်းဖူးက စေတီတော်အုတ်တံတိုင်း ကာရံခြင်း၊ နဂါးရုပ်လေးကောင်နှင့် စေတီတော် မြောက်ဘက်မုခ်ဦး အတက်လှေကားတို့ကို တည်ဆောက်ခဲ့ကြောင်း သိရသည်။

ထို့အတူ မြန်မာသက္ကရာဇ် ၁၁၄၇(ခရစ်နှစ် ၁၇၈၅) ခုနှစ်တွင် စဝ်မွမ်ဇေယျဝံသာက စေတီတော်ကို လေးတောင်ထပ်မြှင့်၍ ပြုပြင်တည်ဆောက်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၆၀ (ခရစ်နှစ် ၁၈၉၈)ခုနှစ်တွင် စဝ်မွမ် ခမ်းအဲန်က စေတီတော်အတက်လမ်းကို လေးထောင့် ကျောက်ပြားများဖြင့် ခင်းကျင်းပေးခဲ့သည်။ မြန်မာ သက္ကရာဇ် ၁၂၈၄(ခရစ်နှစ် ၁၉၂၂) ခုနှစ်တွင် မိုင်းယောင်းစော်ဘွားကျောက်မွမ်ပျဲန်းမုန်းက လွယ်ကူအဆင်ပြေစွာ ဖူးမြော်ကြည်ညိုနိုင်ရန် လမ်းသစ်ဖောက်လုပ်ပေးခဲ့သည်။

ထို့နောက် မြန်မာသက္ကရာဇ် ၁၃၃၅(ခရစ်နှစ် ၁၉၇၃) ခုနှစ်တွင် မြို့နယ်သံဃနာယကဉက္ကဋ္ဌ ဆရာတော် ဦးဂန္ဓရသ (ဝမ်ပုံကျောင်းတိုက်ဆရာတော်) က ဦးဆောင်၍ စေတီတော် ပုလ္လင်တော်နှင့် ဘုရားရင်ပြင်တော်တို့ကို တိုးချဲ့ပြုပြင်မွမ်းမံခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၅၁ (ခရစ်နှစ် ၁၉၈၉)ခုနှစ်တွင် တာချီလိတ်မြို့နဂါးနှစ် ကောင်ကျောင်းတိုက်ဆရာတော် ဓမ္မသီရိအရှင်မြတ်က ထီးတော်အသစ်တင်လှူခြင်း၊ ထီးတော်မှ ခေါင်းလောင်းတော်အဆင့်နှင့် အောက်ခြေပစ္စယံအဆင့်အထိ ရွှေပြားသက်န်းနှင့် ရွှေဆေးသက်န်းများ ကပ်လှူပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စေတီတော်သည် ခြေတော်အချင်း ၁၂ ပေနှင့် ဉာဏ်တော် အမြင့် ၅၄ ပေရှိကြောင်း သိရသည်။

မြန်မာသက္ကရာဇ် ၁၃၆၀(ခရစ်နှစ် ၁၉၉၈) ခုနှစ်တွင် မြို့နယ်သံဃနာယကဉက္ကဋ္ဌ ဟိုခုံကျောင်းတိုက်ဆရာတော် ဦးဂန္ဓရသ ဦးဆောင်၍ စေတီတော်ရင်ပြင်တော်နှင့် စေတီတော် အတက်မြေသားလမ်းကို တိုးချဲ့ ကွန်ကရစ်ခင်းခြင်းများ အပါအဝင် ဘက်စုံပြုပြင်ခဲ့သည့်အပြင် မြန်မာသက္ကရာဇ် ၁၃၇၉ (ခရစ်နှစ် ၂၀၁၇) ခုနှစ်တွင် စေတီတော်၏ ထီးတော်ကို ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ပူဇော်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၆၉ (ခရစ်နှစ် ၂၀၀၇) ခုနှစ်တွင် တာချီလိတ် မြို့ မိုင်းဖုန်းအုပ်စု လွမ်တုံခမ်းဆရာတော် ဦးမဟာခမ်းကျောက်က စေတီတော်ကို ကိုယ်လုံးတော်ပြည့် ရွှေပြားသက်န်းကပ်လှူပူဇော်ခဲ့သည်။

ထပ်လုံစေတီတော် စတင်တည်ထားကိုးကွယ်သည့်ရက်ကို အစွဲပြု၍ ဘုရားပွဲကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တွင် မီးမျှောပွဲနှင့်အတူ ကျင်းပရာ ပွဲတော်ကာလတွင် ဒေသခံတိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးညွှေ့သည်များ အထူးစည်ကားစွာ လာရောက်လေ့ရှိကြသည်။ ဤကဲ့သို့ ခေတ်အဆက်ဆက်က မိုင်းယောင်းနယ်သား တိုင်းရင်းသားတို့၏ နှလုံးအိမ်တွင် မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့် ဓာတ်လုံစွမ်ယောင်း စေတီတော်မြတ်အား ရှေ့မိုင်းယောင်းသားတို့၏ ရင်ထဲက မဟာ (သိမှဟုတ်) ထပ်လုံဟု တင်စားခေါ်ဆိုလိုက်ရပါကြောင်း။ ။

**မြို့နယ်(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့၌ မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချခြင်း လူထုအမြင်ဖွင့် ဆွေးနွေးပွဲ ပြုလုပ်

**မြစ်ကြီးနား ဇွန် ၂၅**

ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူများအား ခွဲခြားဆက်ဆံခြင်းနှင့် ပြစ်တင်ရှုတ်ချခြင်းများ လျော့နည်းလာစေရန်နှင့် ဆေးဝါးကုသမှုများ အလွယ်တကူ လက်လှမ်းမီနိုင်ရန်အတွက် မေတ္တာဖောင်ဒေးရှင်းက ကြီးမှူး၍ မူးယစ်ဆေးဝါး အန္တရာယ်လျော့ချခြင်း လူထုအမြင်ဖွင့် ဆွေးနွေးပွဲကို ဇွန် ၂၃ ရက်က မြစ်ကြီးနားမြို့စီတာပူရပ်ကွက်ရှိ မနောကွင်းခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူများအကြား ဆေးထိုး အပ်မျှဝေသုံးစွဲမှုနှုန်း မြင့်မားခြင်းကြောင့် HIV၊ AIDS နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုရူးသွပ်စေသော ဆေးဝါးများ အန္တရာယ် ဆိုင်ရာ ဥပဒေပါ အကြောင်းအရာများ၊ အမျိုးသမီးလိင် လုပ်သားများ အပေါ် ရောဂါကူးစက်မှုနှင့် နောက်ဆက်တွဲ အကြမ်းဖက်ခံရမှု အခြေအနေ၊ လိင်တူချစ်သူများအကြား ရောဂါကူးစက်မှုအခြေအနေနှင့် နောက်ဆက်တွဲ ဆိုးကျိုးများအကြောင်း စသည်များနှင့် လူထုအကြား ခွဲခြားဆက်ဆံခြင်းနှင့် ရှုတ်ချခြင်းတို့မှ ကင်းဝေးရန် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည်တို့ကို ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စိုး၊ မူးယစ်ဆေးစွဲရောဂါ ကုသရေးနှင့် သုသေသန ဦးစီးဌာန စီမံချက်မန်နေဂျာ ဒေါက်တာနန္ဒမျိုးအောင်၊ ပြည်နယ် ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ မိုးမိုးထွန်း၊ မြန်မာနိုင်ငံ အမျိုးသားမူးယစ်ဆေးသုံးစွဲသူများ ကွန်ရက် ဥက္ကဋ္ဌ ဦးစိုင်း အောင်ခန့်၊ တော်ဝင်ခရေအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာဝင်း၊ မြန်မာနိုင်ငံ လိင်တူချစ်သူများ ကွန်ရက်ဥက္ကဋ္ဌ ကိုနေလင်းနှင့် မေတ္တာဖောင်ဒေးရှင်းမှ တာဝန်ခံ ကိုဆွတ်နောင်တို့က ဆွေးနွေးခဲ့ကြသည်။



ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြပြီးနောက် မူးယစ်ဆေးဝါးစွဲ၍ ကုသမှုခံယူနေရသူများ ပြုလုပ်ထားသည့် လက်မှုပစ္စည်းများ၊ ပန်းချီကားများကို ပြသခြင်းနှင့် တေးဂီတ အစီအစဉ်များဖြင့် ဖျော်ဖြေခြင်း အစီအစဉ်များ ဆက်လက်ပြုလုပ်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရေးမြို့နယ်အတွင်း ဆန်ဈေးများ နှစ်လဆက်တိုက် မြင့်တက်နေ

**ရေး ဇွန် ၂၅**

အခုရက်ပိုင်းတွင် ရေးမြို့နယ်အတွင်း ဆန်ဈေးများ အနည်းငယ်မြင့်တက်လာ၍ စားသုံးသူ ပြည်သူများ အမြင့်ဈေးဖြင့် ဝယ်ယူနေရကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရသည်။ ရေးမြို့နယ် ဆန်ဈေးကွက်တွင် ပြီးခဲ့သည့် မေလ အတွင်းမှ ယခု ဇွန်လကုန်ပိုင်းအထိ ဈေးနှုန်းများ နှိုင်းယှဉ်ပါက ဆန်အမျိုးအစားအပေါ် မူတည်၍ တစ်ပြည်လျှင် ကျပ် ၂၅၀ မှ ကျပ် ၄၀၀ ခန့်အထိ တက်လာကြောင်း သိရ သည်။

"အခုလို ဆန်ဈေးတွေတက်လာရတာ ပြည်ပဆန်တင်ပို့မှု ဈေးကွက်မြင့်တက်လာတာရယ်၊ ပြည်တွင်းဆန်ဈေးကွက်က ဝယ်လိုအား တက်နေတာရယ်ကြောင့် ဖြစ်ပါတယ်၊ ပြီးခဲ့တဲ့ မေလကတည်းက စတင်တက်လာတာ အခုအချိန်အထိ တက်လာနေဆဲဖြစ်ပါတယ်"ဟု မော်လမြိုင်ဆန်ကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိအချိန်မှာ မိုးရာသီကာလဖြစ်ရာ ကျပန်းအလုပ်လုပ်ကိုင်ကြသော အခြေခံ လူတန်းစားများအနေဖြင့် ဝင်ငွေမကောင်းသည့်အချိန်ဖြစ်သောကြောင့် ယခုလို ဆန်ဈေးမြင့်တက်လာခြင်းအတွက် ဝင်ငွေနှင့် ထွက်ငွေ မမျှတတော့ဘဲ အဆင်မပြေမှု များရှိကြောင်း ရေးမြို့ခံ ကျပန်းအလုပ်လုပ်ကိုင်သူ ဦးမောင်က ပြောသည်။

**နေမျိုးထွဋ် (ရေး)**


## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (BASc) (၄)နှစ်သင်တန်းသို့ တက်ရောက်ပညာသင်ကြားခွင့်ရရှိရန်အတွက် ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ (က) တိရစ္ဆာန်ဆေးပညာဘွဲ့(DVM) (၆)နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင်စုစုပေါင်းရမှတ်(၄၂၀) မှတ်နှင့်အထက်ရရှိသူအမျိုးသားဦးရေ(၅၀)ဦးနှင့် အမျိုးသမီးဦးရေ (၅၀)ဦး စုစုပေါင်း(၁၀၀)ဦးလက်ခံမည်။
(ခ) မွေးမြူရေးပညာဘွဲ့(BASc) (၄)နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ်(၃၇၀) မှတ်နှင့်အထက်ရရှိသူ အမျိုးသားဦးရေ(၇၅)ဦးနှင့် အမျိုးသမီးဦးရေ(၇၅)ဦး စုစုပေါင်း(၁၅၀)ဦးလက်ခံမည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည်-
(က) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။
(ဂ) ၂၀၁၈ခုနှစ် နိုဝင်ဘာ ၁၉ရက်တွင် အသက် ၁၈နှစ်ထက် မကြီးစေရ။
(ဃ) ကျန်းမာရေးနှင့်ပြည့်စုံသူ ဖြစ်ရမည်။

၄။ ပထမနှစ်ဝင်ခွင့် လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်နှင့်(A4 Size) စာရွက်ဖြင့် ကွန်ပျူတာစာစီ၍ သတ်မှတ်ရက်အတွင်း တိုက်ရိုက်လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-
